# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်နေ့ ၂၀၁၉ ခုနှစ်၊ ဇွန် ၄ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၂၄၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်ဝန်ကြီးချုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး



မြန်မာ-ချက် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

**ပရာ့ဂ်(ချက်) ဇွန် ၃**

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်ရန် ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ချက်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းတီးမှုတ်ပြီး ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑


**"ဖြောင့်မတ်တည်ကြည်မှု" လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနားကျင်းပ** စာ » ၅

**သန့်စင်သောလေ ရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့** စာ » ၆

**အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ပျောက်ဆုံး** စာ » ၁၄





မြန်မာ့အလင်း

# လူမှုအသိုင်းအဝိုင်း၏ ကိုယ်ကျင့်တရားစံ

မကောင်းမှုပြုရမှာကို ရှက်ခြင်း၊ မကောင်းမှုပြုရမှာကို ကြောက်ခြင်း ဟူသည့် ဟီရိဩတ္တပ္ပဆိုသော လောကကိုစောင့်ရှောက်သည့် တရားနှစ်ပါးသည် လူမှုအသိုင်းအဝိုင်း၏ အခြေခံကိုယ်ကျင့်စံနှုန်းများ ဖြစ်၏။ မှားယွင်းသော တွေးကြံခြင်း၊ မှားယွင်းသော ပြောဆိုခြင်း၊ မှားယွင်းသော ပြုမူခြင်း၊ မှားယွင်းသော သက်မွေးကျောင်းမှုဖြင့် စီးပွားရှာခြင်းတို့ကို မကောင်းမှု ဟူ၍ သတ်မှတ်၏။ လူမှုကျင့်ဝတ်များအရ လက်သင့်မခံသလို တရား ဥပဒေဖြင့်လည်း သတ်မှတ်ပြဋ္ဌာန်းထား၏။

မည်မျှချမ်းသာကြွယ်ဝသည်၊ မည်မျှစည်းစိမ်ဥစ္စာပေါများသည် ဆိုခြင်းထက် မည်မျှဖြောင့်မှန်သည်၊ မည်သို့မျှမျှတတ၊ ဖြူဖြူစင်စင် စီးပွားရှာသည် ဆိုခြင်းကို လူ့လောကတွင်ဂုဏ်ကြီးသည်၊ လေးစားကြည်ညို ထိုက်သည်ဟု တန်ဖိုးသတ်မှတ်ကြ၏။

ထို့ကြောင့် မတော်လောဘသမားများကို ရိုးရာအစဉ်အဆက် လေးစားနေရာပေးလေ့မရှိ။ မြန်မာ့ဓလေ့တွင် ကာယ၊ ဝစီ၊ မနော ဖြူစင်မြင့်မြတ်သူများကိုသာ တန်ဖိုးထားနေရာပေးသည်ဟူသည့် အစဉ်အလာကိုထားကာ ကိုယ်ကျင့်တရားပေါ် တန်ဖိုးထားမှုကို ဖော်ပြနေ၏။ ရပ်ထဲရွာထဲ၌ မည်မျှဥစ္စာစီးပွားကြွယ်ဝသူဖြစ်စေ၊ အာဏာရာထူးကြီးသူဖြစ်စေကာမူ ကိုယ်ကျင့်သိက္ခာ မြင့်မားသူမဟုတ်လျှင် တန်ဖိုးထားလေ့မရှိ၊ နေရာပေးလေ့မရှိ။ ဒါသည်ပင် မြန်မာ့လူမှုအဖွဲ့အစည်း၏ ဓလေ့စရိုက် ဖြစ်ပေ၏။

သို့သော်...

ခေတ်ကာလတစ်ခုကို ဖြတ်သန်းလာပြီးသည့်အခါ ဤမျှယဉ်ကျေးသိမ်မွေ့မြင့်မြတ်လှသော ရိုးရာဓလေ့ တန်ဖိုးထားမှုများက တရွေ့ရွေ့ ပြောင်းလဲလာနေသည်ကို တွေ့နေရ၏။ ငွေကြေးဥစ္စာကြွယ်ဝမှု၊ ရာထူးအာဏာကြီးမြင့်မှု၊ ကျော်ဇောထင်ရှားမှုတို့က ကိုယ်ကျင့်သိက္ခာထက် ပို၍ အရာရောက်သကဲ့သို့ ဖြစ်လာနေ၏။ အရေးပါနေရာရောက်သလို ဖြစ်လာသည်။

အချို့နေရာများတွင် တော်ရုံတန်ရုံ သီလမလုံရုံမျှမက တရားမျှတမှုကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်း၊ မတော်မတရားပြုလုပ်ခြင်း မျိုးစုံတို့ဖြင့် ကိုယ်ကျင့်တရားမဲ့ သိက္ခာမဲ့သူများက စင်ပေါ်တက်ကာ နေရာယူနေကြသည်ကိုပင် တွေ့မြင်လာရသည့်အခါ လူမှုအဖွဲ့အစည်း၏ စံနှုန်းများကို ဆန်းစစ်ပြုပြင်ရန် လိုအပ်လာပြီဟု ထင်မိပါ၏။

ယဉ်ကျေးသော၊ တိုးတက်ဖွံ့ဖြိုးသော ကမ္ဘာ့လူမှုဝန်းကျင်၏ ဥပမာများကို လေ့လာသင်ယူကာ ကိုယ်ကျင့်တရားတို့၏ တန်ဖိုး၊ လောကပါလတရား၏ အနှစ်သာရ၊ မတရားမှုကို မပြုမူ မလိုလားသည့်စိတ်ဓာတ် အစရှိသည်တို့ကို ပညာရေးစနစ်တွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ လူထုပညာပေးရေး အစီအစဉ်များဖြင့် လှုံ့ဆော်နှိုးဆွခြင်း၊ အားကျနမူနာယူစေခြင်း၊ လွန်ကျူးလာမှုများကို သတိပေးတားမြစ်ခြင်း၊ ဥပဒေအရလိုအပ်လာသည်နှင့် ထိထိရောက်ရောက် အရေးယူအပြစ်ပေးခြင်း စသော ဆောင်ရွက်မှုများဖြင့် တရားမျှတ မှန်ကန်သောလောကကို ဝိုင်းဝန်းတည်ဆောက်ကြရန်လိုပါမည်။မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်းဆိုသည်ကား လောကပါလတရား၏ အနှစ်သာရဖြစ်သည် မဟုတ်ပါလော။

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ၃ မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၃)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြောက်ဦးမြို့တွင် ငြိမ်းချမ်းရေးတက္ကသိုလ်တစ်ခု တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့နှင့် စင်ကာပူနိုင်ငံအခြေစိုက် Asia Philanthropy Circle (APC)အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းအဖွဲ့မှ စင်ကာပူနိုင်ငံအခြေစိုက် Asia Philanthropy Circle(APC)အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ငြိမ်းချမ်းရေးတက္ကသိုလ်တစ်ခု တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအပါအဝင် ဆက်စပ်ဝန်ကြီးဌာနအသီးသီးနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုသဟဇာတမျှတရေးနှင့် ထိုမှတစ်ဆင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီ ဖြစ်စေခြင်း၊ Community Centre များဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့မှတစ်ဆင့် အဆိုပါငြိမ်းချမ်းရေး တက္ကသိုလ်မှ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၃**


၂၀၁၉ ခုနှစ် ဇွန်လ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ် အခမဲ့ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၁၃ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။


သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းတို့တွင်ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ရင်းနှီးမြှုပ်နှံမှုအများဆုံး (၁၀) နိုင်ငံ၏ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုတန်ဖိုး (၂၀၁၉ ခုနှစ်၊ မတ်လကုန် ၃၁ ရက်နေ့အထိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး)




ဓာတ်မြစ် ။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### နှစ်စဉ်အထူးကုန်စည်ခွန်ရငွေစာရင်း ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)




ဓာတ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပုသိမ် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မေ ၃၁ ရက်က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခဲ့ရာ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့တိုင်းဒေသကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ (၀၀၇)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာအန်ဒရီးဘားဘီစ်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဝန်ကြီးချုပ် မစ္စတာအန်ဒရီးဘားဘီစ်က ၎င်းနှင့်အတူကြိုဆိုကြသည့် ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအားမိတ်ဆက်ပေးရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ၎င်းနှင့်အတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအား ပြန်လည်မိတ်ဆက်ပေးသည်။

**သီးသန့်တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးချုပ် မစ္စတာအန်ဒရီးဘားဘီစ်တို့သည် ဝန်ကြီးချုပ်ရုံး၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ညှိနှိုင်းခန်းမ၌သီးသန့်တွေ့ဆုံကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာ-ချက်နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

**နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-ချက် နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားတိုက်ရိုက် လေကြောင်းပျံသန်းပြေးဆွဲနိုင်မည့် အလားအလာများ ရှာဖွေရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့် ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု မြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်လည်း ဖိတ်ကြားခဲ့သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာအန်ဒရီးဘားဘီစ်တို့ သီးသန့်တွေ့ဆုံစဉ်။ သတင်းစဉ်

**မီဒီယာများအား ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hrzansky Palace ၌ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က Hrzansky Palace ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယနေ့ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပန်းစည်းချ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်က Prague မြို့ရှိ ချက်သမ္မတနိုင်ငံ သမ္မတဟောင်း Mr. Vaclav Havel ၏ ဂူဗိမာန်၌ ဂုဏ်ပြုပန်းစည်းချခဲ့သည်။ **သတင်းစဉ်**

**“နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲနိုင်မည့် အလားအလာများ ရှာဖွေရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု မြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး”**

## ဒေသအဆင့် ဇီဝမျိုးစုံမျိုးကွဲစင်တာတစ်ခုကို နေပြည်တော်၌ တည်ထောင်နိုင်ရေး အတည်ပြုချက်ရရှိရန် ဆက်လက်ဆောင်ရွက်မည့် အစီအမံများဆွေးနွေး

**နေပြည်တော် ဇွန် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မော်ဘီမြို့၌ ဖွင့်လှစ်ထားသည့် အာရှသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (Regional Education and Training Centre - RETC) ၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများနှင့် သင်ရိုးညွှန်းတမ်းပြုပြင်ရေးဆွဲရေး၊ သစ်တောထိန်းသိမ်းရေးနှင့် တွဲဖက်၍ သစ်သီးဝလံနှင့် ပန်းမန်သင်တန်းဖွင့်လှစ်သင်ကြားပေးရေး၊ ဒေသအဆင့် ဇီဝမျိုးစုံမျိုးကွဲ စင်တာတစ်ခုကို နေပြည်တော်၌ တည်ထောင်နိုင်ရေး အတည်ပြုချက်ရရှိရန် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ Korea Institute Of Geoscience And Mineral Resources (KIGAM) နှင့်ပူးပေါင်း၍ သတ္တုတူးဖော်မှုဆိုင်ရာ သုတေသန လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာ၊ ဒေသတွင်း မီးခိုးမြူငွေ့ လျှော့ချရေးအတွက် ကိုရီးယားနိုင်ငံမှ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတ နိုင်ငံသံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့မွန်းလွဲ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် လွှတ်တော်ရေးရာလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ ပြည်သူများအကြား ပိုမိုရင်းနှီးစေရန် ယဉ်ကျေးမှုချင်း အပြန်အလှန်ဖလှယ် မြှင့်တင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတ နိုင်ငံသံအမတ်ကြီး Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၈/၂၀၁၉) ကျင်းပ



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၈/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၁၈/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃**

UPR အကြံပြုချက်များအနက် ကျား/မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်၏ အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

**အကြံပြုချက် (၁၅) ရပ်ကို တာဝန်ယူ**

ပြည်ထောင်စုဝန်ကြီးက UPR ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်ခြင်း လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုတင်ပြ၍ သုံးသပ်မှုခံယူကြရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာကို ငါးနှစ်တစ်ကြိမ် တင်သွင်းခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ်အစီရင်ခံစာကို ၂၀၁၁ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အစီရင်ခံစာကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ တတိယအကြိမ်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် တင်သွင်းရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ဒုတိယအကြိမ်အစီရင်ခံစာအပေါ် သုံးသပ်မှုခံယူခဲ့စဉ် အဖွဲ့ဝင်နိုင်ငံပေါင်း (၉၃) နိုင်ငံမှ အကြံပြုတိုက်တွန်းချက် ၂၈၁ ချက်အနက် မိမိတို့နိုင်ငံအနေဖြင့် အကြံပြုချက် ၁၆၆ ချက် လက်ခံခဲ့ပါကြောင်း၊ ထိုအကြံပြုချက် ၁၆၆ ရပ်အပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကဏ္ဍ (၁၂) ရပ် ခွဲဝေထားရှိပြီး မိမိတို့ ဝန်ကြီးဌာန အနေဖြင့် ကျား/မ တန်းတူရည်တူရှိမှုမြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာ အကြံပြုချက် (၁၅) ရပ်နှင့် ခွဲခြားမှု မပြုရေးကိစ္စဆိုင်ရာ အကြံပြုချက် (၁၅) ရပ်ကို တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင် ဆောင်ရွက်**

မိမိတို့အနေဖြင့် ကျား/မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် UPR အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

**အကြမ်းဖက်မှုများမှ ကာကွယ်ပေးနိုင်**

ဆက်လက်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ ချမှတ်ထားသော မူဝါဒလေးရပ်အနက် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက်မှုများ ပေးရန်ဆိုသည့် အချက်ပါဝင်ပြီး အဆိုပါမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်သူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ ထိရောက်စွာ ကာကွယ်ပေးနိုင်ရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပါကြောင်း။

ဥပဒေ (မူကြမ်း) ကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြခဲ့ပြီး ကော်မတီ၏ သဘောထားမှတ်ချက်နှင့် အညီ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း ဥပဒေ (မူကြမ်း) အပေါ် ဆွေးနွေးမှုများ ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ အားလုံးမျှော်လင့်စောင့်စားနေသည့် ဥပဒေဖြစ်သည့်အတွက် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ မရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား ***စာမျက်နှာ ၅ သို့***



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၃

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC ၏ နည်းပညာအကူအညီဖြင့် ဖွင့်လှစ်သည့် “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ Youth Integrity Camp 2019 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ Youth Integrity Camp 2019 အား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူမြို့တို့ရှိ တက္ကသိုလ်၊ ကောလိပ် ၁၀ ခုမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ရန်ဆောင်ရွက်ထားပါကြောင်း။


**အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် အဖွင့်အမှာစကား ပြောကြားစဉ်။**

### လူငယ်ထုပါဝင် ဆောင်ရွက်နိုင်

ယခုဖွင့်လှစ်သည့် “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်ထုပါဝင် ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုပညာပေးလုပ်ငန်းများအပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit-CPU အား ဖွဲ့စည်းထားရှိပြီး နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေဖြင့် ဌာနဆိုင်ရာအရေးယူခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး

ထို့ပြင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာ မူလတန်း) ဆရာကိုင်စာအုပ်အချိန်မီ ဖြန့်ဝေသင်ကြားပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်အား ဖြန့်ဝေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ယန္တရားတစ်ရပ်အနေဖြင့် ပထမဆုံးထုတ်ပြန်သည့် စာအုပ်များဖြစ်သည့်အတွက် အကျိုးသက်ရောက်မှုနှင့် သမိုင်းဝင်မှုမှာ သိသာထင်ရှားသည့်စာအုပ်များ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းဆိုသည်မှာ အဂတိလိုက်စားမှု သို့မဟုတ် အကျင့်ဖောက်ပြန်မှုနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ အကြား အချိန်ကာလ အလွန်ရှည်ကြာစွာ ယှဉ်ပြိုင်နေရသည့် ပြိုင်ပွဲတစ်ခုကဲ့သို့ ဖြစ်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုသည် အမြဲတမ်း ဦးစားပေးမခံရဘဲ ပုန်းလျှိုးကွယ်လျှိုး အဆင့်မျိုး နေခဲ့ရာမှ ယခုအခါ ပြည်သူအများစု၏ ထောက်ခံအားပေးမှုကြောင့် နေရာပိုမိုရရှိလာပါကြောင်း၊ သို့သော် အကျင့်ဖောက်ပြန်မှုဘက်က နည်းလမ်းမျိုးစုံဖြင့် ခုခံကာကွယ်မှုများ လုပ်ဆောင်လာနေသည်ကို တွေ့ရသဖြင့် ပြိုင်ပွဲတွင် အပြီးသတ်အောင်ပွဲခံနိုင်ရန် အချိန်များစွာ လိုနေသေးကြောင်း။

### ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုပေါ်ထွန်း

နောက်မျိုးဆက်များကာလတွင် ဖြောင့်မတ်တည်ကြည်မှုဘက်က အသေအချာ အနိုင်ရရှိအောင် လုပ်နိုင်ရန် နိုင်ငံတော်အတွက် လိုအပ်ပါကြောင်း၊ အလွှာအသီးသီးရှိ လူငယ်များသည် လူ့အဖွဲ့အစည်းအတွင်းသို့ ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာအောင် ပြုပြင်ပြောင်းလဲပေးနိုင်သည့် အခြေခံအရည်အချင်းများရှိနေသဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေသော ဒီမိုကရေစီနိုင်ငံများတွင် လူငယ်များ၏ အဂတိတိုက်ဖျက်မှုအစီအစဉ်များနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ လူငယ်လှုပ်ရှားမှုများကို အားပေးလျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များသည် “အဂတိကင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုတစ်ရပ်” ကို ဆောင်ရွက်ပေးနိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း။

လူငယ်စခန်း၏ ရည်ရွယ်ချက်များဖြစ်သော (၁) အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်တို့၏ ပါဝင်ဆောင်ရွက်နိုင်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ (၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် လူငယ်တို့ပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ (၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေး သို့မဟုတ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်တို့လိုက်နာသင့်သော ကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါကြောင်း ပြောကြားသည်။

### လူ့အသိုင်းအဝိုင်းများတွင် တာဝန်ရှိ

ထို့နောက် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ် က Youth Integrity Camp 2019 သည် လူငယ်များ ဂုဏ်သိက္ခာမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အမေရိကန်နိုင်ငံမှ လူငယ်များအားလုံး ဖြောင့်မတ်တည်ကြည်မှုရှိရန်နှင့် အမှန်တရားအတွက် သဘောထားများကို မဖြစ်မနေ သင်ယူရကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အစိုးရကသာ တာဝန်ရှိသည်မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းများတွင်လည်း တာဝန်ရှိကြောင်း၊ ရုံဖန်ရံခါတွင် အဂတိလိုက်စားရန် ဆွဲဆောင်မှုကို ဂုဏ်သိက္ခာဖြင့် ပြန်လည်တိုက်ဖျက်ရမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်နိုင်ငံသားများက အမြင့်ဆုံးစံနှုန်းများဖြင့် ကျင့်သုံးပြီး အမြဲတမ်းကြိုးစားနေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် UNODC မှ Programme Manager, Ms. Marie- Pegie Cauchois က အဂတိလိုက်စားမှု၊ မညီမျှမှုများကို တိုက်ဖျက်ရန် အနာဂတ်လူငယ်များ၏ စွမ်းအားဖြင့် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များကိုယ်တိုင် ပူးပေါင်းဆောင်ရွက်လျှင် များစွာ တိုးတက်မည်ဖြစ်ပါကြောင်း၊ ယခုစခန်းသည် ပထမခြေလှမ်းဖြစ်ပြီး အလားတူစခန်းများ ထပ်မံဖွင့်လှစ်နိုင်ရေး မျှော်လင့်ကြောင်းပြောကြားသည်။

ထို့နောက် “ဖြောင့်မတ်တည်ကြည်မှု” လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော စခန်းဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မိမိတို့တက္ကသိုလ်အလိုက် မိတ်ဆက်ပြီး ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဒုတိယရှေ့နေချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

လိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျား/မ တန်းတူရည်တူ ရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာလုပ်ငန်း ကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းပြောကြား

ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

---

# သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာအင်စတီကျု (Panna Institute) တို့ ပူးပေါင်းပြီး ဂျာမန် ဖောင်ဒေးရှင်းဖြစ်သည့် Konrad Adenauer Stifung (KAS Myanmar) ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သည့် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက် အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

### လုပ်ငန်းခွင်တွင် အသုံးချ

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သင်တန်းကို ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူများ၊ ပြန်ကြားရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် ထမ်းဆောင်မည့်သူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များမှာ ယနေ့ခေတ်တွင် အမှန်တကယ် လေ့လာသင်ယူရန် လိုအပ်သည့်များကို စနစ်တကျ ရွေးချယ်ထားသည်များဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြောင်းလဲနေသည့် အချိန်အခါ၊ အခြေအနေ၊ နည်းပညာများနှင့် သဟဇာတဖြစ်အောင် အမီလိုက်ရန် လိုပါကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများကလည်း ယခုသင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးမေးမြန်းကြစေလိုကြောင်း၊ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို နိုင်ငံ့အကျိုးအတွက်အကောင်းဆုံး ဖြစ်ရန် လုပ်ငန်းခွင်တွင် အသုံးချရုံသာမက သင်တန်းမတက်ရောက်နိုင်သည့် လုပ်ဖော်ကိုင်ဖက်များအားလည်း ပြန်လည်မျှဝေကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Konrad Adenauer Stifung မှ Dr.Norbert Eschborn က Panna Institute နှင့် Konrad Adenauer Stifung (KAS) တို့ ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် Panna Institute မှ သင်တန်းနည်းပြ ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

### ငါးရက်တာ ကျင်းပ

သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို ဇွန် ၇ ရက်အထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

သင်တန်းတွင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံရေးအရ လွှမ်းမိုးမှုများ၊ ပြည်သူ့ရေးရာမူဝါဒ၊ ဖော်ဆောင်ပုံ၊ လည်ပတ်ပုံနှင့် စွမ်းဆောင်မှု ညွှန်းကိန်းများ၊ သုတေသနနည်းနာနိဿယ ခေါင်းစဉ်အောက်တွင် သုတေသနပုံစံများ၊ မေးခွန်းတည်ဆောက်ပုံများ၊ အချက်အလက် စုဆောင်းပုံနှင့် သုံးသပ်အဖြေရှာပုံများ၊ ပြည်သူ့ဆက်ဆံရေးနှင့် ဆက်သွယ်မှုပုံစံအမျိုးမျိုး၊ ဌာနတွင်း၊ ပြင်ဆက်ဆံရေးနည်းလမ်းများ၊ လူထုထင်မြင်ယူဆချက် အမျိုးမျိုးနှင့် သုံးသပ်ပုံ၊ မူဝါဒရေးဆွဲရာတွင် လူထုထင်မြင်ယူဆချက်ကို ထည့်သွင်းစဉ်းစားပုံများ၊ အင်တာနက်မှတစ်ဆင့် ဒေတာလွှမ်းမိုးသည့် ခေတ်တွင် သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ အစိုးရစီမံကိန်းများအတွက် သတင်းအချက် အလက်စီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး စီမံခန့်ခွဲမှု၊ အနာဂတ်အစိုးရနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စသည့်အကြောင်းအရာများကို သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သန့်စင်သောလေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့

ဒေါက်တာ ဝင်းဝင်းမာ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

**ကုလသမဂ္ဂအထွေထွေညီလာခံမှ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ နောက်ခံသမိုင်းကြောင်းကိုကြည့်လျှင် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော United Nations Stockholm Conference on Human Environment ၏ ဖွင့်ပွဲနေ့ဖြစ်သော ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (The United Nations Environment Program, UNEP) သည်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့်အတူ တစ်ပြိုင်တည်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။**




### ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ နောက်ခံသမိုင်းကြောင်း

၂၀၁၉ ခုနှစ် မေလအထိ စစ်တမ်းအရ ကမ္ဘာ့လူဦးရေမှာ ခန့်မှန်းခြေသန်းပေါင်း ခုနစ်ထောင့်ခုနစ်ရာခန့်ရှိပြီး လူသားတို့၏ ပြုမူလုပ်ဆောင်မှုများကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ပိုမိုဖြစ်ပွားလာသည့်ဖြစ်စဉ်မှာ လူသားတိုင်းအလေးထားရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ယင်းပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းရာတွင် လူသားအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိစိတ်ဓာတ်များ တိုးမြှင့်စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်သည့်အနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ၁၉၇၄ ခုနှစ်မှစ၍ နှစ်စဉ်ကမ္ဘာတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံအဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစ၍ ကျင်းပခဲ့ပါသည်။

နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဆောင်ပုဒ်တစ်ခု သတ်မှတ်ပြီး ကမ္ဘာပေါ်ရှိ နိုင်ငံတစ်ခုမှ အိမ်ရှင်အဖြစ် အခမ်းအနားလက်ခံကျင်းပလျက်ရှိပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ၂၀၁၉ ခုနှစ်အတွက် သတ်မှတ်ထားသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "Beat Air Pollution" ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုသည် လူတိုင်းအပေါ် ထိခိုက်ခံစားရစေသော ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ပြဿနာဖြစ်ပြီး ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျော့နည်းလာစေရန်အတွက် လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန် ရည်ရွယ်ပါသည်။

### လေထုညစ်ညမ်းမှုဆိုတာဘာလဲ

လေထုညစ်ညမ်းမှုဆိုသည်မှာ လေထုအတွင်းသို့ အမှုန်အမွှားများ၊ ဘေးအန္တရာယ်ရှိ ဓာတ်ငွေ့များနှင့် ဓာတ်ငွေ့နှောများ၊ ဇီဝမော်လီကျူးများ ဘေးအန္တရာယ်ဖြစ်စေနိုင်လောက်သောပမာဏအထိ ထုတ်လွှတ်ခြင်းနှင့် ပျံ့နှံ့ဝင်ရောက်ခြင်းကြောင့် လူသားများ၏ ကျန်းမာရေး၊ အစားအစာ ကောက်ပဲသီးနှံများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားများဖန်တီးထားသော ပတ်ဝန်းကျင် စသည့်တို့ အပါအဝင် ကမ္ဘာကြီးတစ်ခုလုံးအပေါ် ဆိုးကျိုးသက်ရောက်စေခြင်းကို ဆိုလိုပါသည်။

### လေထုညစ်ညမ်းမှု ဘာကြောင့်ဖြစ်ပေါ်ရသလဲ

လူသားများ၏ အပြုအမူများ၊ လုပ်ဆောင်ချက်များနှင့် သဘာဝဖြစ်စဉ်များကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။ လေထုညစ်ညမ်းမှု အကြောင်းရင်းအများစုသည် စွမ်းအင်ကို အသုံးပြုမှုနှင့် ထုတ်လုပ်မှုကြောင့် အများဆုံးဖြစ်သည်။ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လူနေအိမ်ခြေများ၊ စက်မှုလုပ်ငန်းများနှင့် အမှိုက်သရိုက်များသည် လေထုညစ်ညမ်းစေသော ဇာစ်မြစ်များဖြစ်ပါသည်။ ရုပ်ကြွင်းလောင်စာများဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများနှင့် ကျောက်မီးသွေးတို့ လောင်ကျွမ်းခြင်းကြောင့် လေထုအတွင်း ဓာတ်ငွေ့များ၊ ဓာတုပစ္စည်းအမှုန်အမွှားများ ထုတ်လွှတ်ခြင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ စိုက်ပျိုးရာသီမစတင်မီ ကွင်းအတွင်း စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း အမှိုက်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကြောင့် သစ်တောများခုတ်ထွင်ရှင်းလင်း မီးရှို့ပြီး စိုက်ပျိုးမြေသစ်များ ပြုပြင်ဖန်တီးခြင်း၊ ပေါ့ဆမီးနှင့် ခြောက်သွေ့သောရာသီတွင် တောမီးများ လောင်ကျွမ်းခြင်း၊ ရပ်ကွက်ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုအချို့မှ သစ်ရွက်နှင့် သစ်ကိုင်းခြောက်များ၊ အမှိုက်များကို မီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပါသည်။

### လေထုညစ်ညမ်းမှု အမျိုးအစားများက ဘာလဲ

ဝန်းကျင် သို့မဟုတ် ပြင်ပလေထုညစ်ညမ်းမှု (Ambient or Outdoor air pollution) နှင့် အိမ်တွင်းလေထုညစ်ညမ်းမှု (Household or Indoor air pollution) ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးရှိပါသည်။ ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ၃ ဒသမ ၇ သန်းကျော် သေဆုံးလျက်ရှိပြီး အစားအစာချက်ပြုတ်သော မီးဖိုများနှင့် အသုံးပြုသောလောင်စာများ၏ အရည်အသွေးညံ့ဖျင်းမှုကြောင့် ထွက်လာသော မီးခိုးငွေ့ကို ရှူရှိုက်မိ၍ အတွင်းလေထုညစ်ညမ်းမှု ခံစားရပြီး သေဆုံးသူ နှစ်စဉ် ၄ ဒသမ ၃ သန်းကျော်ရှိကြောင်း စစ်တမ်းများအရ သိရှိရပါသည်။

ဓာတ်ဆီ၊ ဒီဇယ်၊ မီးထိုးဆီ စသည့်လောင်စာဆီသုံး စက်တပ်ယာဉ်များ၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့်စက်ရုံများ၊ ကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ ရေနံချက်လုပ်ခြင်းနှင့် သတ္တုရိုင်းသန့်စင်စက်ရုံများ၊ မြူနီစပယ်နှင့် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းမီးရှို့ခြင်းနှင့် လောင်ကျွမ်းခြင်းတို့မှ ပြင်ပလေထုညစ်ညမ်းမှုများ ဖြစ်စေသည်။ လူ့အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးဓာတုပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ (ဥပမာ Asbestos)၊ အင်းဆက်ပိုးသတ်ဆေးများ၊ လူနေအိမ်ခြေများမှ ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် လောင်စာဆီ အသုံးပြုမီးထွန်းညှိခြင်းနှင့် ဆေးလိပ်မီးခိုးငွေ့များသည် အတွင်းလေထုညစ်ညမ်းမှု ဖြစ်စေသည်။

ဝန်းကျင်လေထုညစ်ညမ်းမှုကို လေအရည်အသွေးအညွှန်းကိန်းဖြင့် တိုင်းတာပြီး ဥပမာအားဖြင့် အာဆီယံဒေသတွင်း ဝန်းကျင်လေထုအရည်အသွေးကို ဖော်ပြရာတွင် ထိုင်းနိုင်ငံတွင် Air Quality Index (AQI)၊ မလေးရှားနိုင်ငံတွင် Air Pollution Index (API)၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့တွင် Pollution Standards Index (PSI) တို့ဖြင့် ဖော်ပြပါသည်။ ဝန်းကျင်လေထုအရည်အသွေးကို Ground Level Ozone ($O_3$)၊ အမှုန်အမွှားများ (Particulate Matters - $PM_{2.5}$, $PM_{10}$)၊ ကာဗွန်မိုနောက်ဆိုက်(Carbon monoxide - CO)၊ ဆာလဖာဒိုင်အောက်ဆိုက် (Sulphur Dioxide -$SO_2$) နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (Nitrogen Dioxide- $NO_2$) ပါဝင်မှုတို့ကို အခြေခံ၍ တိုင်းတာပါသည်။ နိုင်ငံသားများကို ဘေးအန္တရာယ်ရှိသော အဆိပ်အတောက်များမှ ကာကွယ်ရန် လေအရည်အသွေးစောင့်ကြည့်တိုင်းတာခြင်း၊ လေထုညစ်ညမ်းသောနေရာများကို ဆန်းစစ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ဆောင်ရွက်ရန်လိုအပ်ပါသည်။

“လူသားများ၏ ပြုမူလုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုနှင့် သဘာဝဘေးအန္တရာယ်တို့ကို သိရှိနားလည်ပြီး လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်”

### လေထုညစ်ညမ်းပစ္စည်းများ

လေထုညစ်ညမ်းပစ္စည်းများသည် အမှုန်အမွှားများ၊ အရည်စက်များ သို့မဟုတ် အငွေ့များအဖြစ် ပါဝင်နိုင်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ ကာဗွန်မိုနောက်ဆိုက် (CO)၊ ဆာလဖာအောက်ဆိုက် ($SO_x$)၊ နိုက်ထရိုဂျင်အောက်ဆိုက် ($NO_x$)၊ အငွေ့ပျံလွယ်သော အော်ဂဲနစ်ဓာတ်ပေါင်းများ (Volatile Organic Compounds-VOCs)၊ အမှုန်အမွှားများ (PM)၊ ကြာရှည်စွာတည်မြဲနေနိုင်သော ဖရီးရယ်ဒီကယ်များ (Persistent Free Radicals)၊ အဆိပ်အတောက်ဖြစ်စေသော သတ္တုများ (Toxic Metals) ဖြစ်သည့် ပြဒါးနှင့် ခဲ၊ အမိုးနီးယား ($NH_3$)၊ အနံ့ (Odor)၊ ရေဒွန်ရေဒီယိုသတ္တိကြွခြင်း (Radioactive Decay of Radon)၊ ကမ္ဘာ့လေထုအတွင်း အနိမ့်ဆုံးထရိုပိုစဖီးယားအလွှာရှိ အိုဇုန်းဓာတ်ငွေ့ (Ground Level Ozone)၊ ဒိုင်အောက်စင် (Dioxins) နှင့် မီသိန်းဓာတ်ငွေ့ (Methane) တို့ ပါဝင်ပါသည်။

မူလအဆင့် လေထုညစ်ညမ်းပစ္စည်းများ (Primary Pollutants) နှင့် တစ်ဆင့်ခံလေထုညစ်ညမ်းပစ္စည်းများ (Secondary Pollutants) ဟူ၍ နှစ်မျိုးရှိပါသည်။ မီးတောင်ပေါက်ကွဲခြင်းမှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၊ မော်တော်ကားယာဉ်ယန္တရားများမှ ထွက်ရှိသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ၊ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုဖြစ်စဉ်များမှထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများ၊ ဟိုက်ထရိုကာဗွန်များနှင့် အနံ့ဆိုးများ၊ အဏုမြူဖောက်ခွဲစမ်းသပ်ခြင်းနှင့် ရေဒီယိုသတ္တိကြွပြိုကွဲပျက်စီးခြင်းကြောင့် ထွက်လာသော ရေဒီယိုသတ္တိကြွညစ်ညမ်းပစ္စည်းများ၊ အမှိုက်သရိုက်များ၊ မိလ္လာအညစ်အကြေးများသည် မူလအဆင့် လေထုညစ်ညမ်းပစ္စည်းများဖြစ်ပြီး အဆိုပါဓာတ်ငွေ့များ အချင်းချင်းဓာတ်ပြုခြင်း၊ အခြားဓာတ်ငွေ့များနှင့် ဓာတ်ပြုခြင်းကြောင့် တစ်ဆင့်ခံလေထုညစ်ညမ်းမှု ဖြစ်ပေါ်လာစေသည်။ ဥပမာ - Ground Level Ozone၊ ဆာလဖျူရစ်အက်စစ်နှင့် နိုက်ထရစ်အက်စစ်တို့သည် တစ်ဆင့်ခံလေထုညစ်ညမ်းပစ္စည်းများဖြစ်သည်။ အချို့သော လေထုညစ်ညမ်းပစ္စည်းများ (ဥပမာ - Petrochemical Smog) သည် မူလအဆင့်နှင့် တစ်ဆင့်ခံလေထုညစ်ညမ်းပစ္စည်း နှစ်မျိုးလုံးတွင် ပါဝင်သည်။

ဟင်းသီးဟင်းရွက် ကောက်ပဲသီးနှံစွန့်ပစ်ပစ္စည်းများမှ စူးရှသောအနံ့ရှိ အမိုးနီးယားဓာတ်ငွေ့ထွက်ရှိပြီး လေအေးပေးစက်များ၊ ရေခဲသေတ္တာများ၊ အနံ့ဖျန်းဆေးဘူးများမှ ထွက်လာသော ကလိုရိုဖလိုရိုကာဗွန် (Chlorofluorocarbons - CFCs) ဓာတ်ငွေ့သည် အိုဇုန်းလွှာကို ပျက်စီးစေသည်။ Ground Level Ozone ဓာတ်ငွေ့သည် နိုက်ထရိုဂျင်အောက်ဆိုက်နှင့် အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများ နေရောင်ခြည်အောက်တွင် ဓာတ်ပြုခြင်းမှ ထွက်ပေါ်လာသော ဓာတ်ငွေ့ဖြစ်ပြီး မီးခိုးမြူ (Smog) တွင် ပါဝင်သည်။ ၂၀၃၀ ပြည့်နှစ်အထိ ခန့်မှန်းချက်များအရ Ground Level Ozone ညစ်ညမ်းမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာအဖြစ် အမှီပြုသော ကောက်ပဲသီးနှံများ၏ အထွက်နှုန်း ၂၆ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်မည်ဟု သိရှိရပါသည်။ ဘေးအန္တရာယ်ရှိသော လေထုညစ်ညမ်းပစ္စည်းများတွင် မာကျူရီနှင့် ခဲသတ္တုများအပြင် ရေနံထွက်ပစ္စည်းများ (သို့မဟုတ်) ကျောက်မီးသွေးတို့ မီးလောင်သောအခါ ထုတ်လွှတ်သော ဘင်ဇင်း (Benzene) ပါဝင်သည်။ ဒိုင်အောက်စင် (Dioxins) သည် သံရည်ကျိုခြင်း (Smelting)၊ ကလိုရင်းအရောင်ချွတ်ခြင်းနှင့် စက္ကူပျော့ဖတ်ပြုလုပ်ခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးထုတ်လုပ်ခြင်း စသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ၏ မလိုလားအပ်သော ဘေးထွက်ပစ္စည်းများအဖြစ် ထွက်ရှိခြင်း၊ အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် ဆေးရုံဆေးခန်းသုံးစွန့်ပစ်ပစ္စည်းများကို မီးရှို့ရာတွင် အပြည့်အဝမီးမလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် တောမီးလောင်ခြင်းကဲ့သို့ သဘာဝဖြစ်စဉ်များမှလည်း ထွက်ရှိသည်။

### လေထုညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုများ

လေအရည်အသွေးကျဆင်းပါက အဆိုပါဒေသများတွင် နေထိုင်သူများအနေဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ နာတာရှည်နှင့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားရစေပါသည်။ လေထုညစ်ညမ်းမှုကြောင့် ရောဂါဘယဖြစ်ပွားခြင်း အန္တရာယ်များမှသည် ရာသီဥတုပြောင်းလဲခြင်းကို ပိုမိုဆိုးရွားစေသည့် မှန်လုံအိမ်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းတို့ကို လေထုအတွင်း ထုတ်လွှတ်ခြင်းဖြင့် မြေပေါ်အိုဇုန်းပမာဏ မြင့်မားလာခြင်းအပြင် ကမ္ဘာ့အပူချိန်ကို မြင့်တက်စေသည်။ ရာသီဥတုပိုမိုပူနွေးလာပြီး ခရမ်းလွန်ရောင်ခြည် ပိုမိုပြင်းထန်လာသောအခါ ပတ်ဝန်းကျင်တွင် မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာသည်။ မီးခိုးမြူငွေ့သည် မျက်လုံးနှင့် လည်ချောင်းတို့ကို ဒုက္ခပေးပြီး အဆုတ်ကိုလည်း ပျက်စီးစေသည်။ အထူးသဖြင့် နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှား အလုပ်လုပ်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများတွင် ဘေးအန္တရာယ် ပို၍ခံစားရစေနိုင်သည်။ နာတာရှည် ပန်းနာရင်ကျပ် ရောဂါရှိသူများနှင့် ဓာတ်မတည့်သူများတွင် ရောဂါပိုမိုဆိုးရွားသော လက္ခဏာများ တွေ့ရတတ်သည်။

စာမျက်နှာ ၁၀ သို့

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် အဆိုတစ်ရပ်အတည်ပြု



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ဖြေကြားစဉ်။



မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြေကြားစဉ်။



ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း မေးမြန်းစဉ်။

**နေပြည်တော် ဇွန် ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံ ပအိုဝ်းတိုင်းရင်းသားများ ၂၄ နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မောက်မယ်မြို့တွင် ၃၃/၁၁ ကေဗွီ ခွဲရုံမှ ဟိုနမ့်ကျေးရွာသို့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ဟိုနမ့်ကျေးရွာတွင် ၃၃ ကေဗွီဓာတ်အားခွဲ ရုံ(၁) တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထားဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

အဆိုပါ ကိစ္စအား စီစဉ်ဆောင်ရွက်ပြီးပါက ထပ်မံလိုအပ်လာမည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးသော အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများတွင် မီတာဘောက်ရရှိရေး များစွာနှောင့်နှေးခက်ခဲနေ

ဆက်လက်၍ ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများတွင် မီတာဘောက်ရရှိရေး များစွာနှောင့်နှေးခက်ခဲနေခြင်းကို မည်သို့ဆောင်ရွက်ပေးမည်၊ ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်း မရောက်ရှိသေးသော ကျေးရွာ ၃၅ ရွာအား ဓာတ်အားလိုင်းသွယ်တန်းပေးရန်နှင့် ဓာတ်အားနိုင်နင်းမှုရှိစေရေးအတွက် လိုအပ်သော ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့နယ်သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝိုင်ယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး၊ မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝိုင်ယာကြိုးများ ရှင်းလင်းရေးအတွက် ကရိန်းကား သို့မဟုတ် လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများ လုံလောက်စွာ ချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲထရန်စဖော်မာများအတွက် ကိုက်ညီသော မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးရန် သို့မဟုတ် မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ခွဲအင်အားချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ **မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးများချထားပြီး စောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ **မြန်မာနိုင်ငံ အကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော Parole System ကျင့်သုံးရန် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတ္တတ်၏ **ရွေးချယ်ခံအုပ်ချုပ်ရေးမှူး တစ်ဦးအား လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့် ပတ်သက်၍ ဌာနတွင်းဖြေရှင်းဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာတရားရုံးမှ အမှုကို စီရင်ဆုံးဖြတ်ခြင်း မပြုရသေးမီရပ်၊ ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က တိုင်ကြားမှုများရှိလာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၅ အရ စုံစမ်းစစ်ဆေးမှုပြုပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် တရားရုံး၏စီရင်ဆုံးဖြတ်ချက်များအရ နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် ဆက်လက် တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

## အပြစ်ရှိ၍ ပြစ်ဒဏ်တစ်စုံတစ်ရာကျခံရပါက တာဝန်မှ ရပ်နားပြီး ဥပဒေနှင့်အညီ အသစ်ပြန်လည်ရွေးချယ် တာဝန်ပေး

တာဝန်မှ ယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း ပုဒ်မ ၁၆(ဂ) အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ထားပြီး တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အပေါ် မူတည်၍ ၎င်းအုပ်ချုပ်ရေးမှူးသည် အပြစ်မရှိကြောင်း အမှုမှ အပြီးအပြတ်လွတ်ကြောင်း စီရင်ဆုံးဖြတ်ပါက ဆက်လက်တာဝန်ပေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အပြစ်ရှိ၍ ပြစ်ဒဏ်တစ်စုံတစ်ရာကျခံရပါက တာဝန်မှ ရပ်နားပြီး ဥပဒေနှင့်အညီ အသစ်ပြန်လည်ရွေးချယ် တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တာမွေ မဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ **ပြည်သူ့ဝန်ထမ်းများ၏ တစ်နှစ်တာ ဆောင်ရွက်တာဝန်ကျေပွန်မှုများကို စံအကဲဖြတ် အမှတ်ပေးစနစ်အရ ရွေးချယ်သော စံပြလုပ်သားကောင်းဆုကဲ့သို့ ဝန်ထမ်းကောင်းဆု ဘွဲ့တံဆိပ်များကို နှစ်စဉ်ထိုက်တန်စွာ ချီးမြှင့်ပေးရန်နှင့် တစ်ကြိမ်မက ဝန်ထမ်းကောင်းဆု ရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်၊ မော်တော်ယာဉ်ချီးမြှင့်ပေးရန် သို့မဟုတ် တစ်သက်တာ ဝန်ထမ်းကောင်းဆု ချီးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ပြည်ထဲရေးအမည်ပေါက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကြီးအုပ်စုတို့အတွင်းရှိ လယ်ယာမြေများကို နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ခတ္တူချောင်းကြီး၌ ရေသိုလှောင်ဖြန့်ဖြူးနိုင်မည့် မြောင်းပေါင်တမံနှင့် ရေတံခါးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေတံခါးတည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိ လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုလုပ်ငန်းများအတွက် လိုအပ်ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရေဝတီတိုင်းဒေသကြီးအစိုးရ(ဖြည့်စွက်)ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး စူးစမ်းလေ့လာမှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စူးစမ်းလေ့လာမှုလုပ်ငန်းများ၏ရလဒ်များ ဆောင်ရွက်မှု ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် မူတည်ပြီး လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့၍ရသောနည်းလမ်း တစ်ခုခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ

သိန်းနီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် နှစ်ကာလကြာရှည်စွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိသော နေရာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့၍ရသောနည်းလမ်း တစ်ခုခုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ တမူး မဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပင်လည်ဘူး မဲဆန္ဒနယ်မှ ဦးမင်းနောင်၊ စလင်း မဲဆန္ဒနယ်မှ ဦးကံဦးနှင့် လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆွေးနွေးကြပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ယင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဝင် ဦးမျိုးနိုင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

## စိုက်ကွင်း၊ စိုက်ကွက်များအရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာ

ယင်းနောက် ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် တင်သွင်းသည့် **လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေးပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များ ပေးနိုင်မည့် စံပြစိုက်ကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်း၊ စိုက်ကွက်များ အရောက်ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးကြသည်။

မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆိုရှင်သည် ပိုလန်စကားပုံတစ်ခု ဖြစ်သော လယ်သမားဆင်းရဲပါက တိုင်းပြည်ဆင်းရဲနေသည်နှင့် အတူတူဟု ပြောဆိုသွားပါကြောင်း၊ လက်ရှိအခြေအနေတွင် ကျေးရွာလူထု ဆင်းရဲလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ တရားမဝင်ရွှေ့ပြောင်းမှု များပြားလာခြင်း၊ ပြည်ပမှ စိုက်ပျိုးထွက်ကုန်များ ပြန်လည်တင်သွင်းနေရခြင်း၊ နိုင်ငံခြားသို့ တင်သွင်းသော လယ်ယာထွက်ကုန်ပစ္စည်းအမယ်များ တဖြည်းဖြည်းနည်းပါးလာခြင်း စသည်တို့သည် အကောင်အထည်ဖော်ပြောင်းလဲရမည့်အချက်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုသည် လယ်ယာကဏ္ဍအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်သော အချိန်အခါဖြစ်သဖြင့် အားထည့်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုအား အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်နှင့် ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆွေးနွေးကြသည်။

## ပို့ကုန်အဆင့်အရည်အသွေးမြှင့်တင်ရန်၊ ကောင်းမွန်သည့် ပြည်ပဈေးကွက် ရရှိရန် သီးနှံထုတ်လုပ်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လယ်ယာထွက်ကုန် ပြည်ပပို့ကုန် ကုမ္ပဏီ၊ တောင်သူကိုယ်စားလှယ်အဖွဲ့၊ တောင်သူများ စုပေါင်း၍ GAP စနစ်ဖြင့် ထုတ်လုပ်မှုအရည်အသွေး ကောင်းမွန်ရန်၊ ဓာတုဓာတ်ကြွင်း အာနိသင် နည်းရန်၊ ပို့ကုန်အဆင့်အရည်အသွေးမြှင့်တင်ရန်၊ ကောင်းမွန်သည့် ပြည်ပဈေးကွက် ရရှိရန် သီးနှံထုတ်လုပ်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများနှင့် တွေ့ဆုံပွဲများနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ လိုအပ်ချက်များကို ပူးပေါင်းကူညီ ဖြေရှင်းပေးလျက်ရှိပါကြောင်း။

မိမိတို့ ပြည်တွင်းအရင်းအမြစ်စွမ်းအားများဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတကာ အကူအညီ အထောက်ပံ့နှင့် ချေးငွေစီမံကိန်းများကိုလည်း JICA၊ ADB၊ KOICA၊ IFDC စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးအကူအညီများ ရယူပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲဖြစ်ပါကြောင်း၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအား၊ စိုက်ပျိုးရေးပညာရှင်များ တိုးတက်လေ့ကျင့် မွေးထုတ်လာသည့်အပိုင်းများအနေဖြင့်လည်း ကြိုးစားဖြည့်ဆည်းလုပ်ကိုင်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲအရင်းအမြစ်များကို အသုံးချ၍ ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးထုတ်လုပ်သူအသင်းများ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ဟန်ချက်ညီညီဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအဆိုသည် မိမိတို့မျှော်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော်နေမှုအပေါ် များစွာအထောက်အကူပြုစေမည့် အဆိုတစ်ရပ်ဖြစ်သည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန် ၅ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြေကြားစဉ်။


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးကျော်ထွေး မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြေကြားစဉ်။


ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးမြင့်နိုင် မေးမြန်းစဉ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မည်မျှရှိသည်နှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားမှုများ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဆိုပါ အကျိုးဆောင် လိုင်စင်ရကုမ္ပဏီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပါကြောင်း၊ လိုင်စင်ရအေဂျင်စီသည် ပြည်တွင်းအလုပ်အကိုင်ရှာဖွေခြင်းအတွက် အလုပ်ရှင်ထံမှ အလုပ်သမားရရှိရမည့် လစာတစ်လစာထက်မပိုသော ဝန်ဆောင်ခ ကောက်ခံနိုင်သည်ဟု သတ်မှတ်ထားပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင် အေဂျင်စီများမှ သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူခြင်းနှင့် သက်ဆိုင်သော တိုင်ကြားလာမှုများ မရှိသလောက်နည်းပါးပါကြောင်း၊ ရှိပါကလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအနက်မှ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမှုမရှိသည့် အေဂျင်စီများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ကုမ္ပဏီလိုင်စင်ယာယီပိတ်သိမ်းခြင်း၊ တချို့ကိုလည်း ပြစ်မှုအပေါ်မူတည်၍ ကုမ္ပဏီလိုင်စင် ရာသက်ပန်ပိတ်သိမ်းခြင်းနှင့် တရားစွဲအရေးယူခြင်းများ ဆောင်ရွက်ပါကြောင်း၊ လက်ရှိအနေဖြင့် ကုမ္ပဏီလိုင်စင်ယာယီပိတ်သိမ်းထားသည့် အေဂျင်စီ ၂၂ ခု၊ ကုမ္ပဏီလိုင်စင် ရာသက်ပန်ပိတ်သိမ်းထားသည့် အေဂျင်စီ ၁၂ ခု၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လုပ်ငန်း ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသဖြင့် ဆန္ဒအလျောက် ရုပ်သိမ်းခဲ့သည့် အေဂျင်စီ ၄၀ နှင့် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာများကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် အရေးယူထားသည့် အေဂျင်စီ ခြောက်ခု ရှိပါကြောင်း။

## အလုပ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေရေး ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိ

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှု မရှိစေရန်လည်း ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းများ ရှာကြံ၍ ကြိုတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်အနာဂတ်ကာလတွင်လည်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို သိရှိနိုင်ရန်အတွက် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပုံမှန်တစ်လှည့်စီဆောင်ရွက်ပြီး မိမိတို့အလုပ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေရေး ဥပဒေနှင့်အညီ ကာကွယ်ပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၁၀)ရရှိရန် ရည်မှန်းချက်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ပြောင်းရွှေ့ပြီး အိမ်ထောင်စုစာရင်း ပြုလုပ်လိုသူများ(ပုံစံ-၁၀) မပါရှိပါက ပြောင်းရွှေ့လာသည့် မြို့နယ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ ဌာနချင်းချိတ်ဆက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့် လုပ်ငန်းကို ၂၀၁၆ ခုနှစ်မှစ၍ ဖြေလျှော့ပေးသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပါကြောင်း၊ နှစ်စဉ် ကျောင်းဖွင့်ရာသီများတွင် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ဆောင်ရွက်ပါကြောင်း၊ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများနှင့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သစ္စာစီမံချက်ဖြင့် သွားရောက်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## အချင်းချင်းချိတ်ဆက်၍ သတ်မှတ်ချက်နှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်းများ ထုတ်ပေးလျက်ရှိ

ထို့ပြင် မူလဒေသမှ ပြောင်းရွှေ့ပုံစံ(၁၀)ထုတ်ယူခြင်း မရှိဘဲ ရောက်ရှိလာသည့် ပြည်သူများကိုလည်း ဖြေလျှော့မှုအနေဖြင့် လိပ်စာပြောင်းရွှေ့ပုံစံ(၁၀) မပါရှိစေကာမူ ကာယကံရှင်အား မူလနေထိုင်ရာအရပ်သို့ ပြန်လည်စေလွှတ်ခြင်း မပြုပါကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး အချင်းချင်းချိတ်ဆက်၍ သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်သည်ဆိုပါက လက်ရှိဒေသတွင်ပင် အိမ်ထောင်စု လူဦးရေစာရင်းများကို ထုတ်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီတွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကော်မရှင်ရုံးများနှင့် ညှိနှိုင်း၍ ပုံစံ(၁၀) ထုတ်ပေးနိုင်ရန်နှင့် အမျိုးသားမှတ်ပုံတင် ထုတ်ပေးနိုင်ရန်အတွက်လည်း အထူးစီမံချက်တစ်ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပုံစံ(၁၀)ကို သက်ဆိုင်ရာ မြို့နယ်များသို့ သွားရောက်ယူရန် မလိုဘဲ မြို့နယ်ရုံး အချင်းချင်းချိတ်ဆက်၍ ဆောင်ရွက်ပေးရန်နှင့် ၁၈ နှစ်ပြည့်သူများကိုလည်း ဖြေလျှော့၍ အထူးစီမံချက်တစ်ရပ်အနေဖြင့် ပုံစံ (၁၀)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျောက်တော်မြို့နယ်အတွင်းရှိ လင်ကွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တို့တွင် တိုးချဲ့အဆောင်တစ်ဆောင်စီအား ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံအတွင်း ခိုးဝင်ခိုးသွင်းပြုလုပ်နေသော ဘင်္ဂါလီလူမျိုးများကို တည်ဆဲဥပဒေအရ အရေးယူပြီးနောက် နေရပ်ပြန်ပို့ခြင်း အစီအစဉ်အား သိရှိလိုခြင်း** မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံအားလုံးတွင် အလုပ်သမားသမဂ္ဂများ တရားဝင်ဖွဲ့စည်းစေပြီး ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားဌာန ကိုယ်စားလှယ်တို့ပါဝင်သော စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **မြန်မာနိုင်ငံတွင် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာရရှိရေးနှင့် ပတ်သက်၍ လွန်စွာအားနည်းနေသေးသည်ဖြစ်ပါ၍ အစာအာဟာရ သိပ္ပံနည်းပညာ Food Technology နှင့်ပတ်သက်သော ကျောင်းများ၊ ဒီပလိုမာ၊ ကောလိပ်၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဝင်းမောင်** က အခန်း(၁) အပိုဒ်(၃) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ(ည)တွင် "လုပ်ငန်းလိုင်စင်ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအတွက် ထုတ်ပေးသော လိုင်စင်ကိုဆိုသည်"ကို မိမိအနေဖြင့် ပြင်ဆင်လိုသည်မှာ "လုပ်ငန်းလိုင်စင်ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကိုခေါ်သည်"ဟု ပြင်ဆင်လိုပါကြောင်း၊ အခန်း(၁) အပိုဒ်(၃) အပိုဒ်ခွဲ(ဠ) တွင် "အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ ဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးအဖွဲ့"ဟု ဆိုပါကြောင်း၊ မိမိအနေဖြင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိလိုပါကြောင်း ဆွေးနွေးသည်။

ယင်းပြင်ဆင်ချက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေး ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ဖင်လန်နိုင်ငံ Trimble Solutions Oy မှ Regional Director နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၃**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် ဖင်လန်နိုင်ငံ Trimble Solutions Oy မှ Regional Director Mr. Pekka-Hamalainen နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် မွန်ပြည်နယ်တွင် Public - Sector Investment Facility (PIF) စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ခေတ်မီနည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုများအား ဖင်လန်နိုင်ငံမှ အကူအညီဖြင့် ဆောင်ရွက်မည့်ကိစ္စရပ်နှင့် လျှပ်စစ်ဓာတ်အားဆုံးရှုံးမှု လျှော့ချရေးလုပ်ငန်းအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တပ်ကုန်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ စဉ့်ကိုင်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၂ ဒသမ ၁၀ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ပျော်ဘွယ်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ခရမ်းမြို့နှင့် ဟသ်ာတမြို့တို့တွင် ၁ ဒသမ ၄၉ လက်မစီတို့ ဖြစ်ကြသည်။ **မြန်မာ့အလင်း**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ (၁၀)မိုင်ကျေးရွာနေ သာဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၅-၂၀၁၉ ရက်နေ့တွင် မော်လူးမြို့နယ်၊ ဟဲနုရွာအနီး ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းမပေါ်၌ မိုးညှင်းမြို့နယ်၊ (၁၀)မိုင်ကျေးရွာနေ သာဆွေ(၄၅)နှစ်၊ (ဘ) ဦးကြီးဖေ မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး)မယ(ပ)၂၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ တောကာကျေးရွာနေ ကျော်စွာသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၅-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ တောကာကျေးရွာနေ ကျော်စွာ(၃၂)နှစ်၊ (ဘ)ဦးအုန်းကျော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကံမော်) မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ မောင်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၅-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ မောင်မောင်(၄၉)နှစ်၊ (ဘ)ဦးထွန်းရှိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ (ပ)၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာနေ ကိုဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၅-၂၀၁၉ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်းမပေါ်၌ ပြည်တော်သာရပ်ကွက်၊ ရေစင်လမ်းနေ မျိုးဟန်ငြိမ်း(၂၁)နှစ်၊ (ဘ)ဦးမျိုးနိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ ဇရပ်ကွင်းကျေးရွာနေ ကိုဝေ(ခ)ဖြိုးဝေလင်း(၃၁)နှစ်၊ (ဘ)ဦးသန်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(လှည်းကူး) မယ(ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ ကိုဝေ(ခ)ဖြိုးဝေလင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှည်းကူး)မယ (ပ)၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ ရတနာလမ်းနေ အောင်သူရဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး (အနောက်) ရပ်ကွက်၊ ရတနာလမ်းနေ အောင်သူရဖြိုး(၂၄) နှစ်၊ (ဘ)ဦးဝင်းနိုင်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်) မယ(ပ)၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၃၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၈၄၀)ဦး၊ မ(၁၆၂)ဦး၊ ပေါင်း(၁၀၀၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၄၂.၁၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား (၂၃၉၂၆၄)ပြား၊ ဆေးခြောက် (၈၂၈၄.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သီရိကျေးရွာအနီး နေပြည်တော်-တပ်ကုန်းသွားကားလမ်း မိုင်တိုင်(၆/၅)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုန်(၁)၌ တရားခံအမျိုးသား(၄)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၆၂)ပြား၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကောင်နန်ကျေးရွာအနီး ဆိပ်မူ-ဝှေခါသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မော်ပုံကျေးရွာ၊ မော်ပုံ-ကံဆီးကျေးရွာသွား ကားလမ်းဘေး၌ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၃၇၀၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာမညကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာတိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀)ပြား၊ မွန်ပြည်နယ်၊ လမိုင်းမြို့၊ မြို့မ(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၅)ပြား၊ ICE (၁.၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ကညင်တန်းရပ်ကွက်၊ မီးသတ်လမ်းဆုံ၌ သတင်းအရ CRV ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အမှတ်(၂)ရပ်ကွက်၌ ယာဉ်မောင်း တိမ်းရှောင်သွားပြီး ရပ်တန့်ထားသည့် မော်တော်ယာဉ်အတွင်းမှ စိတ်ကြွဆေးပြား (၉၇၅၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီးနှင့် စိစစ်ဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ တရားခံအမျိုးသား(၂)ဦး၊ ကျီးကန်းပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Mitsubishi Lancer ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၄)ဦးထံမှ စိတ်ကြွဆေးပြား (၈၁၇၀)ပြား၊မော်တော်ယာဉ်(၁)စီး၊ အရှိတ်ဂျာကျေးရွာအနောက်လယ်ကွင်းအနီး ချုံပုတ်အတွင်း၌ ပလတ်စတစ်အိတ်ဖြင့် ထည့်သွင်းဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၇၈၀၀၀)ပြား၊ ဂုံနားကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀၀)ပြား၊ လှုဘော်ဇား တံတားရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျွဲတားပြင်ကျေးရွာပျက် အနီး၊ မောင်တော-လှုဖိုးခေါင်သွား ကားလမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရေသပြေကျေးရွာအနီး၊ ဇလဲ-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား (၁၃၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလောမြို့နယ်၊ ရေယားကျေးရွာ၊ ကလော-သာစည်သွား ကားလမ်း မိုင်တိုင် (၆၅/၃)၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၉၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကျောက်မဲမြို့နယ်၊ ပြိန်းခါးကျေးရွာ လမ်းပေါ်၌ သတင်းအရ Wagon ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည်တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ၎င်းနေရာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၀၀၀၀)ပြား၊ ဘိန်း(၁၀၀၀) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ မဘိမ်းမြို့နယ်၊ ကွန်းတောကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၂၀၀)ပြား၊ ဘိန်းဖြူ(၂)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကွမ်းလုံမြို့နယ်၊ နမ့်ဟူးကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဘိန်းဖြူ(၄၅)ဂရမ်၊ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၇၅၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နဘားစစ်ဆေးရေးဂိတ်၌ သတင်းအရ Canter ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၆၇၁၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကောလင်းမြို့နယ်၊ ဆင်ကုန်းကျေးရွာအနီး ဆင်ကုန်း-ကည္ဒတ်အင်း ကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၀၆)ပြား၊ ဘိန်းဖြူ(၁၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ Buprenorphine Tablet (၇၂)ပြား၊ ခမ်းပါတ်မြို့နယ်၊ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတော်ရေရှင်ကျေးရွာကြား တမူး-ကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၄၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပပြင်ရွာမကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ ဘိန်းစာမှုန့်(၁၀၀)ဂရမ်၊ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၆၀)ပြားနှင့် ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကန်ခေါင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘုန်းကန်ကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကန်ကောက်အရှေ့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၄၀)ပြား၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၁)ပြား၊ ဆေးခြောက် (၈၁.၆) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးရဲကင်းရှေ့၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၈၀၀)ပြား၊ ဆိုင်ကယ် (၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၃၄)ပြား၊ လှိုင်သာယာ မြို့နယ်၊ ကမ်းပြိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၂၉၀)ပြား၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀)ပြား၊ Diazepam Tablet (၂၈၀)ပြား၊ Tramadol Capsule (၈၀)တောင့်၊ ဆိုင်ကယ်(၁)စီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့် (၅.၅)ဂရမ်အား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာကူးတို့ဆိပ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ဂျာယန်ကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၇၄၀၀၀)ပြား၊ ဘိန်း(၅၄၅၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၂၀၀) ဂရမ်၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ Acetic Acid (၁၀)လီတာ၊ တူမီးသေနတ်(၁)လက်၊ .၃၀ ကာဘိုင်သေနတ်(၁)လက်၊ ကာဘိုင်ကျည်အိမ်(၁)ခု၊ ကာဘိုင်ကျည်(၉)တောင့်၊ ယမ်းပျော့(၇၅၀)တောင့်၊ ၇.၆၂ ကျည်(၁၀၀)တောင့်၊ အမ်-၂၂ ကျည်အိမ်(၅)ခု၊ လက်ပစ်ဗုံး(၅)လုံး၊ ကျိုင်းတုံမြို့နယ်၊ ပန်လော့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၄)ပြား၊ တူမီးသေနတ် (၁)လက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုစုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၆-၅-၂၀၁၉ ရက်နေ့မှ ၁-၆-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၁၉၁)မှု၊ တရားခံကျား(၂၅၅)ဦး၊ မ(၂၃)ဦး၊ ပေါင်း(၂၇၈)ဦး၊ စိတ်ကြွဆေးပြား(၁၄၇၁၆၇၁)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၇.၇)ဂရမ်၊ ဘိန်းဖြူ (၇၄၂၅.၂၈၂)ဂရမ်၊ ICE(၁.၉)ဂရမ်၊ ဘိန်း(၆၅၀၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၇၉၅.၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၂၀၀.၅)ဂရမ်၊ ဆေးခြောက်(၁၃၀)ဂရမ်၊ Diazepam Tablet(၂၈၀)ပြား၊ Buprenorphine Tablet (၇၂)ပြား၊ Tramadol Capsule(၈၀)တောင့်၊ Acetic Acid(၁၀) လီတာ၊ သေနတ်မျိုးစုံ(၃)လက်၊ ကျည်မျိုးစုံ (၁၀၉)တောင့်၊ ကျည်အိမ်မျိုးစုံ(၆)ခု၊ ယမ်းပျော့(၇၅၀)တောင့်နှင့် လက်ပစ်ဗုံး(၅)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# အကျဉ်းသားများ ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်ကာလကို ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခြင်းစနစ်ကျင့်သုံးရန် ဥပဒေကြမ်းရေးဆွဲလျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနအနေဖြင့် နိုင်ငံခြားတိုင်းပြည်အချို့တွင် ကျင့်သုံးလျက်ရှိသော Parole System (ခေါ်) ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်ကာလကို ပြင်ပတွင် ကောင်းမွန်စွာနေထိုင်ပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခြင်းစနစ် ဆောင်ရွက်နိုင်ရန်အတွက် အကျဉ်းထောင်များနှင့် ကိုက်ညီမည့် ခံဝန်ဖြင့်လွှတ်ပေးသော အကျဉ်းသားများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဥပဒေ(Probation Law) မူကြမ်းကို စတင်ရေးဆွဲဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လွှတ်တော်သို့ ရှင်းလင်းဖြေကြားသည်။



ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်

### ရှင်းလင်းဖြေကြားခဲ့

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်၏ မြန်မာနိုင်ငံ အကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော Parole System ကျင့်သုံးရန် ရှိ၊ မရှိ- ကျင့်သုံးရန်မရှိပါက အဘယ့်ကြောင့် ကျင့်သုံးခြင်းမပြုကြောင်း၊ ကျင့်သုံးရန်ရှိပါက ဘယ်အချိန်တွင် စတင်ကျင့်သုံးမည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

### ဥပဒေနဲ့ စနစ်တကျဖြစ်စေချင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်က မေးခွန်းနှင့်စပ်လျဉ်း၍ “သကြံန်မတိုင်ခင်တုန်းက အကျဉ်းထောင်ထဲမှာ လူတွေအင်မတန်များတယ်ဆိုတာ သိရတယ်။ ခန့်မှန်းခြေအရ ထောင်က လက်ခံနိုင်တဲ့ ဦးရေထက် နှစ်ဆလောက်ရှိနေတယ်လို့ သိရတယ်။ ဒါကြောင့် ထောင်ထဲမှာ လူတွေက အိပ်ဖို့နေရာတောင်အခက်အခဲရှိတယ်။ အစစအရာရာ အခက်အခဲရှိတယ်။ နောက်တစ်ချက်က တချို့က ထောင်ထဲကို မတော်တဆရောက်သွားတယ်။ ဥပမာ - ယာဉ်တိုက်မှုတစ်ခု ဖြစ်ပြီးတော့ သူ့မှာ ရည်ရွယ်ချက်မရှိဘဲ၊ သူများကိုထိခိုက်စေလိုတဲ့ ဆန္ဒမရှိဘဲ ထောင်ထဲရောက်သွားတယ်ဆိုရင် သူ့မှာ နောင်တရမယ်။ ကောင်းကောင်းမွန်မွန်နေတဲ့သူတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်က စဉ်းစားပေးသင့်တယ်။ အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံအပါအဝင် သုံးနိုင်ငံပဲ ဒီစနစ်ကို မကျင့်သုံးသေးတာပါ။ ကျန်တဲ့ခုနစ်နိုင်ငံမှာ ကျင့်သုံးပြီးတော့ အကျဉ်းသားဦးရေကို လျှော့ချနေတယ်။ အကျဉ်းသားတစ်ယောက် ခေါ်ထားတယ်ဆိုတာ အလကားခေါ်ထားလို့မရဘူး။ စရိတ်ကုန်တယ်။ ကျွန်တော် သိရသလောက် နိုင်ငံတော်က တစ်ရက် တစ်ထောင်စားစရိတ်ပေးတယ်လို့သိရတယ်။ ဒါတွေကို နိုင်ငံတော်ဘက်ကလည်း သက်သာသွားအောင်၊ သူတို့လည်း ထောင်ကနေထွက်လာပြီး ကောင်းကောင်းမွန်မွန်နေပါမယ်ဆိုတဲ့ ဝန်ခံချက်နဲ့နေရင် လွှတ်ပေးသင့်တယ်လို့ မြင်တဲ့အတွက် ဒီမေးခွန်းကို မေးတာပါ။ လွှတ်ပေးတယ်ဆိုတဲ့နေရာမှာလည်း အဂတိလိုက်စားမှုတွေ ဖြစ်လာနိုင်တဲ့အတွက် ဥပဒေနဲ့ စနစ်တကျဖြစ်စေချင်တာပါ” ဟု ပြောကြားသည်။

### စောင့်ကြည့်ပြီး ခံဝန်နဲ့ လွှတ်တဲ့စနစ်

“Parole စနစ်ဆိုတာက တရားရုံးက ပြစ်ဒဏ်ချမှတ်ထားတာကို လွှတ်ရက်မတိုင်ခင်မှာ သူ့ရဲ့ ကိုယ်ပိုင်ခံဝန်ချက်နဲ့ အကျဉ်းထောင်ထဲမှာလည်း စည်းကမ်းရှိရှိနေတယ်။ ရပ်ရွာကလည်း သူ့ကို ပြန်လက်ခံနိုင်တယ်ဆိုရင် ခံဝန်နဲ့လွှတ်ပေးရေးအတွက် အကြံပေးကော်မတီ ဆိုတာရှိတယ်။ အဲဒီကနေ ခွင့်ပြုတယ်ဆိုရင် သူ့ကို လွှတ်ပေးလိုက်တဲ့စနစ်ဖြစ်ပါတယ်။ လွှတ်ပေးပြီးရင်လည်း စည်းကမ်းချက်ထားပြီး လွှတ်လိုက်တာဖြစ်တဲ့အတွက် အပြစ်တစ်ခုကျူးလွန်တယ်ဆိုရင် ပြန်ဖမ်းပြီး ထောင်ထဲပြန်ထည့်တယ်။ အဲဒီလို စောင့်ကြည့်ပြီး ခံဝန်နဲ့ လွှတ်တဲ့စနစ်ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယဝန်ကြီးက ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနတွင် အကျဉ်းထောင် ၄၂ ခု၊ အချုပ်ထောင်ငါးခု၊ ကုန်ထုတ်စခန်း ၁၈ ခု၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်း ၃၀ စုစုပေါင်း ၉၅ ခု ဖွင့်လှစ်ထားရှိပြီး ဖွဲ့စည်းပုံအရ သတ်မှတ်ဝင်ဆံ့အင်အားမှာ ၇၁၀၀၀ ဖြစ်ကြောင်း၊ အဆိုပါ အကျဉ်းထောင်နှင့် စခန်း ၉၅ ခု၏ အိပ်ဆောင်အနေအထားအရ အကျဉ်းသားတစ်ဦးလျှင် ၁၈ စတုရန်းပေ တွက်ချက်ထားရှိမည်ဆိုပါက ၇၄၁၅၃ ဦး ဝင်ဆံ့မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် မေ ၂၉ ရက် ထောင်ပိတ်အင်အားစာရင်းအရ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ ၈၅၇၉၅ ဦး ရှိသဖြင့် လူဦးရေ ၁၁၆၄၂ ဦးအား သတ်မှတ်ရာခိုင်နှုန်းထက် ၁၆ ရာခိုင်နှုန်း ပိုမိုလက်ခံထားရှိနေရမှုကြောင့် အကျဉ်းသားဦးရေ လျှော့ချရေးအစီအမံ လိုအပ်လျက်ရှိကြောင်း။

### အကျဉ်းသားစိစစ်လျှော့ချရေးကော်မတီဖွဲ့စည်းသွားရန်

အကျဉ်းထောင်များတွင် အကျဉ်းသားကျပ်တည်းမှု ပြဿနာ ဖြေရှင်းရေး အကြံပြုစာတမ်းအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လည်းကောင်း၊ အကျဉ်းထောင် / အကျဉ်းစခန်းများတွင် အကျဉ်းသားဦးရေ ကျပ်တည်းမှုအခြေအနေများ ဖြစ်ပေါ်နေမှုကို ပြည်ထဲရေးဝန်ကြီးဌာနမှလည်းကောင်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့မှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီးဌာနက အဓိကတာဝန်ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကျဉ်းသားစိစစ်လျှော့ချရေးကော်မတီ ဖွဲ့စည်းသွားရန်နှင့် လိုအပ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားထားသဖြင့် ဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

အကျဉ်းသားကျပ်တည်းမှုပြဿနာ ဖြေရှင်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဦးဆောင်သောအဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီတို့ ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ ခံဝန်ဖြင့်လွှတ်ပေးသော အကျဉ်းသားများအား စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းဆိုင်ရာ ဥပဒေ (Probation Law) မူကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာအကြံပေးကော်မတီဖြင့် အသေးစိတ်ညှိနှိုင်းရေးဆွဲရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေ (မူကြမ်း)ကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာ အကြံပေးကော်မတီတို့က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်ကစ၍ ညှိနှိုင်းဆွေးနွေးကာ ဥပဒေ(မူကြမ်း)အား အခန်း(၁၀)ခန်းဖြင့် ရေးဆွဲ၍ အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

### ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသည်အထိ တင်ပြဆောင်ရွက်သွားမည်

ယခုအခါ ခံဝန်ဖြင့်လွှတ်ပေးသော အကျဉ်းသားများအား စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းဆိုင်ရာ ဥပဒေ (Probation Law) မူကြမ်း အခန်း(၁၀)ခန်းအနက် ခုနစ်ခန်းကို အတည်ပြုနိုင်ခဲ့ပြီး အခန်း(၆)၊ အခန်း(၇)နှင့် အခန်း(၈)တို့၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ယင်းဥပဒေ(မူကြမ်း)အား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းအတည်ပြုရေးဆွဲပြီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံကာ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးသည်အထိ အဆင့်ဆင့်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဥပဒေအတည်ပြုပြီးပါက ဥပဒေနှင့်အညီ အကောင်အထည်ဖော် ကျင့်သုံးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် နိုင်ငံခြားတိုင်းပြည်များ၌ ကျင့်သုံးလျက်ရှိသော Parole System (ခေါ်)ပြစ်ဒဏ်မစေ့မီ ကျန်ပြစ်ဒဏ်ကာလကို ပြင်ပတွင်ကောင်းမွန်စွာနေထိုင်ပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခြင်းစနစ်ကို လက်ရှိကျင့်သုံးနေခြင်းမရှိသော်လည်း အကျဉ်းထောင်များတွင် လက်ရှိလူဦးရေ ကျပ်တည်းမှုကို ရေရှည်ဖြေလျှော့ရန်အတွက် အဆိုပါစနစ်ကို ကျင့်သုံးရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

**သတင်း - ဇင်ဦး၊ နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

---

*စာမျက်နှာ ၆ မှ*

လေထုညစ်ညမ်းမှုကြောင့် ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်စပ်၍ အပူချိန်မြင့်မားလာခြင်းနှင့်အတူ ဝတ်မှုန်များ ပိုမိုပျံ့လွင့်လာခြင်း၊ သေးငယ်သော အမှုန်အမွှားလေးများ (Air-borne Particles) သည် အဆုတ်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးရောဂါများ ခံစားရ၍ သေဆုံးခြင်းတို့ ဖြစ်စေသည်။ မာကျူရီနှင့် ခဲသတ္တုများ၊ ဒိုင်အောက်စင် (Dioxins) နှင့် ဘင်ဇင်းတို့သည် ပမာဏအနည်းငယ်မျှဖြင့် ပြင်းထန်သော ကျန်းမာရေးဘေးအန္တရာယ်ဖြစ်ပေါ်စေသည်။ ဓာတ်ဆီတွင်တွေ့ရသော ဘင်ဇင်းအငွေ့သည် ကင်ဆာဖြစ်စေနိုင်သည့်အပြင် မျက်လုံး၊ အရေပြားနှင့် အဆုတ်တို့တွင် ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ရေရှည်တွင် သွေးလှည့်ပတ်မှု မမှန်ခြင်းတို့ကို ဖြစ်စေပါသည်။ ဒိုင်အောက်စင် (Dioxins) သည် အသည်းကို ထိခိုက်စေခြင်း၊ အာရုံကြောစနစ်၊ ကိုယ်ခံအားစနစ်နှင့် မျိုးပွားစနစ်များတွင် ထိခိုက်စေခြင်း၊ ပမာဏများစွာ ထိတွေ့ပါက ကလေးငယ်များ၏ အာရုံကြောစနစ်နှင့် ကျောက်ကပ်ပျက်စီးခြင်း၊ ပမာဏအနည်းငယ်ထိတွေ့မှုသည်ပင် ကလေးငယ်များ၏ ဉာဏ်ရည်နှင့် သင်ယူမှုစွမ်းရည်ကို ထိခိုက်စေပါသည်။ Polycyclic Aromatic Hydrocarbon သည် အဆိပ်ရှိဓာတုပစ္စည်းဖြစ်ပြီး လောင်စာဆီအသုံးပြုသော ယာဉ်ယန္တရားများမှ ထုတ်လွှတ်သော မီးခိုးနှင့်အတူ ရော၍ ထွက်လာခြင်းအပြင် တောမီးလောင်ကျွမ်းခြင်းမှလည်း ထွက်ပေါ်လာသည်။

### လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲ

မိုးလေဝသသတင်းမှ ပြင်ပလေထုညစ်ညမ်းမှုအဆင့်ကို သိလျှင် ကလေးများအား အပြင်ထွက်လမ်းလျှောက်ချိန် ကန့်သတ်ပေးခြင်း၊ အထူးသဖြင့် မနက်စောစောအချိန်များတွင် အိုဇုန်းပမာဏနိမ့်သဖြင့် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်စဉ်တွင် ယာဉ်ကြောကျပ်နေသည့်နေရာများနှင့် နီးသောနေရာများကို ရှောင်ကြဉ်ခြင်း၊ လေအရည်အသွေးဆိုးရွားသောနေရာတွင် နေအိမ်အတွင်းတံခါးများပိတ်၍ နေထိုင်ခြင်း၊ နှာခေါင်းစည်းများအသုံးပြု၍ ခရီးသွားလာခြင်းတို့ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

### လေထုညစ်ညမ်းမှုကို ဘယ်လိုထိန်းချုပ်မလဲ

လောင်စာဆီသုံးစွဲမှုလျှော့ချခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ (ဥပမာ- နေရောင်ခြည်) ကို ရှာဖွေသုံးစွဲခြင်း၊ ယာဉ်စီးနင်းသွားလာရမည့်ခရီးများကို ဖြစ်နိုင်လျှင် ခြေကျင်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် အများပြည်သူသုံး ပို့ဆောင်ရေးလမ်းကြောင်းများ အသုံးပြုခြင်းတို့ဖြင့် တစ်ဦးတစ်ယောက်ချင်းစီလည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ပြီး ရာသီဥတုပြောင်းလဲခြင်းကိုလည်း လျှော့ကျစေနိုင်မည်ဖြစ်ပါသည်။ ဒေသဆိုင်ရာ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိရိုးဖလာစိုက်ပျိုးရေးစနစ်ဖြင့် လယ်ယာလုပ်ငန်းတွင် ဟင်းလင်းပွင့်မီးရှို့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများကို ထိန်းချုပ်ရေးနှင့် လူနေမှုပုံစံအလေ့အထများ ပြောင်းလဲရန် ပြည်သူလူထုအား အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့်လည်း လေထုညစ်ညမ်းမှု တိုက်ဖျက်ရန် ဆောင်ရွက်နိုင်ပါသည်။

ယခုအခါ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်နှင့် ဆက်စပ်ကဏ္ဍများတွင် အမျိုးသားအဆင့်မူဝါဒဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာအစိုးရ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများဖြင့် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်နေကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် ရေရှည်မျှော်မှန်းချက်ဖြင့် ဆောင်ရွက်နိုင်ရန်အလို့ငှာ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (National Environmental Policy) ကို မူဘောင်ချမှတ်ပြီး ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ ကျန်းမာရေး၊ စက်မှု၊ မွေးမြူရေး၊ သတ္တုတွင်း၊ သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြကဏ္ဍများတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ချမ်းသာသုခရရှိစေရေးအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ အားလုံးပါဝင်သော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန် (ထုတ်လွှတ်မှု) လျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ (Myanmar Climate Change Policy) မျှော်မှန်းချက်ကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။ နိုင်ငံအတွင်း ပို၍စိမ်းလန်းသော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး အမှိုက်ကင်းစင်ရေး၊ ထုတ်လွှတ်မှုကင်းစင်ရေးနှင့် ပြန်လည်ပြုပြင်သန့်စင်ရေးရပ်ဝန်းတစ်ခု ဖြစ်ပေါ်စေရန် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ် (National Waste Management Strategy and Master Plan for Myanmar (2018-2030) ဖြင့် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင် (Green Economy Policy Framework) တွင် သန့်ရှင်းသောလေနှင့် သန့်ရှင်းသောရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်ရာတွင် လေနှင့်ရေအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ညစ်ညမ်းမှုထိန်းချုပ်ရေး အစီအမံများချမှတ်ခြင်းနှင့် သန့်ရှင်းသောစွမ်းအင် ရရှိသုံးစွဲနိုင်ရန်တို့ကို ဒုတိယဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် လေထုညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်တိုက်ဖျက်ခြင်းအပြင် လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ လူတိုင်းတတ်နိုင်သော စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော ခေတ်မီစွမ်းအင်ရရှိရေး၊ အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကိုဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများဖြစ်ပေါ်စေရေး၊ ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများဖြစ်ပေါ်စေရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးနှင့် အကောင်အထည်ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေးတို့ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။

လူသားများ၏ ပြုမူလုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုနှင့် သဘာဝဘေးအန္တရာယ်တို့ကို သိရှိနားလည်ပြီး လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုလျှော့ကျစေရေးအတွက် စက်မှုလုပ်ငန်းများနှင့် မော်တော်ယာဉ်များအတွက် ထုတ်လွှတ်အခိုးအငွေ့စံချိန်စံညွှန်းများ သတ်မှတ်၍ လိုက်နာစေခြင်း၊ သန့်ရှင်းသော လောင်စာစွမ်းအင်များကို အသုံးပြုခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအတွက် ရေ၊ နေ၊ လေအားလျှပ်စစ်ဆိုင်ရာ နည်းပညာအသစ်များ အသုံးပြုဆောင်ရွက်ခြင်း၊ စက်မှုအလုပ်ရုံများနှင့် နေအိမ်များတွင် စွမ်းအင်ချွေတာအသုံးပြုခြင်း၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များနှင့် မီးရထားများ အသုံးပြုမှုကို မြှင့်တင်ခြင်း၊ သယ်ယူပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ စွန့်ပစ်ရေနှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲခြင်း၊ အအေးပေးစက်များတွင် ဟိုက်ဒရိုဖလူရိုကာဗွန်အား အစားထိုးအသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်ခြင်းဖြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ “**သန့်စင်သောလေ ရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့**” “**Beat Air Pollution**” ဆောင်ပုဒ်နှင့်အညီ လေထုညစ်ညမ်းမှုကို အားလုံးစုပေါင်းနှိမ်နင်းပြီး ကျွန်တော်တို့ပတ်ဝန်းကျင်ကို ကာကွယ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရန်ကုန်မြို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားမည့် Yangon Project Bank အကြောင်း ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရန်ကုန်မြို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားမည့် Yangon Project Bank အကြောင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ရှင်းလင်းပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မိတ်ဆက်ဗီဒီယိုမှတ်တမ်းကို ပြသပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အနာဂတ်ရန်ကုန်၏ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ Project Bank ကို တင်ပြခြင်းအားဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်နေမှုတွေကို ဘယ်လောက် ပွင့်လင်းမြင်သာမှုရှိတယ် ဆိုတာကို ပြသနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာတွေလုပ်မယ်၊ ရှေ့မှာ ဘာတွေဆက်ဖြစ်လာနိုင်တယ်။ ဒီအစီအစဉ်တွေကို Project Bank ကနေ ပြသနိုင်ဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ Project Bank ထဲကနေပြီးတော့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တချို့ဟာ လွှတ်တော်တွေကို တင်ပြရမှာတွေ ရှိနိုင်ပါတယ်။ ပြည်ထောင်စုအစိုးရကို တင်ပြရမှာတွေရှိနိုင်ပါတယ်။ တိုင်းဒေသကြီး အစိုးရတွေရဲ့ ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်တွေနဲ့ ဆောင်ရွက်ရမယ့် စီမံကိန်းတွေရှိပါတယ်။ အချို့စီမံကိန်းကြီးတွေဟာ တအားကြီးနေတဲ့ စီမံကိန်းတွေ ရှိသလို အချို့စီမံကိန်းတွေဟာ တော်တော်သေးနေတာလေးတွေလည်း ရှိနိုင်ပါတယ်။ ဥပမာ ကျွန်တော်တို့ Project Bank ထဲမှာ ဈေးတွေနဲ့ပတ်သက်တဲ့ Project တွေဆိုရင် သေးပါတယ်။ ဒီထဲမှာ ကြီးမားတဲ့ စီမံကိန်းကြီးတွေ ပါနိုင်တယ်။ ဥပမာ- စည်ပင်သာယာနယ်နိမိတ် ၁၁ မြို့နယ်မှာ စက်မှုဇုန်တွေ တည်ဆောက်မယ်ဆိုတဲ့ ကိစ္စမျိုးဆို ကြီးပါတယ်။ ဒီကိစ္စရပ်မျိုးတွေဆိုရင် ကျွန်တော်တို့ လွှတ်တော်မှာတင်ပြပြီး ဆက်လက် ဆောင်ရွက်ကြရမယ့် အခြေအနေတွေရှိပါတယ်။ ဒါကတော့ လုပ်ငန်းဆောင်ရွက်ရမယ့် ပရောဂျက်တွေဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနာဂတ်ရန်ကုန်ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဗီဒီယိုကို ပြသကာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် Yangon Project Bank နှင့် ပတ်သက်ပြီး PWC Singapore မှ Mr. Mark Rathbone, Leader of PWC Capital Projects And Infrastructure Asia မှ Project Bank နှင့် ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ပြန်လည်ဖြေကြား**

ထို့နောက် ရန်ကုန်မြို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများဗီဒီယိုကို ပြသပြီး တက်ရောက်လာသူများ၏ သိရှိလိုသော မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**စိမ်းလန်းစိုပြည်သောမြို့တော်**

ရန်ကုန်တိုင်းဒေသကြီးအား ရှေးဟောင်းအမွေအနှစ်နှင့် ပြည့်စုံသော မြို့တော်၊ စိမ်းလန်းစိုပြည်သော မြို့တော်၊ နေချင့်စဖွယ်ကောင်းသော မြို့တော်၊ စီးပွားရေး ကောင်းမွန်တိုးတက်သော တိုင်းဒေသကြီးတစ်ခု ဖြစ်ရမည်ဟု ရည်ရွယ်ချက်ထားရှိ အကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။ တိုင်းဒေသကြီး အစိုးရအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် သုံးနှစ်တာကာလအတွင်း လမ်းတံတားများ အပြည့်အစုံဖောက်လုပ်နိုင်ရန်၊ ဒေသအားလုံးတွင် လျှပ်စစ်မီး ပြည့်ပြည့်ဝဝ ရရှိနိုင်ရန်နှင့် သောက်သုံးရေ ပြည့်ပြည့်ဝဝရရှိနိုင်ရန် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်မြို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားမည့် Yangon Project Bank အကြောင်း ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ - ထိန်လင်း

# နေပြည်တော်၌ ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၃**

၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့ နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ လာရောက်ကျောင်းတက်ကြသည်။

နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်စီစီဝင်းက "ဒီနှစ်က သင်ကြားရေးစာအုပ်တွေကို အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်း အကုန်ပေးပါတယ်။ မူလတန်းမှာဆိုရင် ကျောင်းသားတစ်ဦးကို ဗလာစာအုပ် တစ်ဒါဇင် အခမဲ့ပေးပါတယ်။ ဒီနေ့ကျောင်းစဖွင့်တဲ့နေ့ကနေ စာသင်နှစ်တစ်နှစ်လုံး ကျောင်းသားတွေအားလုံးကို စည်းကမ်းကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ ကလေးတွေ ဖြစ်အောင်နဲ့ စာပေမှာထူးချွန်ထက်မြက်တဲ့ လူတော်လူကောင်းတွေဖြစ်အောင် မွေးထုတ်ပေးဖို့ ကျွန်မတို့ကျောင်းက ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေအားလုံးက ကြိုးစားနေပါတယ်။ ကျောင်းသွားကျောင်းပြန် အဆင်ပြေအောင်လည်း ကျောင်းကားတွေကို နိုင်ငံတော်က စီစဉ်ပေးထားပါတယ်။ စာသင်ကြားရေးမှာလည်း ကြိုတင်ပြင်ဆင်ထားတဲ့အတွက် သင်ကြားပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြောသည်။

ယခုနှစ် ပညာသင်နှစ်တွင် အသက် ၅ နှစ်ပြည့် ကလေးငယ်များကို KG တန်းတွင် လည်းကောင်း၊ အသက် ၆ နှစ် ကလေးငယ်များကို ပထမတန်း Grade -1 တွင် လည်းကောင်း ကျောင်းအပ်လက်ခံဆောင်ရွက်ရန် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် Grade-7 တက်ရောက်မည့် ကျောင်းသားမိခင် ဒေါ်ချစ်ချစ်ဇံက "ကျွန်မက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဝန်ထမ်းပါ။ ပိတောက်အိမ်ရာမှာနေပါတယ်။ ကလေးက Grade-7 တက်ရမှာပါ။ ကျောင်းအပ်ရတာ အဆင်ပြေပါတယ်။ ဖတ်စာအုပ်တွေလည်း ပေးပါတယ်။ ကလေးကိုတော့ ပညာတတ်ကြီးဖြစ်စေချင်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေကလည်း စာအသင်အပြကောင်းပါတယ်။ ဒီနေ့ ကျောင်းစဖွင့်တဲ့နေ့မှာ ကလေးက သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့ခွင့်ရတော့ ပျော်နေတယ်"ဟု ပြောသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်း ကားလမ်းမကြီးများနှင့် နီးစပ်ရာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် Grade -8 တက်ရောက်မည့် ကျောင်းသားမိခင် ဒေါ်ခင်မိုးက "ကျွန်မက ဝန်ထမ်းဆိုတော့ ကလေးကို ကျောင်းစောစောရောက်အောင်နဲ့ စာသင်ခန်းသိအောင် လိုက်ပို့ပေးတာပါ။ ဒီကျောင်းမှာက သူငယ်တန်းကတည်းက ထားလာတာ။ သင်ကြားရေးဘက်မှာ ဆရာ ဆရာမတွေ ကောင်းကြတယ်။ ကလေးတွေလည်း တစ်ဦးနဲ့တစ်ဦး စည်းစည်းလုံးလုံးရှိကြပါတယ်။ ကလေးတွေကို ဂရုတစိုက်နဲ့ ကျန်းမာရေးကောင်းမွန်အောင် ကျောင်းသန့်ရှင်းရေးကအစ သန့်သန့်ရှင်းရှင်းနဲ့ လုပ်ပေးစေချင်ပါတယ်။ တော်တဲ့ကလေးရော၊ မတော်တဲ့ကလေးကိုရော လက်တွဲခေါ်ယူပြီး သင်ကြားပေးစေချင်ပါတယ်" ဟု ပြောသည်။



နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုတွင် အခမဲ့ဖြစ်သည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ယခုနှစ် ကျောင်းအပ်ချိန်တွင် အခြေခံကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် တတိယတန်းနှင့် KG တန်း တက်ရောက်မည့် ကျောင်းသားနှစ်ဦး၏ မိခင် ဒေါ်အေးဖြူကလည်း "သားတွေက တတိယတန်းမှာ တစ်ဦး၊ KG တန်းမှာတစ်ဦးပါ။ ကျောင်းသားဟောင်းဆိုတော့ ကျောင်းတက်ရတာ အဆင်ပြေပါတယ်။ တတိယတန်းမှာတော့ ကျောင်းက ဗလာစာအုပ် တစ်ဒါဇင်နဲ့ ဖတ်စာအုပ်တွေ ထောက်ပံ့ပေးပါတယ်။ အကြို၊ အပို့ ကျောင်းကားကို နိုင်ငံတော်က စီစဉ်ပေးတဲ့အတွက် အဆင်ပြေတယ်။ ကျွန်မတို့ဘက်ကို ကျောင်းကားတစ်စီးပဲရတဲ့အတွက် အကြို၊ အပို့ကျောင်းကားတွေ ဒီထက်မက စီစဉ်ပေးနိုင်ရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

အခြေခံပညာဦးစီးဌာနတွင် အခြေခံပညာကျောင်းပေါင်း ၄၇၀၀၅ ကျောင်း၊ ကျောင်းအုပ်ကြီးများအပါအဝင် သင်ကြားရေး ဆရာ ဆရာမ ဦးရေ ၄၀၄၄၄၄ ဦးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၉ ဒသမ ၇ သန်းကျော်က အခြေခံပညာရေးအဆင့်တွင် သင်ကြားလျက်ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ- ကိုထိန်**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံး ဝန်ထမ်းများ အရည်အသွေးမြှင့် အမှတ်စဉ် ၁/၂၀၁၉ သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၁/၂၀၁၉ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး တရားလွှတ်တော် သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက ရုံးလုပ်ငန်းကိစ္စများ၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာတွင် တရားရုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်တတ်ရေး၊ ရှေ့နေရှေ့ရပ်များ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၉၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပညာပေးစာစောင်များဖြန့်ဝေ

**ပုသိမ် ဇွန် ၃**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာအုပ်စု ၁၀ စု၊ ကျေးရွာ ၁၇ ရွာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းပညာပေး စာစောင်များ ဖြန့်ဝေခြင်းကို မဒေါ့ကုန်းကျေးရွာအုပ်စု မဒေါ့ကုန်းကျေးရွာတွင် ယနေ့ နံနက်က ပြုလုပ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများက ဖြန့်ဝေခဲ့သည်။

ပုသိမ်မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ ပညာပေးဟောပြောပွဲနှင့် သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ ဗဟုသုတများ၊ သီးနှံများအထွက်နှုန်း ကောင်းမွန်စေရေးရည်ရွယ်၍ စိုက်ပျိုးရေးစာစောင်များ ဖြန့်ဝေပေးခြင်းဖြစ်သည်။

**၀၀၇**

# မိုက်ခရိုဆော့ဖ်အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသားသုံးဦးအား ရွေးချယ်

ရန်ကုန် ဇွန် ၃

**အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် မိုက်ခရိုဆော့ဖ်အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်မည့် တက္ကသိုလ်ကျောင်းသားသုံးဦးအား ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် ဆုများချီးမြှင့်၍ ရွေးချယ်ခဲ့ကြောင်း သိရသည်။**

ထိုသို့ မိုင်ခရိုဆော့ဖ်ကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအတွက် လူရွေးချယ်မှုကို မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရနှင့် ပုဂ္ဂလိက အထက်တန်းကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်တို့ရှိကျောင်းပေါင်း ၈၄ ကျောင်းမှ အသက် ၁၃ နှစ်မှ ၂၂ နှစ်ရှိ ကျောင်းသား ကျောင်းသူပေါင်း တစ်ထောင်ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမအဆင့် ပြိုင်ပွဲကို မတ် ၈ ရက်၊ ဒုတိယအဆင့်ပြိုင်ပွဲကို ဧပြီ ၂၉၊ ၃၀ ရက်တို့တွင် ယှဉ်ပြိုင်ခဲ့ကြကာ ဆီမီးဖိုင်နယ် ပြိုင်ပွဲတွင် ကျောင်းသား ၆၇၀ ကျော်မှ ၅၅ ဦးကို ရွေးချယ်လျက် နိုင်ငံတော်အဆင့် ဖိုင်နယ်ပြိုင်ပွဲကို ဇွန် ၂ ရက်က ကျင်းပခဲ့သည်။

**သွားရောက်ယှဉ်ပြိုင်**

အဆိုပါ အခမ်းအနားတွင် တစ်ဦးချင်းအလိုက်(ဘာသာအလိုက်)ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ခဲ့ရာ ပထမဆုတွင် Microsoft Office Specialist Word ဘာသာအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ မနေခြည်သင်း၊ Microsoft Office Specialist Excel ဘာသာအတွက် ဒဂုံတက္ကသိုလ်မှ မောင်ခန့်ဇော်ဟိန်း၊ Microsoft Office Specialist Powerpoint ဘာသာအတွက် မန္တလေးနည်းပညာတက္ကသိုလ်မှ မောင်စိုင်းလွင်ထက်ဦးတို့ကလည်းကောင်း ဆုများရရှိပြီး မိုက်ခရိုဆော့ဖ် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးအတွက် နိုင်ငံကိုယ်စားပြုသံတမန် သုံးဦးအဖြစ် သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ IIG Education Myanmar နှင့် Gold Sponsor Myanmar International Telecommunication Co., Ltd (Mytel)တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေဝင်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ IIG Education Myanmar ၏ မန်နေဂျင်းဒါရိုက်တာ ဦးလင်းထက်ဉာဏ်ထွန်းနှင့် Gold Sponsor Myanmar International Telecommunication Co.Ltd (Mytel) ၏ CEO ဖြစ်သူနှင့် CERO ဖြစ်သူ ဦးဇော်မင်းဦးတို့က ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။




**မိုက်ခရိုဆော့ဖ်အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်မည့် တက္ကသိုလ်ကျောင်းသားသုံးဦးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** ဓာတ်ပုံ - သန်းစိုး

Microsoft Office Specialist World Championship ပြိုင်ပွဲ ကျင်းပခဲ့သည်မှာ ၁၈ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကာ အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲဖြစ်သော ယင်းပြိုင်ပွဲတွင် သုံးဘာသာအတွက် တစ်ဘာသာချင်းအလိုက် ပထမဆု အမေရိကန်ဒေါ်လာ ၇၀၀၀၊ ဒုတိယ ဆု ၃၅၀၀ နှင့် တတိယဆု ၁၅၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ကမ္ဘာ့စက်ဘီးစီးနေ့ ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်း၌ စက်ဘီးတစ်ထောင်ခန့် စီးနင်းဂုဏ်ပြု

**ရန်ကုန် ဇွန် ၃**

ဇွန် ၃ ရက်တွင် ကျရောက်သော ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ်ဂုဏ်ပြုသောအားဖြင့် လူထုစက်ဘီးစီးလှုပ်ရှားမှု စက်ဘီးစီးနင်းပွဲကို ရန်ကုန်မြို့ကန်တော်ကြီး ကရဝိက်အနီး ပန်းကန်လုံးကျွန်းမုခ်ဦးရှေ့တွင် ယနေ့နံနက် ၅ နာရီက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ စက်ဘီးစီး အားကစားဝါသနာရှင်ဦးရေ ၁၀၀၀ ခန့် စုရုံးရောက်ရှိကြပြီး နံနက် ၆ နာရီမှစတင်၍ တာလွှတ်စီးနင်းလှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုကို မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် စက်ဘီးစီးအသင်းအဖွဲ့များ၊ စက်ဘီးစီးဝါသနာပါသူ စက်ဘီးစီးဝါသနာရှင်များက ကန်တော်ကြီး ပန်းကန်လုံးကျွန်းရှေ့မှ တာထွက်လာကာ ကန်တစ်ပတ်လျှင် သုံးမိုင်အကွာအဝေးရှိသော ကန်တော်ကြီးဥယျာဉ်ကို နှစ်ပတ်လှည့်ပတ်၍ ခြောက်မိုင်ခရီးကို စီးနင်းခဲ့ကြကြောင်း သိရသည်။

"ဒီနေ့က ကမ္ဘာ့စက်ဘီးစီးနေ့အဖြစ် စီးနင်းကြတာပေါ့။ ဒီလိုလူထုစက်ဘီးစီးပွဲတွေ ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဘက်မှာလည်း အထောက်အကူပြုစေသလို ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ လောင်စာဆီသုံးစွဲမှုနည်းသွားစေတဲ့အပြင် စက်ဘီးစီးအားကစားကို လူစိတ်ဝင်စားလာပြီး စီးရင်းစီးရင်းနဲ့ စက်ဘီးကို ပြိုင်ချင်လာပါတယ်။ စက်ဘီး စီးအားကစားအတွက်လည်း အထောက်အကူ အများကြီးရပါတယ်"ဟု မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။

လူထုစက်ဘီးစီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပြင် အခြားမြို့နယ်အသီးသီးမှ စက်ဘီးစီးအားကစားဝါသနာရှင် အမျိုးသားအမျိုးသမီး၊ ကလေး၊ လူကြီး စုစုပေါင်း ၁၀၀၀ ခန့် ဝင်ရောက်လှုပ်ရှား ခဲ့ကြခြင်းဖြစ်ပြီး MSP ကုမ္ပဏီအဖွဲ့သား များက (June 3 World Bicycle Day) အထိမ်းအမှတ်စာတန်းပါ တီရှပ်အဖြူ တစ်ထည်စီ ဝေငှပေးခဲ့ကြောင်း၊ မည့်သည့်စက်ဘီး အမျိုးအစားကိုမဆို ဝင်ရောက်စီးနင်းခွင့်ပြုထားကြောင်းနှင့် ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုတွင် တစ်လစီအလှည့်ကျ လူထုစက်ဘီးစီး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် ကန်တော်ကြီးပတ်လမ်း၌ စက်ဘီးစီးနင်းသူတို့ကို တွေ့ရစဉ်။** ဓာတ်ပုံ-မျိုးကြီး

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**

✤ *ကျောဖုံးမှ*

အရင်နှစ်က မျိုးဆက်သစ်ကစားသမားတွေပဲ ဝင်ရောက်ယှဉ်ပြိုင်တာ အဆင့်လေးပဲ ရရှိပါတယ်။ ဒီနှစ်အတွေ့အကြုံရှိတဲ့ လက်ရွေးစင်တွေပါတဲ့အတွက် ဆုတံဆိပ်တွေမျှော်လင့်ထားပါတယ်"ဟု မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။ အဆိုပါ မကာအိုအပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်ဖိတ်ခေါ်ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်ပါဝင်ပြီး မြန်မာလှေလှော်အမျိုးသမီးအသင်းသည် ပြိုင်ပွဲတွင် မီတာ ၅၀၀ လှေလှော် ၂၂ တက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာလှေလှော်အမျိုးသမီးအားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြ၊ အားကစားသမား ၂၂ ဦးတို့သည် ဇွန် ၅ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အာကာစိုး**



**မကာအိုအပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလှေလှော်အမျိုးသမီးအားကစားအဖွဲ့ကို တွေ့ရစဉ်။**

○ *ကျောဖုံးမှ*

MIU အသင်းသည် ဗိုလ်လုပွဲသို့ ထပ်မံတက်ရောက်နိုင်ခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ရွှေမြဝတီအသင်းကို ကပ်၍ အနိုင်ရခဲ့သည်။ MIU အသင်းသည် ပထမပိုင်းတွင် သုံးဂိုးပြတ်အနိုင်ရနေပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးပြန်ပေးခဲ့ရသောကြောင့် အနိုင်ရရန် ပုံမှန်ထက် အားကုန်ထုတ်ခဲ့ရခြင်းဖြစ်သည်။ ယင်းပွဲအတွက် အကောင်းဆုံးဆုကို ပြည့်ဖြိုးမောင်(၃)(MIU)အသင်းက ရရှိခဲ့သည်။

VUC အသင်းမှာမူ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း နှစ်ဂိုးပြန်ပေးလိုက်ရသောကြောင့် နောက်မှလိုက်ကစားခဲ့ရပြီး ဂိုးများပြန်သွင်းနိုင်သောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် နှစ်ဂိုး- တစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအတွက် အကောင်းဆုံးဆုကို အောင်ဇင်ဦး (VUC) အသင်းက ရရှိခဲ့သည်။

တတိယနေရာလုပွဲအဖြစ် GV Athletic အသင်းနှင့် ရွှေမြဝတီအသင်း၊ ဗိုလ်လုပွဲအဖြစ် MIU အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇွန် ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ MIU အသင်းနှင့် VUC အသင်းသည် ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်ပြိုင်ပွဲတွင် MIUအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ **ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ယူအီးအက်ဖ်အေ စူပါဖလား လီဗာပူးနှင့် ချယ်လ်ဆီး ယှဉ်ပြိုင်ကစားမည်**

လီဗာပူးအသင်းသည် လာမည့် ဩဂုတ် ၁၄ ရက်တွင် ယူအီးအက်ဖ်အေ စူပါဖလားအဖြစ် ချယ်လ်ဆီးအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ လီဗာပူးအသင်းသည် တော့တင်ဟမ်အသင်းအား နှစ်ဂိုးပြတ် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ချယ်လ်ဆီးအသင်းသည်လည်း အာဆင်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ယူရိုပါလိဂ်ဖလားအား ဆွတ်ခူးနိုင်ခဲ့သည်။ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့သည် ယူအီးအက်ဖ်အေ စူပါဖလားအား ပထမဆုံးအကြိမ် အင်္ဂလန်ကိုယ်စားပြုအသင်းနှစ်သင်းအဖြစ် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**လူကာကူအတွက် ပြောင်းရွှေ့ကြေးသတ်မှတ်လိုက်သည့် မန်ယူ**

အင်တာမီလန်အသင်းသည် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား လူကာကူအား ခေါ်ယူလိုနေသော်လည်း မန်ယူအသင်းက အဆိုပါ အသက် ၂၆ နှစ်အရွယ် ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၂ သန်း သတ်မှတ်လိုက်ကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဒီလစ်အနေဖြင့် မန်စီးတီးအသင်းသို့သာ ပြောင်းရွှေ့သင့်ကြောင်း ဗန်ဟားလ်ဆို**

မန်ယူနည်းပြဟောင်း လူးဝစ် ဗန်ဟားလ်သည် အိုင်းယက်စ်အသင်းမှ နယ်သာလန် ခံစစ်ကစားသမား ဒီလစ် (၁၉နှစ်) အနေဖြင့် မန်စီးတီးအသင်းသို့သာ ပြောင်းရွှေ့သင့်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**ရှာကွီရီ အန်းဖီးလ်၌ ပုံမှန်ပွဲထွက်ခွင့်ရရန် ကြိုးစားသွားမည်**

ဆွစ်ဇာလန်တိုက်စစ်ကစားသမား ရှာကွီရီ (၂၇နှစ်) သည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးပြောဆိုမှုများရှိသော်လည်း အန်းဖီးလ်၌ နေလိုပြီး ပုံမှန်ပွဲထွက်ခွင့်ရရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အန်ဒါအတွက် ကမ်းလှမ်းမှုတစ်ရပ်ပြုလိုက်သည့် အဲဗာတန်**

အဲဗာတန်အသင်းသည် ရိုးမားအသင်းမှ တူရကီတောင်ပံကစားသမား ဆန်းဂစ် အန်ဒါ (၂၁နှစ်) အတွက် ပေါင် ၂၄ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# တာချီလိတ်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်၌ ရွှေ ၈၀ ကျပ်သားခန့် လုယက်မှုဖြစ်ပွား




လုယက်မှု ကျူးလွန်သူနှစ်ဦးကို စီစီတီဗွီမှတ်တမ်းတွင် တွေ့ရစဉ်။

**တာချီလိတ် ဇွန် ၃**

တာချီလိတ်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်၌ ယနေ့ မွန်းလွဲပိုင်းက ရွှေ ၈၀ ကျပ်သားခန့် လုယက်ခံရမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၇/၁၁ တွင် ဖွင့်လှစ်ထားသည့် နန်းနန်းဘွန်းကျော် ရွှေဆိုင်(အမှတ် ၂) အား ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားပြီး မျက်နှာဖုံးများ တပ်ဆင်ထားသူနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ ရွှေဆိုင်အတွင်းရှိနေသူများအား သေနတ်ဖြင့်ချိန်၍ ဆိုင်အတွင်း ခင်းကျင်းထားသည့် ရွှေထည်များအား လုယက်ယူဆောင်သွားသည့်အတွက် ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းများအပါအဝင် အရေအတွက်(စိစစ်ဆဲ) ရွှေ ၈၀ ကျပ်သားခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေဆိုင်လုယက်သူနှစ်ဦး မော်တော်ဆိုင်ကယ်မောင်းနှင်ကာ ပြန်လည်ထွက်ခွာသွားချိန်တွင် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးစားခဲ့ကြသော်လည်း လုယက်သူများက သေနတ်ဖြင့်ချိန်ရွယ်သည့်အတွက် မဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေဆိုင်လုယက်ခံရကြောင်း သတင်းအရ တာချီလိတ်မြို့မစခန်းမှူး ဒုရဲမှူးသန်းထွန်းအောင်ဦးစီးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ ရောက်ရှိလာပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများအား ဆောင်ရွက်ကာ နယ်ထိန်းအဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြစ်မှုကျူးလွန်သူနှစ်ဦးအား အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မတ်လ ၂၉ ရက်ကလည်း တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားသည့် နန်းနန်းဘွန်းကျော် ရွှေဆိုင်(ပင်မ)အား လူခြောက်ဦးပါ အဖွဲ့တစ်ဖွဲ့က ဝင်ရောက်လုယက်ခဲ့သည့်အတွက် ရွှေအမြောက်အမြား ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအဝင် မိုးညှင်း-ဝေ့ခါသွားလမ်းတွင် မျိုးကိုကို မောင်းနှင်ပြီး ခင်နွယ်နွယ်နှင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂၂၀ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ဗန်းမော်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၁၉၅)အနီးတွင် ကျော်စွာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁၀၀ နှင့် ဘိန်းဖြူ ၈၈၂ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ဆန်းမင်း(ခ)အုတ်ကျိုးမောင်းနှင်ပြီး အငယ်လေး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နမ့်ပါချီးကျေးရွာနေ မယီရှမ်း(ခ)အားရှန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို ရောင်းချပေးသူ တစ်ရွာတည်းနေ မရှင်းမေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ မိခင်ဖြစ်သူ ဒေါ်ရွှေလန် ကိုင်ထားသည့် အထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မျိုးကိုကိုနှင့် ခင်နွယ်နွယ်နှင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယာဉ်တစ်စီးတိမ်းမှောက်ကာ ယာဉ်မောင်းသေဆုံး

**ထီးချိုင့် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် နတ်အင်းကျေးရွာအနီးတွင် ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ် အာကာဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကသာ-ထီးချိုင့်ကားလမ်းအတိုင်း မျိုးမြင့်စိုး(ခ) အားတီ ဆိုသူ မောင်းနှင်လာသော ယာဉ်မှာ ထီးချိုင့်မြို့နယ် နတ်အင်းကျေးရွာအထွက် တောင်အဆင်းတွင် တိုက်လော့ပြုတ်ကာ တိမ်းမှောက်သွားသဖြင့် ယာဉ်မောင်းမျိုးမြင့်စိုး (ခ)အားတီတွင် ဒဏ်ရာများရရှိသဖြင့် ထီးချိုင့်မြို့နယ်ဆေးရုံ၌ ဆေးကုသမှု ခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သုဝဏ္ဏဝတီမြို့၌ ယာဉ်သုံးစီး ဆင့်တိုက်မှု ဖြစ်ပွား

**သထုံ ဇွန် ၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အဝင်၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် ၁၄၀/၄ နှင့် ၁၄၀/၅ အကြားတွင် သုဝဏ္ဏဝတီမြို့မှ သထုံမြို့ဘက်သို့ မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်ကို Air Wave အမျိုးအစားမော်တော်ယာဉ်က ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမှ သထုံမြို့ဘက်မှ သုဝဏ္ဏဝတီမြို့ဘက်သို့ မောင်းနှင်လာသည့် Nissan Vanette အမျိုးအစားယာဉ်နှင့် သုံးစီးဆိုင် ဆင့်တိုက်မိရာ သုံးဘီးဆိုင်ကယ်ပေါ်မှ တစ်ဦး၊ Air Wave ယာဉ်မှ နှစ်ဦး၊ Nissan Vanette ယာဉ်မှ သုံးဦး စုစုပေါင်းခြောက်ဦး ဒဏ်ရာရရှိသဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသထားပြီး ၎င်းခြောက်ဦးအနက် စိုးရိမ်ရလူနာတစ်ဦးအား သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသပေးထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ကွာရှင်းပြီးစ လင်မယားရန်ဖြစ်ပြီး ခင်ပွန်းက ဓားဖြင့်ထိုးသဖြင့် ဇနီးသေဆုံး

**စစ်ကိုင်း ဇွန် ၃**

စစ်ကိုင်းမြို့ မိုးဇာရပ်ကွက်အနီး စစ်ကိုင်းမြို့မဈေး၌ ယနေ့ နံနက်ပိုင်းက ကွာရှင်းပြီးခါစ ခင်ပွန်းဖြစ်သူက ဇနီးအား ဓားဖြင့်ထိုးသဖြင့် သေဆုံးသွားကြောင်း သိရသည်။

စစ်ကိုင်းမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူး ခိုင်စိုးထွန်းသည် ဇွန် ၃ ရက် နံနက် ၆ နာရီခန့်က စစ်ကိုင်းမြို့ မိုးဇာရပ်ကွက် မြို့မဈေးတွင် စကားများရန်ဖြစ် ဓားထိုးမှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ စစ်ကိုင်းမြို့နေ မဇင်မာဝင်း (ခ)မမိမဲ (၃၂ နှစ်)မှာ ဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိ ရ၍ နာရေးကူညီမှုယာဉ်ဖြင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်အားစုံစမ်းရာ မဇင်မာဝင်းသည် မြို့မဈေး ပုံကျဈေးတန်းတွင် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က အမဲသားရောင်းချနေစဉ် လွန်ခဲ့သော နှစ်ရက်ခန့်က ကွာရှင်းထားသော ၎င်း၏ ခင်ပွန်းဖြစ်သူ စိုးနိုင်ဦး ရောက်ရှိလာပြီး စကားများရန်ဖြစ်ရာ ၎င်းက အသင့်ပါလာသည့်ဓားဖြင့် မဇင်မာဝင်းအားထိုးသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ကိုစိုးနိုင်ဦး (၃၃ နှစ်)ကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ညောင်လေးပင်မြို့၌ လယ်ယာမြေဖြေရှင်းပေးရန် ကြန့်ကြာနေမှု ကိစ္စနှင့်ပတ်သက်၍ တောင်သူများ ဆန္ဒထုတ်ဖော်

**ညောင်လေးပင် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးရှေ့၌ ဇွန် ၃ ရက်က တောင်သူများက လယ်ယာမြေဖြေရှင်းပေးရန် ကြန့်ကြာနေမှု ကိစ္စနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်သူ ဦးစောကျော်စွာမင်းနှင့် အဖွဲ့ဝင် ၅၀ ခန့်တို့သည် ငြိမ်းချမ်းစွာစီတန်း၍ ကြွေးကြော်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြန်မာ့ရုပ်မြင်သံကြား

၄-၆-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၉း၁၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သော ဘုရားများ" (လောကမဏိစူဠာဘုရား၊ ကျွဲဆည်ကန်ဘုရား)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (မိုးကြိုးအန္တရာယ်)
- ၁၀း၃၅ - "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၅)
- ၁၂း၃၀ - လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေး
- ၁၄း၁၀ - LGP Liquefied Petroleum Gas (မီးဘေး)
- ၁၄း၁၅ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၂၅ - အာရုံမစိုက်ဘဲ မောင်းနှင်ခြင်း
- ၁၆း၃၅ - "ရေမြေလေထုညစ်ညမ်းမှု လူသားအားလုံးသတိပြု"
- ၁၇း၀၅ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "ထန်းတောနယ်မှ အိုးစည်သံ"
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "Channel Zero" (အပိုင်း-၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ဆေးလိပ်ဆေးရွက်ကြီး ရောဂါ အန္တရာယ် အသိပေးနှိုးဆော်ချက်
- ၂၀း၃၅ - "စစ်ကိုင်းမြို့ဂုဏ်ဆောင် ကြိမ်လက်မှုပညာ"
- အနုပညာခန်းရိပ်သာ "ဦးတင်ဦးလေးနှင့် တွေ့ဆုံခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (အပိုင်း-၉)

# လှိုင်သာယာစက်မှုဇုန်ရှိ မြန်မာအထည်ချုပ်စက်ရုံတွင် မိန်းကလေးများအား ကာယိန္ဒြေထိခိုက်အောင် ပြုလုပ်သည့် စက်ရုံမှူးအား အလုပ်မှ ထုတ်ပယ်ရန် ဆန္ဒထုတ်ဖော်ရာ အလုပ်သမားများ တိုက်ခိုက်ခံရ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းရှိ မြန်မာအထည်ချုပ်စက်ရုံတွင် မေ ၂၈ ရက်က အလုပ်သမားမိန်းကလေးတစ်ဦးအား နိုင်ငံခြားသားစက်ရုံမှူးက မဖွယ်မရာပြုလုပ်မှုအပေါ် အရေးယူပေးရန် အလုပ်သမား ၆၀၀ ကျော်က ဆန္ဒထုတ်ဖော်လျက်ရှိရာ ဇွန် ၃ ရက် ညနေ ၆ နာရီတွင် စက်ရုံရှေ့တံခါးဝရှိ အလုပ်သမားများနှင့် အထွေထွေမန်နေဂျာ၊ စက်ရုံမန်နေဂျာနှင့် အလုပ်သမားအချို့က ဝင်ရောက်ရိုက်နှက်ကြရာ မူးမေ့လဲသူ အမျိုးသမီးတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာ အနည်းငယ်ရခဲ့ကြောင်း သိရသည်။

"ဖြစ်ရတဲ့ အကြောင်းရင်းက အင်ဒိုနီးရှားနိုင်ငံသားစက်ရုံမှူးက အထည်သိမ်းသလိုနဲ့ စက်ရုံက မိန်းကလေးတစ်ယောက်ကို မဖွယ်မရာလုပ်တယ်။ အဲဒီလို ဖြစ်စဉ်မျိုး မိန်းကလေး ၂၀ လောက် ခံခဲ့ရဖူးတယ်။ ဒါကြောင့် အဲဒီလူကို အလုပ်ကထုတ်ပေးဖို့ မြို့နယ်ကိုလည်း တိုင်တယ်။ စက်ရုံကိုလည်း ပြောတယ်။ ညှိနှိုင်းတာ ငါးခါကျော်ပြီ။ စက်ရုံက နောက်ဆုံးသတိပေးမယ်လို့ ပြောတယ်။ ဒါမျိုးထပ်ဖြစ်နိုင်တာကြောင့် စက်ရုံအပြင်မှာ ဆန္ဒထုတ်ဖော်တာ ဖြစ်ပါတယ်"ဟု အလုပ်သမား ကိုယ်စားလှယ် ဦးရဲရင့်က ပြောသည်။

အဆိုပါနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ပြဿနာဆက်မဖြစ်စေရန် လုံခြုံရေးဖြင့် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**၁၆၄**

# အမေရိကန်သမ္မတ ထရမ့် ဥရောပသုံးနိုင်ငံခရီးစဉ် စတင်

**ဝါရှင်တန် ဇွန် ၃**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဥရောပသုံးနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွက် ဇွန် ၂ ရက်က ဥရောပသို့ စတင်ထွက်ခွာသွားခဲ့သည်။ ဇွန် ၃ ရက်တွင် ဗြိတိန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက် ၂ သည် သမ္မတထရမ့်နှင့် ဇနီးဖြစ်သူ မာလာ နီရာထရမ့်တို့ကို ဘာကင်ဟမ်နန်းတော်၌ နေ့လယ်စာစားပွဲနှင့် ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ယခုခရီးစဉ်သည် သမ္မတ ထရမ့်အတွက် ပထမဆုံး ဗြိတိန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရောက်ခြင်းလည်းဖြစ်သည်။ ဗြိတိန်ခရီးစဉ်အတွင်း မကြာမီနုတ်ထွက်တော့မည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ထရီဆာမေနှင့်တွေ့ဆုံစဉ် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုအပြီး အမေရိကန်နှင့် ဗြိတိန်တို့ နှစ်နိုင်ငံကုန်သွယ်မှုတို့အတွက် ဆွေးနွေးသွားလိုသည်ဟု ထရမ့်က ဗြိတိန်သို့မထွက်ခွာမီ သတင်းထောက်များကို ပြောခဲ့သည်။ နောက်ထပ်ဆွေးနွေးမည့်အကြောင်းအရာမှာ တရုတ်နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးကုမ္ပဏီကိုဘေးထုတ်ပစ်ရန်လည်း ဆွေးနွေးသွားဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

အမေရိကန်သည် လုံခြုံရေးစိုးရိမ်ရသည်ဟုဆိုကာ ဗြိတိန်နိုင်ငံအပါအဝင် ဥရောပမဟာမိတ်နိုင်ငံများကို ဟွာဝေး၏ 5G ကွန်ရက်ကို အသုံးမပြုရန် တောင်းဆိုထားသည်။ သို့သော် ဗြိတိန်နိုင်ငံသည် ဟွာဝေးထုတ်ကုန်များအားလုံးကို လုံးဝအသုံး မပြုဘဲပိတ်ပစ်ရန် ဆန္ဒမရှိဟု သတင်းများတွင် ဖော်ပြကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်များ ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေကို ဆင်းသက်ခဲ့သည့် အထိမ်းအမှတ်နေ့ဖြစ်သည့် (၇၅) ကြိမ်မြောက် D Day နေ့ အခမ်းအနားကိုလည်းသမ္မတ ထရမ့်တက်ရောက်သွားမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံခရီးစဉ်အပြီးတွင် အိုင်ယာလန်နှင့်ပြင်သစ်တို့သို့ ဆက်လက်ထွက်ခွာရန် စီစဉ်ထားပြီး အဆိုပါတိုင်းပြည်များမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**
**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဇနီး မယ်လာနီရာထရမ့်တို့ ဇွန် ၃ ရက်က လန်ဒန်မြို့သို့ ရောက်ရှိစဉ်။

# အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း ပျောက်ဆုံး

**နယူးဒေလီ ဇွန် ၃**

အိန္ဒိယ လေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း အာသံပြည်နယ်ရှိ အခြေစိုက်စခန်းမှ ပျံသန်းထွက်ခွာလာပြီးနောက် ပျောက်ဆုံးသွားကြောင်း သိရသည်။

အန်တိုနော့ဗ် အေအင်န် ၃၂ သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက နောက်ဆုံးဆက်သွယ်မှုရရှိခဲ့ပြီး လေယာဉ်ပေါ်တွင် အမှုထမ်းရှစ်ဦးနှင့် ခရီးသည် ငါးဦး အပါအဝင် ၁၃ ဦး လိုက်ပါလာခဲ့ကြောင်း ဖော်ပြထားသည်။

အိန္ဒိယလေတပ်သည် ပျောက်ဆုံးလေယာဉ်ကို ခြေရာခံနိုင်ရန်အတွက် ရနိုင်သမျှ အရင်းအမြစ်များအားလုံးကို ဖြန့်ကြက်ထားသည်။

အန်တိုနော့ဗ် အေအင်န် ၃၂ လေယာဉ်သည် အာသံရှိ ဂျော်ဟတ်မှ ပျံသန်းထွက်ခွာလာခဲ့ပြီး အရှေ့နာချယ်ပရာဒက်ရှ်ရှိ မက်ချူကာ တောင်ကြားတွင်တည်ရှိသည့် မက်ချူကာ လေယာဉ်ကွင်းဆီသို့ ဦးတည်ပျံသန်းလာခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်သည် ပျံသန်းထွက်ခွာလာပြီး ၃၅မိနစ်ခန့်အကြာတွင် ရေဒါနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၆ခုနှစ် ဇူလိုင်လအတွင်းကလည်း အိန္ဒိယလေတပ်မှ အေအင်န် ၃၂ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ဘင်္ဂလားပင်လယ်အော်အလွန်၌ ပျောက်ဆုံးသွားခဲ့ပြီး ပျောက်ဆုံးလေယာဉ်ကို ယခုထက်တိုင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။

**ဆင်ဟွာ**



ပျောက်ဆုံးသွားသော အေအင်န် ၃၂ သယ်ယူပို့ဆောင်ရေးလေယာဉ်။

# အီရန်နှင့် ဆွေးနွေးသွားရန် အသင့်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးပြော

**တီဟီရန် ဇွန် ၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အမေရိကန်ပြည်ထောင်စုသည် ကြိုတင်ပြင်ဆင်ထားခြင်း မရှိဘဲ အီရန်နှင့် ဆွေးနွေးရန် ပြင်ဆင်နေသည်ဟု ပြောသည်။ အီရန်နိုင်ငံနှင့် အဆင်ပြေနိုင်မည့် ဆွေးနွေးမှုများကို ဦးတည်နေသည့် ၎င်း၏ရပ်တည်ချက်များကို တနင်္ဂနွေနေ့က ဆွစ်ဇာလန်နိုင်ငံတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မိုက်ပွန်ပီအိုက ထောက်ပြပြောဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏မူဝါဒသည် အီရန်အပေါ် ဖိအားများပေးရန်ဖြစ်ပြီး အမေရိကန်သည် အီရန်အစိုးရနှင့် ၎င်း၏တော်လှန်ရေးအစောင့်တပ်၏ အန္တရာယ်ရှိသည့်လှုပ်ရှားမှုများမှ ပြောင်းလဲပစ်နိုင်မည့် နည်းလမ်းများကိုရှာဖွေနေကြောင်း မိုက်ပွန်ပီအိုက ပြောသည်။

သို့သော် အီရန် အာဏာပိုင်များကမူ တိုက်ရိုက်ဆွေးနွေးရန် မိုက်ပွန်ပီအို၏ ကမ်းလှမ်းမှုကိုငြင်းဆန်ထားသည်။ နှစ်နိုင်ငံကြားကွဲပြားခြားနားသည့် အမြင်များမှာ ကျယ်ပြန့်စွာရှိနေဆဲဖြစ်ကြောင်း အီရန်အာဏာပိုင်များက အကြောင်းပြချက်ပေးထားသည်။ အမေရိကန်သတင်းဌာနတစ်ခုဖြစ်သည့် အေဘီစီသတင်းဌာနနှင့်အင်တာဗျူးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်က အမေရိကန်နှင့်ဆွေးနွေးမှုမှာ ဖြစ်လာနိုင်ဖွယ်မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆွေးနွေးမှုဆိုသည်မှာ အမေရိကန်က အီရန်အပေါ်ထားရှိမည့် နောက်ထပ်ဖိအားတစ်ခုပင် ဖြစ်သောကြောင့်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

မိုက်ပွန်ပီအို၏ အကြံပြုချက်ကို အီရန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့ပြီး အီရန်နိုင်ငံသည် စကားလုံးများဖြင့် ကစားရန် စိတ်မဝင်စားကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

# ယူအက်စ်အက်စ် ဂျွန်မက်ကိန်းသင်္ဘောကို ကွယ်ဝှက်ထားရန် သမ္မတထံမှ ညွှန်ကြားချက်ရရှိခဲ့ကြောင်း ပင်တဂွန်ပြော

**ဝါရှင်တန် မေ ၃**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဂျပန်သို့ အလည်အပတ်ရောက်ရှိနေချိန်အတွင်း အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ် ဂျွန်မက်ကိန်းကို ကွယ်ဝှက်ထားရန် အိမ်ဖြူတော်က တောင်းဆိုခဲ့ကြောင်း ပင်တဂွန်အကြီးအကဲက အတည်ပြုခဲ့သည်။

သမ္မတ၏ ရှေ့ဆောင်အဖွဲ့မှ တစ်စုံတစ်ယောက်က သင်္ဘောအားကွယ်ဝှက်ထားရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ဟန်ရှိကြောင်း၊ သို့သော်လည်း ယင်းကိစ္စအတွက် မည်သူ့ကိုမျှ ထုတ်ပယ်ရန်မရှိကြောင်း အိမ်ဖြူတော်အကြီးအကဲ မစ်မာလ်ဗန်နီက ဝါရှင်တန်၌ ပြောကြားခဲ့သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန်စစ်အခြေစိုက်စခန်းသို့ သမ္မတထရမ့် သွားရောက် လည်ပတ်ခဲ့စဉ်အတွင် အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ် ဂျွန်မက်ကိန်း၏အမည်ကို မှေးမှိန်အောင် လုပ်ဆောင်လိုသည့် ကြိုးပမ်းမှုဖြစ်ကြောင်း၊ အမေရိကန်သတင်းမီဒီယာက ဖော်ပြခဲ့ပြီး ယင်းစွပ်စွဲချက်များကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်နှင့် သမ္မတတို့က ငြင်းဆန်ထားကြောင်း သိရသည်။

သို့သော်လည်း ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က သမ္မတ၏ရုံးအဖွဲ့သည် ဂျပန်အခြေစိုက် အမေရိကန်ရေတပ်ဖွဲ့ သင်္ဘောစုနှင့်ဆက်သွယ်ခဲ့ပြီး ယူအက်စ်အက်စ် ဂျွန်မက်ကိန်းသင်္ဘောကို မြင်ကွင်းမှ ကွယ်ဝှက်ထားရန် ညွှန်ကြားခဲ့ကြောင်း၊ သို့သော်လည်း ညွှန်ကြားချက်ကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း အာရှခရီးစဉ် သွားရောက်ရန်အတွက် ဆိုးလ်မြို့သို့ လေယာဉ်ဖြင့် ပျံသန်းထွက်ခွာနေစဉ်အတွင်း မီဒီယာများသို့ ဖြေကြားခဲ့သည်။

**အေအက်ဖ်ပီ**




ပြန်လည်ပြင်ဆင်မွမ်းမံနေသည့် ယူအက်စ်အက်စ် ဂျွန်မက်ကိန်းသင်္ဘောကို တွေ့ရစဉ်။

# ထိုင်းမိဖုရားသစ် အတ္ထုပ္ပတ္တိကို တရားဝင်ထုတ်ပြန်

**ဗန်ကောက် ဇွန် ၃**

ထိုင်းမိဖုရားသစ် ဆုသီဒါ၏ အတ္ထုပ္ပတ္တိကို တနင်္ဂနွေနေ့က တရားဝင်ထုတ်ပြန်လိုက်ကြောင်းသိရသည်။ ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနမှ အဆိုပါအတ္ထုပ္ပတ္တိကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မိဖုရားဆုသီဒါ၏ မွေးနေ့ပွဲမတိုင်မီ တစ်ရက်အလိုတွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုင်းအစိုးရသည် မေ ၁၄ ရက်က ထိုင်းမိဖုရား ဆုသီဒါ၏မွေးနေ့ကို နိုင်ငံတော်အားလပ်ရက်အဖြစ် ကြေညာခဲ့ပြီး အဆိုပါကြေညာချက်အရ ယင်းအားလပ်ရက်သည် ဇွန် ၃ ရက်တွင် ကျရောက်မည်ဖြစ်သည်။

ထိုင်းမိဖုရားဆုသီဒါသည် ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းနှင့် ပြီးခဲ့သည့်လ မေ ၁ ရက်က လက်ထပ်ခဲ့သည်။ မိဖုရားဆုသီဒါသည် အဆမ်းရှင်းတက္ကသိုလ်မှဘွဲ့ရခဲ့သည်ဟု နန်းတော်မှထုတ်ပြန်သည့် ကြေညာချက်တွင်ပါဝင်သည်။

**ဆင်ဟွာ**

# အာရပ်ကမ္ဘာရဲ့ ဩဇာအာဏာကြီးမားတဲ့ပုဂ္ဂိုလ်

ကလျာမိုးမြင့်

**အာရပ်စော်ဘွားများ ပြည်ထောင်စုလေတပ်ဖွဲ့ရဲ့ အုပ်ချုပ်ရေးအကြီးအကဲဖြစ်ခဲ့ဖူးတဲ့ မင်းသား မိုဟာမက် ဘင်ဇေယက်ဟာ အသက် ၂၉နှစ်အရွယ်တုန်းက လက်နက်တွေဝယ်ယူဖို့အတွက် ဝါရှင်တန်ကိုရောက်လာခဲ့ဖူးပါတယ်။ ၁၉၉၁ခုနှစ်တုန်းက ကူဝိတ်ကို အီရတ်ကျူးကျော်မှု ပြုလုပ်ခဲ့ပြီးနောက်မှာ ငယ်ရွယ်တဲ့ မင်းသား ဘင်ဇေယက်ဟာ ရေနံကြွယ်ဝတဲ့ ၎င်းရဲ့သက်ဦးဆံပိုင်ဘုရင့်နိုင်ငံကို ကာကွယ်ဖို့အတွက်ဆိုပြီး ဟဲလ်ဖိုင်းယား ဒုံးကျည်တွေကနေ၊ အပါချီ ရဟတ်ယာဉ်တွေအပါအဝင် အက်ဖ် ၁၆ ဂျက်လေယာဉ်တွေအထိ အကြီးစား စစ်လက်နက်ပစ္စည်းတွေအများအပြားကို အကြီးအကျယ်ဝယ်ယူချင်နေခဲ့ပြီး အဲဒီအတွက်ကြောင့် ကွန်ဂရက်လွှတ်တော်က မင်းသားဘင်ဇေယက်ကို ဒေသတွင်းတည်ငြိမ်မှုကို ဖျက်ဆီးပစ်လိုက်နိုင်သူတစ်ယောက်အဖြစ် စိုးရိမ်မကင်းဖြစ်ခဲ့ပါတယ်။**

### အလားအလာကောင်းရှိတဲ့သူ

ဒီလိုရှိပေမယ့်လည်း ပင်လယ်ကွေ့ဒေသအတွင်းမှာ မဟာမိတ်တွေနဲ့ လိုက်လျောညီထွေရှိတဲ့ ဆက်ဆံရေးတစ်ရပ်ကို ပျိုးထောင်ဖို့ ကြိုးစားနေတဲ့ ပင်တဂွန်ကတော့ မင်းသား မိုဟာမက် ဘင်ဇေယက်ကို အလားအလာကောင်းရှိတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ သတ်မှတ်ထားပြီဖြစ်ပါတယ်။ မင်းသားဘင်ဇေယက်ဟာ စိတ်ဓာတ်ပြင်းထန်တဲ့သူဖြစ်ပြီး ၁၉၉၁ ခုနှစ်က ဖြစ်ပွားတဲ့ အီရတ်စစ်ပွဲအတွင်းမှာ အကူအညီပေးဖို့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ဘဏ္ဍာတိုက်ဆီ အမေရိကန်ဒေါ်လာ လေးဘီလီယံ လွှဲပြောင်းပေးဖို့ ဖခင်ကို စည်းရုံးခဲ့သူဖြစ်ပါတယ်။ ၎င်းဟာ ဗြိတိန်မှာ လေ့ကျင့်ခဲ့တဲ့ ရဟတ်ယာဉ်ပိုင်းလော့လည်း ဖြစ်ပါတယ်။

### ခြိမ်းခြောက်လာဖို့မရှိ

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရစ်ချတ် အေကလာကီက ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းသားဟာ ဘယ်တော့မှ ရန်လိုကျူးကျော်တဲ့သူ တစ်ယောက်ဖြစ်လာမှာမဟုတ်ဘူးလို့ ဥပဒေပြုလွှတ်တော်အမတ်တွေကို နှစ်သိမ့်စကားဆိုခဲ့ပါတယ်။ အာရပ်စော်ဘွားများပြည်ထောင်စုဟာ အခုရော နောင်အနာဂတ်မှာပါ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာစရာအကြောင်း မရှိဘူး။ ဒီလိုဖြစ်လာမယ်လို့ စိတ်ကူးယဉ်ကြည့်ဖို့တောင် ခက်ခဲတယ်။ တကယ်တမ်းမှာ ယူအေအီးဟာ ငြိမ်းချမ်းရေးရဲ့အင်အားတစ်ရပ်ပဲလို့ မစ္စတာကလာကီက ကွန်ဂရက်လွှတ်တော် အစည်းအဝေးမှာ ပြောကြားခဲ့တာပါ။

နှစ်ပေါင်း ၃၀ ကြာမြင့်ပြီးတဲ့နောက် အခုအချိန်မှာ အသက် ၅၈ နှစ်ရှိနေပြီဖြစ်တဲ့အပြင် အဘူဒါဘီရဲ့ အိမ်ရှေ့မင်းသားဖြစ်ပြီး အာရပ်စော်ဘွားများပြည်ထောင်စုရဲ့သက်ဦးဆံပိုင်အုပ်ချုပ်သူတစ်ဦးဖြစ်တဲ့ မင်းသား မိုဟာမက် ဘင်ဇေယက်ဟာဆိုရင် အာရပ်ကမ္ဘာမှာ ဩဇာအာဏာအကြီးဆုံးခေါင်းဆောင်တစ်ဦးလို့ ဆိုရလောက်သူတစ်ဦး ဖြစ်လာခဲ့ပါတယ်။ မင်းသားဟာ အမေရိကန်ပြည်ထောင်စုကို ဒေသတွင်းမှာ ၎င်းရဲ့စစ်မက်လိုလားတဲ့ ချဉ်းကပ်မှုပုံစံမျိုးကို ကျင့်သုံးဖို့ တိုက်တွန်းနေတဲ့ ပြည်ပကဩဇာလွှမ်းမိုးမှုအရှိဆုံးသူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

### ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးလား

မင်းသား ဘင်ဇေယက်ဟာဆိုရင် အမေရိကန်ပြည်သူတွေသိပ်မသိကြတဲ့ပုဂ္ဂိုလ်တစ်ဦးလို့ဆိုနိုင်ပြီး ၎င်းရဲ့သေးငယ်တဲ့ တိုင်းပြည်အတွင်းမှာ နိုင်ငံသားအရေအတွက်ဟာ Rhode Island ကထက်တောင် နည်းပါးပါတယ်။ ဒါပေမယ့် ၎င်းဟာ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မင်းသားဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ တန်ဖိုးရှိတဲ့ အချုပ်အခြာအာဏာပိုင် ဥစ္စာနေရန်ပုံငွေကို ထိန်းချုပ်ထားပြီး ဒီပမာဏဟာ တခြားနိုင်ငံတွေထက် ပိုပါတယ်။

ဝါရှင်တန်မှာ ၎င်းရဲ့လွှမ်းမိုးမှုဟာဆိုရင်လည်း သမိုင်းတွင်



၂၀၁၇ ခုနှစ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မင်းသား မိုဟာမက် ဘင်ဇေယက်ကို အိမ်ဖြူတော်၌ ကြိုဆိုနှုတ်ဆက်ခဲ့စဉ်။

လောက်အောင် ပြောစမှတ်တွင်နေပြီး ၎င်းရဲ့စစ်တပ်ဟာ အာရပ်ကမ္ဘာမှာ ဩဇာအာဏာအရှိဆုံးဖြစ်သလို နယ်စပ်ကိုကျော်လွန်ပြီး တိုက်ခိုက်တဲ့ စစ်ဆင်ရေးတွေလုပ်ဆောင်ဖို့နဲ့ နည်းပညာမြင့် အနီးကပ်စုံစမ်းထောက်လှမ်းမှုတွေလုပ်ဆောင်ဖို့အတွက် အမေရိကန်နဲ့ အတူလက်တွဲလုပ်ဆောင်မှုတွေနဲ့ မွမ်းမံထားပါတယ်။

### ကိုယ့်လမ်းကိုယ်ဖောက်တဲ့သူ

မင်းသား မိုဟာမက် ဘင်ဇေယက်ဟာ ဆယ်စုနှစ်တွေများစွာကြာတဲ့အထိ အမေရိကန်ရဲ့ အဓိကမဟာမိတ်အဖြစ် တည်ရှိလာခဲ့သလို အမေရိကန်ရဲ့ ဦးဆောင်မှုနောက်ကနေလိုက်ပါလာတဲ့သူဖြစ်ပေမယ့် အခုချိန်မှာတော့ ၎င်းဟာကိုယ်ပိုင်လမ်းကြောင်းကို ဖောက်ပြီးသွားနေပါပြီ။ ၎င်းရဲ့အထူးတပ်ဖွဲ့တွေဟာ ယီမင်၊ လစ်ဗျား၊ ဆိုမာလီယာနဲ့ အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းတွေမှာ လှုပ်ရှားနေပါတယ်။ အရှေ့အလယ်ပိုင်းဒေသရဲ့ ဒီမိုကရေစီ ကူးပြောင်းရေးတွေမှာလည်း ၎င်းကရှုပ်ထွေးအောင်လုပ်ဆောင်ခဲ့သလို အီဂျစ်နိုင်ငံအတွင်းမှာ စိတ်ချယုံကြည်ရတဲ့ သက်ဦးဆံပိုင်အုပ်ချုပ်မှုစနစ်ကိုလည်း အသက်ဝင်လာအောင် အထောက်အကူပြုခဲ့ပါတယ်။

### တည်ငြိမ်မှုပျက်ပြားအောင်လုပ်ဆောင်

ဒီလိုအချိန်မျိုးမှာပဲ မင်းသားဟာ အမေရိကန်ရဲ့ မူဝါဒနဲ့ ဆန့်ကျင်လာခဲ့ပြီး အိမ်နီးချင်းနိုင်ငံတွေကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်လာသူအဖြစ် နာမည်ထွက်လာခဲ့ပါတယ်။ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေက မင်းသားဘင်ဇေယက်ဟာ ယီမင်ပြည်တွင်းစစ်အတွင်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဖြစ်စေခဲ့တဲ့ ၎င်းရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ ၎င်းနဲ့သဘောထားကွဲလွဲတဲ့သူတွေကို ဖမ်းဆီးထောင်ချမှုတွေ ပြုလုပ်ခဲ့တာတွေကြောင့် ဝေဖန်လျက်ရှိနေပါတယ်။ ပြီးတော့ ဆော်ဒီအစိုးရအပေါ်ဝေဖန်ရေးသားမှုတွေလုပ်တဲ့ ဆော်ဒီသတင်းထောက် ဂျမားလ် ခါရှောဂီကို ဆော်ဒီမင်းသားရဲ့အေးဂျင့်တွေက သတ်ပစ်လိုက်မှုမှာလည်း ကူညီအားပေးခဲ့တယ်ဆိုပြီး ဝေဖန်မှုတွေ ပေါ်ထွက် နေခဲ့ပါတယ်။

### အရင်ကထက် လွှမ်းမိုးလာ

အခုချိန်အထိကတော့ အမေရိကန်သမ္မတထရမ့်အစိုးရအဖွဲ့ရဲ့အုပ်ချုပ်မှုအောက်မှာ မင်းသားဘင်ဇေယက်ရဲ့ဝါရှင်တန်အပေါ်လွှမ်းမိုးမှုဟာ အရင်တုန်းကထက်တောင် အရှိန်အဝါကြီးမားလာပုံပါပဲ။ ၎င်းဟာ သမ္မတထရမ့်နဲ့လည်း အပြန်အလှန် ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးရှိနေပြီး သမ္မတထရမ့်ကလည်း ကာတာ၊ လစ်ဗျားနဲ့ ဆော်ဒီအာရေဗျအရေးကိစ္စတွေနဲ့ ပတ်သက်လာရင် အစိုးရအဖွဲ့အကြီးအကဲတွေနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲတွေရဲ့ အကြံဉာဏ်ကို ကျော်လွန်ပြီးတော့တောင် မင်းသားဘင်ဇေယက်ရဲ့ ရှုမြင်ပုံအတိုင်းပဲ အကြိမ်ကြိမ်လက်ခံကျင့်သုံးခဲ့ပါတယ်။

### လက်နက်ရောင်းချဖို့ကြိုးစား

မင်းသားမိုဟာမက် ဘင်ဇေယက်ကို MBZ လို့ သိထားကြတဲ့ အနောက်နိုင်ငံ သံအမတ်ကြီးတွေက မင်းသားမှာ အစွဲအလမ်းကြီးတဲ့ ရန်သူတော်နှစ်မျိုးရှိတယ်။ အဲဒါကတော့ အီရန်နဲ့ မွတ်စလင်ညီအစ်ကိုများ အဖွဲ့ပဲလို့ ဆိုကြပါတယ်။ သမ္မတထရမ့်ကတော့ ဒီအချက်နှစ်ခုစလုံးကို အကြီးအကျယ်ကန့်ကွက်ငြင်းဆန်ဖို့ ကြိုးစားနေပြီး ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတုန်းက ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုကို လက်နက်တွေဆက်လက်ရောင်းချသွားရေး ကွန်ဂရက်လွှတ်တော်ရဲ့ ကန့်ကွက်မှုကို ကျော်လွန်ပြီး လုပ်ဆောင်နိုင်ဖို့ ရှေ့ဆက်တိုးခဲ့ပါတယ်။

### ဖမ်းဆီးစစ်ဆေး

ဒီနေ့အချိန်မှာ မင်းသားမိုဟာမက် ဘင်ဇေယက်အတွက် အလုပ်လုပ်ပေးနေတဲ့သူ ငါးဦးထက်မနည်းကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေအတွက် ဖမ်းဆီးထားပြီဖြစ်ပါတယ်။ ဆယ်စုနှစ်သုံးခုကြာအောင် အမေရိကန်ပြည်ထောင်စုကို ပုံမှန်လည်ပတ်လေ့ရှိတဲ့ မင်းသားဟာ အခုဆိုရင် အမေရိကန်နဲ့ခပ်ခွာခွာနေခဲ့တာ နှစ်နှစ်ကြာပြီဖြစ်ပြီး အစိုးရရှေ့နေတွေက ၎င်းနဲ့ ၎င်းရဲ့လက်ထောက်တွေကို မေးခွန်းတွေမေးမြန်းမှာစိုးတဲ့အတွက် အခုလိုခပ်ခွာခွာဖြစ်နေရတာလို့ မင်းသားနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ သတင်းရင်းမြစ်တွေအရ သိရပါတယ်။ ဝါရှင်တန်မှာရှိနေတဲ့ ယူအေအီးသံရုံးကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ ။

ကိုးကား- နယူးယောက်တိုင်းမ်



## ဗင်နီဇွဲလားနိုင်ငံရှိ ကနေဒါသံရုံးတွင် လုပ်ငန်းများရပ်ဆိုင်းထား

**အော့တဝါ ဇွန် ၃**

ကနေဒါနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံရှိ သံရုံးတွင် လုပ်ငန်းဆောင်တာများကို ခေတ္တရပ်ဆိုင်းထားကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ်စတီးယားဖရီးလန်းက ဇွန် ၂ ရက်တွင် ပြောသည်။

ကနေဒါနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံရှိ ကနေဒါနိုင်ငံသားများအတွက် ကိုလံဘီယာရှိ ကနေဒါသံရုံးမှတစ်ဆင့် ကောင်စစ်ဝန်နှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ဆက်လက်ထောက်ပံ့ပေးနေဆဲဖြစ်ကြောင်း ဖရီလန်းက ပြောသည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုက ခန့်အပ်ထားသည့် ကနေဒါနိုင်ငံဆိုင်ရာ ဗင်နီဇွဲလားသံတမန်များ၏အခြေအနေကို ကနေဒါနိုင်ငံမှ အကဲဖြတ်နေဆဲဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးက ပြောသည်။ လွန်ခဲ့သည့် ခုနစ်လခန့်မှစ၍ ကနေဒါနိုင်ငံသည် ၎င်း၏နိုင်ငံသားများ ဗင်နီဇွဲလားနိုင်ငံသို့ သွားရောက်ခြင်းကိုရှောင်ရှားရန် အကြံပြုခဲ့သည်။

ဆင်ဟွာ

## ပါကစ္စတန်ဆေးရုံတစ်ခုတွင် လေအေးပေးစက်ချွတ်ယွင်းမှုကြောင့် မွေးကင်းစကလေးငယ်ရှစ်ဦး အသက်ဆုံးရှုံး

**အစ္စလာမ္မာဘတ် ဇွန် ၃**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဆာဟီဝယ်ခရိုင်အတွင်းရှိ အစိုးရဆေးရုံတစ်ခုတွင် အပူချိန်မြင့်မားနေချိန် လေအေးပေးစနစ် ချွတ်ယွင်းမှုကြောင့် မွေးကင်းစကလေးငယ်ရှစ်ဦးသေဆုံးသွားကြောင်း ဒေသမီဒီယာက ဇွန် ၂ ရက် ညပိုင်းတွင် ပြောကြားခဲ့သည်။

ပန်ဂျပ်ပြည်နယ်အစိုးရ၏ အထူးကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာဌာနသို့ပေးပို့သော စာတစ်စောင်တွင် မွေးကင်းစကလေးငယ်များသေဆုံးရသည့် အဓိကအကြောင်းအရာမှာ လေအေးပေးစနစ် ချွတ်ယွင်းမှုကြောင့် ဖြစ်ကြောင်း ဆာဟီဝယ်ခရိုင် ဒုတိယကော်မရှင်နာမင်းကြီး ဇာမန်ဝါထူက ပြောကြားခဲ့သည်။

ခရိုင်ဆေးရုံကြီး၏ မွေးကင်းစကလေးဆောင်၌ လေအေးပေးစနစ် ချွတ်ယွင်းမှုကြောင့် မွေးကင်းစကလေးငယ်များ သေဆုံးသွားကြောင်း ဇွန် ၁ ရက် ညပိုင်းက လူနာရှင်တစ်ဦး၏ အရေးပေါ်ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် လေအေးပေးစနစ် ချွတ်ယွင်းမှုကြောင့် ကလေးငယ်များ သေဆုံးခဲ့ရဖွယ်ရှိသည်ဆိုသည့် အတည်ပြုချက် ထုတ်ပြန်မှုမရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

# ပညာသင် နှစ်သစ်အစ ကျောင်းများ ဖွင့်ချိန် မြင်ကွင်းများ

၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်ကစ၍ ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ တက်ရောက်သင်ကြားနေသည်ကို တွေ့ရသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုတွင် အခမဲ့ဖြစ်ပြီး မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ ယခုနှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး စသည့် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းပေါင်း ၄၇၀၀၅ ကျောင်းရှိပြီး ကျောင်းအုပ်ကြီးများအပါအဝင် သင်ကြားရေးဆရာ ဆရာမအရေအတွက် ၄၀၄၄၄၄ ဦးရှိကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအပါအဝင် ကျောင်းသားကျောင်းသူဦးရေစုစုပေါင်း ၉ ဒသမ ၇ သန်းကျော်ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ စာရင်းအရ သိရသည်။

အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာနိုင်သည့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူများ၏ မြို့နယ်များ၌ ပညာသင်ယူနေမှု မြင်ကွင်းဓာတ်ပုံများကို စုစည်းဖော်ပြလိုက်ပါသည်။



ရန်ကုန်မြို့ အထက(၆) ဗိုလ်တထောင်၌ ကျောင်းသားများအား ဆရာမက စာသင်ကြားပို့ချပေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်မင်းလတ်



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၌ ကျောင်းသားကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။ စိုင်း(သီပေါ)



ရန်ကုန်မြို့ အထက(၁) ကြည့်မြင်တိုင်၌ ကျောင်းသားမိဘများ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်ဝင်းလေး(ကြည့်မြင်တိုင်)



ရန်ကုန်မြို့ အထက(၃) ပုဇွန်တောင် KG တန်း၌ ကျောင်းသားကျောင်းသူလေးများအား ဆရာမက စာသင်ကြားပို့ချပေးရာ ကလေးငယ်များ ပျော်ရွှင်စွာ နားထောင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်မင်းလတ်



ရန်ကုန်မြို့ မရမ်းကုန်းအထက(၂) ၌ကျောင်းလွှတ်ချိန်တွင် ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများကို တွေ့ရစဉ်။ ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးအထက၌ ကျောင်းသားကျောင်းသူလေးများကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်မောင်(မန်းကိုယ်ပွား)



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူလေးများကို တွေ့ရစဉ်။ ဓာတ်ပုံ- ဟန်လင်းနိုင်

# ကျွန်းလှမြို့၌ လွှတ်တော်ရန်ပုံငွေဖြင့် လမ်းနှင့်ရေနုတ်မြောင်း ပြုပြင်မှုများဆောင်ရွက်

**ကျွန်းလှ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်ကြင်းမြိုင်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးခြင်းနှင့် လမ်းမြေတင် ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်ကြင်းမြိုင်ရပ်ကွက်မှာ ရေနုတ်မြောင်းများ ပိတ်ဆို့နေသောကြောင့် မိုးရာသီကာလတွင် နေအိမ်များအတွင်း ရေဝင်ရောက်ခြင်းနှင့် လမ်းပေါ် ရေကျော်မှုများဖြစ်ကာ သွားလာရေး ခက်ခဲလေ့ရှိကြောင်း၊ ထို့ကြောင့် ယခုလို ရေမြောင်းများတူးဖော်ခြင်းကို ဆောင်ရွက်မှသာ ရေစီးရေလာကောင်းမွန်၍ ပြည်သူများ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းချိုက ပြောကြားသည်။

ရေမြောင်းတူးဖော်သည့်လုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သုံးသိန်းတို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး မဥ္ဇူလမ်းနှင့် မဟော်ဂနီလမ်းတို့တွင် ရေမြောင်းတူးခြင်းနှင့်အတူ အရှည် ပေ ၄၀၀ လမ်းမြေသားတင်ခြင်းနှင့် ရေပြွန်ငါးခုချခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၃၄ စု၊ ကျေးရွာပေါင်း ၁၁၄ ရွာရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် တံတားလုပ်ငန်း ၁၄ ခု၊ လမ်းလုပ်ငန်း ၂၀၊ ရေမြောင်းနှင့် ရေပြွန်လုပ်ငန်း ၁၄ ခု၊ ရေတွင်းနှင့် ရေကန်လုပ်ငန်း နှစ်ခု၊ အခြားလုပ်ငန်း ၁၄ ခု တို့ကို အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



စက်ယန္တရားများဖြင့် ရေနုတ်မြောင်းတူးဖော်မှုများ ဆောင်ရွက်နေစဉ်။

# မိုးများလျှင် ရေနစ်မြုပ်မည်စိုးသည့်တောင်သူများ အခြောက်ထယ်ရေးဖြင့် စပါးများစတင်စိုက်ပျိုး

**ရေတာရှည် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးရထားလမ်း အနောက်ဘက်ကွင်းရှိ တောင်သူများသည် မိုးများလျှင် ရေနစ်မြုပ်မည်စိုး၍ အခြောက်ထယ်ရေးဖြင့် စပါးများ စတင်ကြဲပက်လျက်ရှိသည်ကို တွေ့ရသည်။

နွေရာသီကာလကတည်းက ထယ်ထိုးထားကြပြီး မိုးရွာသွန်းပြီးနောက် ထွန်စက်များ ငှားရမ်း၍လည်းကောင်း၊ လက်တွန်းထွန်စက်ငယ်များဖြင့် လည်းကောင်း အခြောက်ထယ်ရေးဖြင့် စပါးစိုက်ပျိုးရန် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

“ မိုးဆက်ရွာလာရင် လောလောဆယ် ရေထွက်ပေါက်က မရှိသေးဘူး။ ရထားလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှာ တာဝန်ရှိသူတွေကတော့ ရေထွက်ပေါက် ဖွင့်ပေးမယ်လို့တော့ ပြောတယ်။ ဒါပေမယ့် အခုထိ ဘာမှမလုပ်ရသေးတော့ တောင်သူတွေဘက်ကလည်း စိုးရိမ်မှုတွေရှိတယ်။ နွေစပါးမစိုက်ရလို့ စီးပွားရေးအဆင်မပြေရတဲ့အထဲ အခုမိုးစပါးပါ ဆက်ပြီးစိုက်ပျိုးလို့ အဆင်မပြေရင် တောင်သူတွေအတွက် အခက်အခဲတွေ အများကြီးဖြစ်လာမှာ” ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

တောင်သူများ အခြောက်ထယ်ရေးဖြင့် စပါးစိုက်ပျိုးကြရာတွင် လယ်ကန်သင်းများကို နေ့စားငှားရမ်းကာ ပြုပြင်ရခြင်း၊ ထွန်စက်ငှားရမ်း၍ ရိတ်ာဗေတာခုတ်ခြင်း၊ စပါးကြဲပက်ခြင်း၊ လက်တွန်းထွန်စက်ဖြင့် ကြမ်းတုံးဆွဲပြန်ဖုံးရခြင်းတို့ကို ဆောင်ရွက်ကြရသည့်အခါ ကုန်ကျစရိတ် တစ်ဧကလျှင် ငွေကျပ် ငါးသောင်းကျော်ကုန်ကျသည်ကို တွေ့ရသည်။

**သန်းလွင်**



ရေတာရှည်မြို့နယ်၌ အခြောက်ထယ်ရေးဖြင့် စပါးစိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

# တနင်္ဂနွေအပတ်စဉ် အမှိုက်ကောက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်

**တောင်ဥက္ကလာပ ဇွန် ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်မှ ညီအစ်ကိုမောင်နှမများ အဖွဲ့ပေါင်းစုံ ပေါင်းစည်းထားသော No Plastic Campaign-South Okklapa အဖွဲ့သည် တနင်္ဂနွေအပတ်စဉ် အမှိုက်ကောက်လှုပ်ရှားမှုအဖြစ် ယမန်နေ့က (၄) ရပ်ကွက် သဒ္ဒါလမ်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

ယင်းအချိန်က မိုးများသည်းထန်စွာရွာသွန်းနေသော်လည်း အမှိုက်ကောက်လှုပ်ရှားမှုကို မပျက်ဘဲ ပုံမှန်ပြုလုပ်ခဲ့သည်။

ယခုအပတ်တွင် အဖွဲ့ဝင်အသစ်အဖြစ် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း ကေတုမာလာကွေ့ Power Mobile Centre မှ ညီငယ်၊ ညီမငယ်များကလည်း လာရောက် အမှိုက်ကောက်ကြသည်။ အမှိုက်ကောက်လှုပ်ရှားမှုတွင် စိတ်ဝင်စားသူများကိုလည်း ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**ဝင်းထက်ထက်အောင် (ပြန်/ဆက်)**



တောင်ဥက္ကလာပမြို့နယ်၌ စုပေါင်းအမှိုက်ကောက်ခြင်း ဆောင်ရွက်ကြစဉ်။

## မှူခင်းအသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၃**

နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ရည်ရွယ်ကာ နေပြည်တော် တပ်ကုန်းမြို့နယ် ထန်းတောကြီးအုပ်စု သံခဲတောင်ကျေးရွာတွင် မှုခင်းအသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

ဟောပြောပွဲတွင် ရွှေမြို့ရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ဝင်းနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှု ဖြစ်စဉ်များနှင့် ဆောင်ရန် ရှောင်ရန်များ၊ လူကုန်ကူးမှု တားဆီးရေး၊ လူကုန်ကူးမှုဖြစ်ပွားရခြင်းနှင့် ပတ်သက်သော ဆောင်ရန် ရှောင်ရန်များ၊ ကျေးရွာအတွင်း မူးယစ်ရမ်းကားမှု မရှိစေရေးနှင့် အရေးယူဆောင်ရွက်နိုင်သော ဥပဒေကြောင်းများ ဟောပြောကြသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၉ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၄ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၂ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၃ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၁ · ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၈၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ · ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၆၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချင်းတောင်တန်းနှင့် နွားနောက်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ချင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လေ့လာနိုင်ရန် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့မှ ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့အထိ တစ်မြို့ဝင်တစ်မြို့ထွက် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ချင်းပြည်နယ်နေရာအနှံ့တွင် နွားနောက်များကို မြင်တွေ့ခဲ့ရသည်။ ချင်းပြည်နယ်၏ ထင်ရှားသောသတ္တဝါများအဖြစ် အောက်ချင်းငှက်နှင့် နွားနောက်တို့ကို ဖော်ညွှန်းလေ့ရှိကြရာ မိမိတို့ခရီးစဉ်တွင် အောက်ချင်းငှက်များကိုမူ မမြင်တွေ့ခဲ့ရပါချေ။

**ချင်းပြည်နယ်**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ချင်းဝိသေသတိုင်းကို ခရိုင်နှစ်ခုဖြင့် ဖွဲ့စည်းခဲ့ရာ တောင်ပိုင်းခရိုင်တွင် ဟားခါး၊ ပလက်ဝနှင့် မတူပီတို့ ပါဝင်၍ မြောက်ပိုင်းခရိုင်တွင် တီးတိန်၊ ဟားခါးနှင့်ဖလမ်းနယ်များ ပါဝင်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် ချင်းဝိသေသတိုင်းသည် ချင်းပြည်နယ်ဖြစ်လာခဲ့ကာ ဖေဖော်ဝါရီလ ၂၀ ရက်ကို ချင်းအမျိုးသားနေ့ဟု သတ်မှတ်ခဲ့သည်။

လက်ရှိ ချင်းပြည်နယ်တွင် ခရိုင်သုံးခုနှင့် မြို့နယ်ကိုးခု ပါဝင်ပြီး ဟားခါးခရိုင်ကို ဟားခါးနှင့် ထန်တလန်၊ မင်းတပ်ခရိုင်ကို မင်းတပ်၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ၊ ဖလမ်းခရိုင်ကို ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိသည့် ချင်းပြည်နယ်သည် ပြည်မမှ ဝေးလံသည့် တောင်တန်းဒေသတစ်ခုဖြစ်ကာ လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့စဉ်က တစ်မြို့မှ တစ်မြို့သို့ သွားလာရန် တောင်စွယ်တောင်တန်းများကို ဖြတ်ကျော်လျက် အချိန်များစွာယူခဲ့ကြရသည်။ ယခုအချိန်တွင် ချင်းပြည်နယ်၌ မြို့နယ်ချင်းဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများသည် ကောင်းမွန်ကျယ်ဝန်းနေပြီဖြစ်သဖြင့် တစ်မြို့မှ တစ်မြို့သို့ လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်သည်။

ချင်းပြည်နယ်အတွင်း ဖြတ်သန်းသွားလာခဲ့သည့် လမ်းတစ်လျှောက်တွင် မော်တော်ကားလမ်းများကို တိုးချဲ့ဖောက်လုပ်နေပုံကို မြင်တွေ့ခဲ့ကြရကာ မော်တော်ကားလမ်းများအနီးဝန်းကျင်ရှိ တောအုပ်များတွင် အစုလိုက်သွားလာနေကြသည့် နွားနောက်များကိုလည်း တွေ့ရှိခဲ့ကြရပေသည်။

**ချင်းတောင်တန်းမှ နွားနောက်များ**

နွားနောက်များသည် ပြောင်နှင့် စိုင်များကဲ့သို့ တောရိုင်းနွားမျိုးစိတ်(Gavarus)ဝင် သတ္တဝါများ ဖြစ်ကြသည်။ ယင်းမျိုးစိတ်သတ္တဝါများအနက် နွားနောက်သည် ဘို့မပါရှိဘဲ နဖူးက ချိုင့်ဝင်နေကာ သေးငယ်သောနာဖျားရှိ၍ မြေပြန့်တွင် ရှင်သန်ကျက်စားသည့် နွားများကဲ့သို့ လည်ပင်းတွဲကျနေခြင်း မရှိဘဲ အမွေးများက ခြေကျင်းဝတ်အနီးသို့ ရောက်သည်အထိ ရှည်လျားစွာ ပေါက်နေလေ့ရှိကြသည်။ နွားနောက်များတွင် မီးခိုးရောင်ကို အများဆုံးတွေ့ရှိကြရပြီး အနက်ရောင်နှင့် အဖြူအနက်ကျားနေသည့် နွားနောက်များလည်းရှိကာ အမွေးများက စိုလွင်တောက်ပနေသည်။ အများအားဖြင့် နွားနောက်များ၏ ဒူးဆစ်အောက်ပိုင်း ခြေထောက်လေးဖက်သည် အဖြူရောင်ဖြစ်သည်။ ဝမ်းဗိုက်တွင် အဖြူရောင်အမွေးများပေါက်နေသည့် နွားနောက်များလည်း ရှိသည်။ နွားနောက်များကို ရှေ့တည့်တည့်မှကြည့်လျှင် တြိဂံပုံ ဦးခေါင်းကို မြင်ကြရသည်။ ဦးချိုအရင်းပိုင်းသည် အနည်းငယ်ပြားကာ ကျောကုန်းရိုးသည် အနည်းငယ်မို့မောက်၍ အရင်းပိုင်းတုတ်သော အမြီးရှိသည်။

နွားနောက်များကို ချင်းတိုင်းရင်းသားများက Sial ဟု ခေါ်ဆိုကာ အသားစားရန်အတွက် မွေးမြူကြသည်။ သဘာဝအားဖြင့် နွားနောက်များသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ မှ ပေ ၁၀၀၀၀ အကြားတွင် နေထိုင်ကျက်စားလေ့ရှိကြသည်။ အရိပ်အာဝါသကောင်းမွန်သော လျှိုမြောင်များတွင် လှည့်လည် သွားလာနေလေ့ရှိကာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်းရှိ ခေါင်လန်ဖူနှင့် နောင်မွန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်တို့တွင် နွားနောက်များကို တွေ့ရှိကြရသည်။

ချင်းပြည်နယ်တွင် မိသားစုတစ်စု၏ ကြွယ်ဝချမ်းသာမှုကို နွားနောက်ပိုင်ဆိုင်မှုကောင်ရေဖြင့် သတ်မှတ်ခဲ့ကြသည်။ ချင်းတိုင်းရင်းသားရိုးရာပွဲတော်များနှင့် သာရေး၊ နာရေး အခမ်းအနားများတွင် ဧည့်ပရိသတ်များအား နွားနောက်သားဖြင့် ကျွေးမွေးဧည့်ခံလေ့ရှိကြသကဲ့သို့ နွားနောက်ကို တန်ဖိုးသတ်မှတ်လျက် မင်္ဂလာကြေး၊ လျော်ကြေး၊ နစ်နာကြေးများအဖြစ် အသုံးပြုလေ့ရှိကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ထို့ကြောင့် ချင်းပြည်နယ်တွင် နွားနောက်ကောင်ရေများများ ပိုင်ဆိုင်သူသည် ကြွယ်ဝချမ်းသာသူဖြစ်ပေသည်။

**ရှမ်း နတ်နွား**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မှ ဝမ်ရန်၊ ဝမ်အော၊ ဝမ်ထန်လူးနှင့် မိုင်းလားဒေသ သစ်တောများအတွင်း၌လည်း နွားနောက်များ ကျက်စားနေထိုင်ကြသည်။ သို့သော် ယင်းဒေသများမှ ရှမ်းတိုင်းရင်းသားများကမူ နွားနောက်များကို တောစောင့်နတ်၊ တောင်စောင့်နတ်များက ပိုင်ဆိုင်သည်ဟု ယူဆကြကာ သတ်ဖြတ်ခြင်း၊ စားသုံးခြင်း မပြုကြချေ။ ယင်းဒေသများတွင် နွားနောက်များကို နတ်များကပေးထားသည့် နွားဟု သတ်မှတ်ကြပြီး ဖမ်းဆီးသတ်ဖြတ်စားသုံးလျှင် ဆိုင်ရာနတ်များ၏ အပြစ်ဒဏ်ခတ်ခြင်းကို ခံရမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ရှမ်းပြည်နယ်မှ နတ်နွားခေါ် နွားနောက်များသည် ဘေးကင်းစွာ နေထိုင်ကြရပြီး ဒေသခံများသည် နွားနောက်ကို မွေးမြူခြင်းလည်းမပြုလုပ်ကြဘဲ ယင်းတို့သည် တောတောင်များအတွင်း သဘာဝအတိုင်း နေထိုင်ကြပေသည်။

**နွားနောက်မွေးမြူရေး**

ခိုင်းနွား၊ နို့စားနွားနှင့် အသားစားနွားဟူသည့် နွားအမျိုးအစား သတ်မှတ်ချက်အရ နွားနောက်သည် အသားစားနွား အုပ်စုတွင် ပါဝင်သည်။ နွားနောက်တစ်ကောင်၏ ပျမ်းမျှအလေးချိန်သည် ပေါင် ၈၀၀ မှ ၁၃၀၀ အကြားရှိသဖြင့် မြန်မာနွားများထက် ပိုမိုကြီးမားကာ ပြည်ပမျိုးနွယ် ဖရီရှန်နွားများ အရွယ်နီးပါး ရှိကြသည်။

နွားနောက်မွေးမြူကြသူများသည် မိမိတို့ပိုင်ဆိုင်သည့် နွားနောက်များကို ဦးချိုတွင် အမှတ်အသားပြု၍ တောတောင်များသို့လွှတ်ကာ မွေးမြူကြသည်။ ရှေးယခင်က နွားနောက်မွေးသူများသည် မိမိတို့၏နွားနောက်များကို ခြံအတွင်း မွေးမြူခြင်းမဟုတ်ဘဲ အမှတ်အသားပြု၍ တောတွင်း၌ ထားရှိကြသည်။ လိုအပ်ချိန်ရောက်မှသာ ပိုင်ရှင်က မိမိနွားနောက်များကို ဆားကျွေး၍ ပြန်ခေါ်လေ့ရှိကြသည်။ တစ်ခါတစ်ရံတွင် နွားနောက်မွေးသူများအကြား၌ အမှတ်အသားများရောထွေးကာ ပိုင်ဆိုင်မှု အငြင်းပွားခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။

ယခုအခါတွင် ချင်းပြည်နယ်၏ အသားထုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် နွားနောက်များကို ခြံဖြင့် မွေးမြူလာကြသည်။ သို့သော် နွားနောက်များကို ရွာအတွင်း မွေးမြူခြင်းမဟုတ်ဘဲ သစ်တောများအတွင်းမှာပင် မိမိတို့သတ်မှတ်သည့် နေရာတစ်ခုခု၌ ခြံကျယ်ကြီးများခတ်၍ မွေးမြူကြခြင်းဖြစ်သည်။

နွားနောက်ခြံသည် ထင်းရှူးကိုင်းများကို လေးပေ၊ ငါးပေ မြင့်သည့် ခွတိုင်များအဖြစ် စိုက်၍ ခွများပေါ်တွင် မျောတိုင်များတင်ကာ နှီးဖြင့် ချည်နှောင်ထားသည့် အဝန်းအဝိုင်း ဖြစ်ကာ တန်းသုံးလေးတန်းဖြင့် ကာရံထားလေ့ရှိကြသည်။ နွားနောက်များကို ခြံဖြင့်မွေးမြူကြရာတွင် ဇွန်လမှ ဒီဇင်ဘာလ အထိသာ ခြံအတွင်း၌ထားရှိပြီး ကျန်လများတွင် တောအတွင်း၌ လွှတ်ကျောင်းထားကြသည်။ နွားနောက်ခြံရှင် များသည် ခြံတစ်ခြံကို ခြောက်နှစ်မှ ခုနစ်နှစ်အထိသာ အသုံးပြုပြီး ခြံသစ်ပြုလုပ်ရန် နေရာပြောင်းရွှေ့လေ့ရှိကြသည်။

နွားနောက်များသည် မြန်မာနွားများကဲ့သို့ မြက်၊ ကောက်ရိုး စသည်တို့ကို မစားဘဲ သစ်ရွက်စိမ်း၊ နွယ်နှင့် ဝါးရွက်များကို စားကြကာ အုပ်စုဖွဲ့၍ နေထိုင်ကြသည်။ ဆားကို အထူးကြိုက်နှစ်သက်သဖြင့် မွေးမြူရေးခြံရှင်များသည် နွားနောက်များကို ဆားပုံမှန်ကျွေးကြသည်။ ခြံမခတ်ဘဲ တောတောင်များတွင် လွှတ်ကျောင်းမွေးမြူထားသည့် နွားနောက်များကို ဆားပုံမှန်ကျွေးပါက နွားနောက်များသည် ဆားကျွေးချိန်တွင် ဆားကျွေးသည့်နေရာသို့ ရောက်လာလေ့ရှိကြသည်။ နွားနောက်ပိုင်ရှင်များသည် မိမိတို့နွားနောက်များကို ရွာသို့ခေါ်ဆောင်ချိန်တွင် ဆားကျွေးပြီး ဖမ်းဆီးခေါ်ဆောင်ကြရသည်။

ချင်းပြည်နယ်၏ တောင်ပေါ်လမ်းများအနီးရှိ တောတောင်များတွင် နေထိုင်ကြသည့် နွားနောက်များသည် မော်တော်ကားလမ်းများပေါ်သို့ မကြာခဏ တက်လာလေ့ရှိကြပြီး ကားများ၊ ဆိုင်ကယ်များ မောင်းနှင်လာသည်ကိုတွေ့လျှင် တောင်စောင်းများအောက်သို့ ဆင်းပြေးသွားလေ့ရှိကြသည်။ နွားနောက်များသည် လူများကို ရန်မူခြင်းမရှိကြသော်လည်း တောခွေးများကိုမြင်လျှင် အုပ်စုလိုက် လိုက်လံတိုက်ခိုက်လေ့ရှိကြသည်။ တောခွေးများကလည်း နွားနောက် အကောင်ငယ်များကို လိုက်လံ ကိုက်ဖြတ်စားသောက်လေ့ရှိသည်။ နွားနောက်များသည် ရေခိုးရေငွေ့များပြားသည့်နေရာကို နှစ်ခြိုက်ကာ ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသည်။ ကျားနှင့် တောခွေးများ၏ ဖမ်းယူစားသောက်ခြင်းကိုခံရသော်လည်း အကောင်ငယ်အချို့ သေကျေခြင်းမှလွဲ၍ ဆုံးရှုံးမှု နည်းပါးသည်။

နွားနောက်များသည် မြန်မာနွားများထက် ကြီးထွားနှုန်း ပိုမိုမြန်ဆန်၍ အသက် တစ်နှစ်ခွဲတွင် အရွယ်ရောက်ကာ အမများသည် ယင်းအရွယ်တွင် သားတင်နိုင်သည်။ နွားနောက်အထီးများသည် အသက်ရှစ်နှစ်အထိသာ မိတ်လိုက်ကြသော်လည်း နွားနောက်အမများသည် အသက် ၁၅ နှစ်အထိ သားမွေးနိုင်ကြကာ တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်ကောင် သားပေါက်လေ့ရှိကြသည်။ နွားနောက်အမများသည် သားတင်နှုန်း ၁၀၀ ရာခိုင်နှုန်း အောင်မြင်ကာ ပျက်စီးမှု မရှိသလောက်နည်းပါးသည်။ သားပေါက်ရာတွင် နှစ်ကောင်မွေးဖွားခြင်း ရှိတတ်သော်လည်း အလွန်နည်းပါးသည်။

သားပေါက်ပြီး လေးလကြာလျှင် နွားနောက်သားပေါက်များသည် မိခင်နို့ကိုမစို့တော့ဘဲ ပြင်ပအစာများကို စတင်စားကြသည်။ သားပေါက်ချိန်တွင် နွားနောက်မသည် နို့ကောင်းစွာထွက်ရှိသော်လည်း ချင်းတိုင်းရင်းသားများသည် နွားနောက်နို့ကို သောက်သုံးခြင်းမရှိကြချေ။

**နွားနောက် မွေးဖက်ပေး၍ မွေးခြင်း**

ချင်းတိုင်းရင်းသားများသည် နွားနောက်များကို အသားထုတ်လုပ်ရန်အတွက်သာ မွေးမြူကြကာ ယဉ်ပါးစေရန် လေ့ကျင့်ပေးပြီး စေခိုင်းခြင်းမရှိကြချေ။ နွားနောက်များသည် မြန်မာနွားများကဲ့သို့ ယဉ်ပါးလွယ်ခြင်းလည်းမရှိဘဲ ထုံထိုင်း၍ ရိုင်းသည့်သဘာဝရှိကာ တောတောင်များတွင် ခြေဦးတည့်ရာသို့ အုပ်စုလိုက် သွားလာလေ့ရှိသည်။ ယင်းတို့သည် ရောဂါဘယဖြစ်ပွားမှု အလွန်နည်းပါးသဖြင့် လူများ မသတ်ဖြတ်ပါက သက်တမ်းစေ့ နေနိုင်ကြသည်။ သို့သော် ခြံများတွင်မွေးမြူသည့် နွားနောက်များကို နှစ်စဉ် ဇွန်လတွင် ခြံရှင်များက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကို ဖိတ်ခေါ်ပြီး ကာကွယ်ဆေးများ ထိုးနှံပေးကြသည်။

ချင်းတောင်တန်းဒေသတွင် နွားနောက်ကို မွေးဖက်ပေး၍ မွေးမြူသည့် စနစ်တစ်ရပ်ကို တွင်ကျယ်စွာ ကျင့်သုံးကြသည်။ မွေးဖက်ပေးမည့် နွားနောက်ပိုင်ရှင်သည် မိမိ၏ နွားနောက်အထီးကို မွေးဖက်ယူသူထံ ပေးထားရသည်။ မွေးဖက်ပေးထားသည့် နွားနောက်အုပ်စုမှ နွားမများ သားပေါက်လျှင် ပထမဆုံး ပေါက်သော သားပေါက်ကို မွေးဖက်ယူထားသူက ရရှိပြီး ဒုတိယမြောက်သားပေါက်ကို မွေးဖက်ပေးထားသည့် နွားနောက်ပိုင်ရှင်က ရရှိသည်။ ဆက်လက်ပေါက်ဖွားလာသည့် နွားနောက်သားပေါက်များကို မွေးဖက်ပေးထားသူနှင့် မွေးဖက်ယူထားသူတို့ တစ်ဝက်စီ ပိုင်ဆိုင်ကြသည်။ ယင်းသို့ ကောင်းမွန်မျှတသော မွေးဖက်စနစ်ကြောင့် ချင်းပြည်နယ်တွင် နွားနောက်မွေးမြူမှုများ တိုးတက်များပြားလာခဲ့သည်။

ချင်းပြည်နယ်ရှိ မြို့နယ်များမှ ကျေးလက်ဒေသများတွင် အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းသည် နွားနောက်များကို မွေးမြူကြပြီး ချင်းတိုင်းရင်းသားများ၏ ဓလေ့အရ နွားနောက်ကောင်ရေ ပိုင်ဆိုင်မှုများပြားခြင်းသည် ချမ်းသာမှုဖြစ်သဖြင့် နွားနောက်များကိုကျယ်ကျယ်ပြန့်ပြန့်မွေးမြူကြသည်။ လက်ရှိပေါက်ဈေးအရ နွားနောက်အကြီး တစ်ကောင်လျှင် ကျပ် ၁၁ သိန်းကျော်ဖြစ်ကြောင်း မတူပီမြို့မှ နွားနောက်မွေးမြူသူတစ်ဦးက ရှင်းပြခဲ့သည်။ ချင်းတိုင်းရင်းသားများ၏ လက်ထပ်မင်္ဂလာပွဲများတွင် နွားနောက်များကို တန်ဖိုးသင့်၍ မင်္ဂလာကြေး(အသွင်းကြေး)အဖြစ် သတို့သားဘက်က သတို့သမီးဘက်သို့ ပေးကြရသည့် ဓလေ့ကို ယနေ့တိုင် ကျင့်သုံးလျက်ရှိပေသည်။

နွားနောက်သားသည် ချင်းတိုင်းရင်းသားများ၏ သာရေး၊ နာရေး ပွဲလမ်းသဘင်များတွင် အဓိကကျွေးမွေးသည့် ဟင်းလျာဖြစ်သဖြင့် ချင်းပြည်နယ်တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ နွားနောက် အကောင်ရေများစွာ မွေးမြူကြရန် လိုအပ်လာခဲ့သည်။

၂၀၁၇ ခုနှစ် မတ်လက ထုတ်ပြန်သော စာရင်းများအရ ချင်းပြည်နယ်တစ်ခုလုံးတွင် နွားနောက် ၂၂၄၉၁ ကောင် မွေးမြူထားရာ မတူပီမြို့နယ်တွင် အများဆုံး မွေးမြူကြသည်။ မျက်မှောက်ခေတ်တွင် ချင်းတောင်တန်းသို့ ရောက်ရှိလာသူများသည် နွားနောက်သားကို နှစ်ခြိုက်စွာ စားသုံးကြသကဲ့သို့ နွားနောက်သားခြောက်များကို ဝယ်ယူမှုလည်း များပြားလာခဲ့သည်။ နွားနောက်သားသည် အမျှင်ကြမ်းများနည်းပါးကာ အသားနူးညံ့၍ အနံ့စူးရှမှုလျော့ပြီး ချက်ပြုတ်ရာတွင် အလွယ်တကူ နူးနိုင်သဖြင့် စားသုံးသူများက နှစ်သက်ကြသည်။ နွားနောက်အထီးကို အသက်သုံးနှစ်၊ လေးနှစ်အရွယ်တွင် အသားထုတ်လုပ်နိုင်ကာ အသားထွက်နှုန်းသည် ပိဿာ ၈၀ မှ ၁၀၀ အကြားဖြစ်သည်။

နွားနောက်နှင့် နွားသည် မျိုးဗီဇတူညီသဖြင့် သားစပ်၍ရနိုင်သော်လည်း ကျွဲနှင့် မျိုးဗီဇမတူညီသဖြင့် နွားနောက်နှင့် ကျွဲကို သားစပ်၍မရချေ။ ထူးခြားသောအချက်တစ်ခုမှာ နွားထီးနှင့် နွားနောက်မ မျိုးစပ်လျှင် ပေါက်ဖွားလာသည့် အမသည် မျိုးအောင်ပြီး အထီးက မြုံနေခြင်းပင်ဖြစ်သည်။ သို့သော် နွားနောက်ထီးနှင့် နွားမကို မျိုးစပ်၍ ပေါက်ဖွားလာသည့် အထီးနှင့် အမ နှစ်မျိုးလုံးသည် မျိုးအောင်ကြသည်။ နိုင်ငံခြားမျိုးဖြစ်သည့် ဖရီရှန်နွားထီးနှင့် နွားနောက် အမကိုဖြစ်စေ၊ နွားနောက်အထီးနှင့် ဖရီရှန်အမကိုဖြစ်စေ သားစပ်ပါက ပေါက်ပွားလာသည့် အထီးအမ နှစ်မျိုးလုံးသည် မျိုးအောင်ကြသည်။

ချင်းတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုထုံးတမ်းများနှင့် ဆက်နွယ်နေသည့် နွားနောက်များကို ချင်းတောင်တန်းတွင် ရှေးအစဉ်အဆက်ကပင် မွေးမြူခဲ့ကြသည်။ စားနပ်ရိက္ခာအတွက် မွေးမြူခဲ့ကြသည့် နွားနောက်များကို မြန်မာနိုင်ငံအတွင်း၌ ချင်းတောင်တန်းဒေသများ၌သာ မြင်တွေ့ကြရသဖြင့် နွားနောက်များသည် ချင်းတိုင်းရင်းသားများနှင့် ချင်းပြည်နယ်၏ အမှတ်လက္ခဏာတစ်ခုအဖြစ် ထင်ရှားလာခဲ့ရ ပေသည်။

ချင်းတောင်တန်းဒေသရှိ ကျေးလက်တောရွာများရှိ အိမ်များ၏ မျက်နှာစာတွင် မိမိတို့ဖမ်းဆီးရမိသည့် တောရိုင်းသတ္တဝါများ၏ ဦးခေါင်းခွံများနှင့်အတူ နွားနောက်ဦးခေါင်း ခွံများ ချိတ်ဆွဲထားခြင်းကိုလည်း ချင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းတစ်ရပ်အဖြစ် မြင်တွေ့ကြရပေသည်။ ။



ကားလမ်းမပေါ်သို့ တက်လာသော နွားနောက်တစ်အုပ်

“ချင်းပြည်နယ်၏ တောင်ပေါ်လမ်းများအနီးရှိ တောတောင်များတွင် နေထိုင်ကြသည့် နွားနောက်များသည် မော်တော်ကားလမ်းများပေါ်သို့ မကြာခဏ တက်လာလေ့ရှိကြပြီး ကားများ၊ ဆိုင်ကယ်များ မောင်းနှင်လာသည်ကိုတွေ့လျှင် တောင်စောင်းများအောက်သို့ ဆင်းပြေးသွားလေ့ရှိကြသည်။ နွားနောက်များသည် လူများကို ရန်မူခြင်းမရှိကြသော်လည်း တောခွေးများကိုမြင်လျှင် အုပ်စုလိုက် လိုက်လံတိုက်ခိုက်လေ့ရှိကြသည်။ တောခွေးများကလည်း နွားနောက်အကောင်ငယ်များကို လိုက်လံ ကိုက်ဖြတ်စားသောက်လေ့ရှိသည်။ နွားနောက်များသည် ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသည်။ ကျားနှင့် တောခွေးများ၏ ဖမ်းယူစားသောက်ခြင်းကို ခံရသော်လည်း အကောင်ငယ်အချို့သေကျေခြင်းမှလွဲ၍ ဆုံးရှုံးမှုနည်းပါးသည်”

# တံတားကြီးများ ဥပဒေပြဋ္ဌာန်း

**တံတားကြီးများဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တံတားကြီးများ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ တံတားကြီးတည်ဆောက် ပြုပြင် ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်။

(စ) **သက်ဆိုင်ရာဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တံတားကြီးများနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ တံတားကြီးတည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းထားသည့် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **တံတားကြီး** ဆိုသည်မှာ ပေ ၁၈၀ နှင့်အထက် မော်တော်ယာဉ် ဖြတ်သန်းနိုင်သည့် မြစ် သို့မဟုတ် ချောင်းကူးတံတား၊ ခုံးကျော်တံတား နှင့် မိုးပျံတံတားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တံတားကြီး ဖြစ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် တံတားများလည်း ပါဝင်သည်။

(ဈ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သောဘီးတပ်ယာဉ်ကို ဆိုသည်။

(ည) **ရထား** ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်း မရှိသော စက်ခေါင်းကိုသော်လည်းကောင်း၊ နောက်တွဲယာဉ် ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ ဖယ်ရှားခြင်း မပြုနိုင်သော သံလမ်းပြေးယာဉ် ကဲ့သို့သော စက်တပ်ယာဉ်ကို သော်လည်းကောင်း ဆိုသည်။

(ဋ) **အနေးယာဉ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကို ဆိုသည်။

(ဌ) **စက်ယန္တရား** ဆိုသည်မှာ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ မြေတူးကော်စက်၊ လမ်းကြိတ်စက်၊ တုန်ခါလမ်းကြိတ်စက်၊ မြေသိပ်သည်းစက်၊ မြေသယ်စက်၊ ကျောက်ခွဲစက်၊ သစ်လုံးတင်စက်၊ ဝန်ချီစက်၊ ဝန်မစက်၊ ကွန်ကရစ်သယ်ယာဉ်၊ နိုင်လွန်ကတ္တရာခင်းစက် အစရှိသည့် ယာဉ်တွင် တပ်ဆင်ထားသော ဘီးကိုဖြစ်စေ၊ ချိန်းကြိုးကိုဖြစ်စေ၊ တလိမ့်ကို အသုံးပြု၍ဖြစ်စေ စက်စွမ်းအားဖြင့် ရွေ့လျားမောင်းနှင်နိုင်သည့် စက်ယန္တရားများကို ဆိုသည်။

(ဍ) **ရေယာဉ်** ဆိုသည်မှာ ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် အားလုံးကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် စသည်တို့လည်း ပါဝင်သည်။

(ဎ) **တံတားချဉ်းကပ်လမ်း** ဆိုသည်မှာ တံတားကြီးနှင့် တစ်ဆက်တည်း ဆက်စပ်လျက်ရှိပြီး လမ်းမကြီးနှင့် တံတားဆက်စပ်ထားသည့် လမ်းအစိတ်အပိုင်းကို ဆိုသည်။

(ဏ) **တံတားခံနိုင်ဝန်** ဆိုသည်မှာ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် ယာဉ်နှင့် ကုန် စုစုပေါင်း အလေးချိန်ကို ဆိုသည်။

(တ) **တံတားကြီးနယ်နိမိတ်** ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူသိသာမြင်သာစေရန် ထင်ရှားသော အမှတ်အသားတစ်ခုခု စိုက်ထူ၍ သတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်အပိုင်းအခြားတို့ကို ဆိုသည်။

(ထ) **တံတားဆိုင်းဘုတ်** ဆိုသည်မှာ တံတားချဉ်းကပ်လမ်း၊ တံတားကြီး ပေါ်နှင့် တံတားကြီးနယ်နိမိတ်အတွင်း ဖော်ပြထားသည့် လမ်းညွှန် ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်း၊ တံတားခံနိုင်ဝန်ဆိုင်းဘုတ်၊ အန္တရာယ် အသိပေးဆိုင်းဘုတ်နှင့် တံတားအောက်မှ ဖြတ်သန်းမည့် ရေယာဉ်များ အတွက် ရေလမ်းကြောင်းပြလမ်းညွှန်ဆိုင်းဘုတ်နှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကို ဆိုသည်။

(ဒ) **တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်း** ဆိုသည်မှာ တံတားကြီး တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေစိုက်သော စခန်းကိုဆိုသည်။

(ဓ) **တံတားကြီးအင်္ဂါရပ်များ** ဆိုရာတွင် တံတားကြီးတွင် ပါဝင်သည့် တံတားကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည် ယာဉ်သွားလမ်းနှင့် လူသွားလမ်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ တံတားဆိုင်းဘုတ်၊ သတိပေးခြင်း ဆိုင်ရာ အီလက်ထရွန်နစ်ကိရိယာ၊တံတားပေါ်မှ ဖြတ်သွားသော ရထားလမ်း၊ အထောက်အကူပြု တံတားထိန်းသိမ်းရေးစခန်း၊ တံတား အကာအရံနှင့် တံတားအသုံးပြုခကောက်ခံသည့်စခန်း၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

(န) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ သဘာဝအလျောက် မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း စသည်တို့ကို ဆိုသည်။

(ပ) **လူပုဂ္ဂိုလ်တို့၏ဖျက်ဆီးမှု** ဆိုသည်မှာ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပျက်စီးမှုကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့်ရထား စသည်တို့၏ တံတားပေါ်အသုံးပြုမှုအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခံ့မှုနှင့် သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်း တို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်။

## အခန်း(၃)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် တံတားကြီးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) တံတားကြီးအသစ် တည်ဆောက်ခြင်း၊အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ တည်ဆောက်ပြီး တံတားများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် တံတားကြီးကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊

(ဃ) တံတားကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ရေး ပစ္စည်းအရည်အသွေးစံနှုန်း သတ်မှတ်ခြင်း၊ တံတားကြီး ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တံတားအသုံးပြုမှုအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီကို လမ်းညွှန်ခြင်း၊

(စ) တံတားကြီး ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့်စည်းမျဉ်း သတ်မှတ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအပါအဝင် တံတားကြီးများဆိုင်ရာ ကိစ္စရပ်များတွင် ဆက်စပ်သော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီး အသုံးပြုရာတွင် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တံတားကြီး၏ အမည်သတ်မှတ်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့က ပေးအပ်သည့် တံတားကြီးဆိုင်ရာ အခြားလုပ်ငန်း တာဝန်များ ဆောင်ရွက်ခြင်း၊

(ည) တည်ဆောက်ပြီး တံတားကြီးများ ကြံ့ခိုင်မှုကို သတ်မှတ်ကာလ အလိုက်စစ်ဆေးရန် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီ သို့မဟုတ် သင့်လျော်သည့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်ကို လမ်းညွှန်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(က) တံတားကြီး၏ ဒီဇိုင်း၊ တည်ဆောက်မှုနည်းစနစ်၊ အသုံးပြုသော ပစ္စည်းများအပေါ် အခြေခံ၍ တံတားအသုံးပြုနိုင်သည့် သက်တမ်း အပိုင်းအခြားကို သတ်မှတ်ကြေညာခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်၊ အမည်၊ အမှတ်၊ တည်ရှိသည့်နေရာ၊ တံတား ချဉ်းကပ်လမ်း စတင်သည့်နေရာ၊ တံတားကြီးပေါ်သို့ ဝင်ခြင်း၊ တံတား ကြီးပေါ်မှ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းနိုင်သည့်နေရာ၊ တံတား တည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းနေရာ၊ တံတား အသုံးပြုခကောက်ခံမည့်နေရာနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ် ကြေညာခြင်း၊

(ဂ) တံတားကြီး၏ ဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတား ကြီး ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်း ခြင်းတို့အတွက် စီမံကိန်းများရေးဆွဲခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီး ပြုပြင်ထိန်းသိမ်းရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီး ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ -

(၁) တည်ဆဲဥပဒေများနှင့်အညီ အစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက်ဖြင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) အနည်းဆုံး လိုအပ်သည့် မြေယာသိမ်းယူခြင်း၊ အဆောက်အအုံ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြား ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ချေးငွေ နှင့် အထောက်အပံ့အကူအညီ ရရှိရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး သက်ရောက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆန်းစစ်စေခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(စ) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ် မီးကြိုး၊ ဆက်သွယ်ရေးလိုင်း တစ်စုံတစ်ရာဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ဥတ္တရသီရိမြို့နယ်တွင် (နွေစပါး) ဆင်းသုခ တင်း ၁၅၀ နှင့်အထက် ထွက်ရှိရေး ကွင်းသရုပ်ပြ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် (နွေစပါး) ဆင်းသုခ တင်း ၁၅၀ နှင့် အထက်ထွက်ရှိရေး စံပြကွက် လေးဧက ကွင်းသရုပ်ပြခြင်းကို ယမန်နေ့က ဥတ္တရသီရိမြို့နယ် ဇလောင်း(တောင်) ကွင်းအမှတ် (၁၈၈၁) တောင်သူ ဦးစိုးမင်းထွေး၏ စံပြစိုက်ကွက်၌ ကျင်းပသည်။



နွေစပါး ဆင်းသုခ တင်း ၁၅၀ နှင့်အထက် ထွက်ရှိရေး ကွင်းသရုပ်ပြခြင်း ဆောင်ရွက်စဉ်။

အခမ်းအနားတွင် ကွင်းအတွင်း စံကွက် ၀ ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ နွေစပါးရာသီတွင် လျာထားချက် ၆၆၂ ဧကအနက် အမှန်စိုက်ပျိုးမှု ၇၉၉ ဧကရှိခဲ့ပြီး ကျေးရွာအုပ်စု လေးအုပ်စုတွင် စိုက်ပျိုးခဲ့ကြောင်းနှင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာအား ဇလောင်း (တောင်) ကျေးရွာအုပ်စုတွင် ၂၀၁၈ ခုနှစ် မိုးစပါးရာသီမှစ၍ စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ဇလောင်း (တောင်) ကျေးရွာတွင် လယ်ယာမြေ ဧက ၃၀၀၊ ယာမြေ ၄၆၈ ဧက စုစုပေါင်း ၇၆၈ ဧကနှင့် တောင်သူ ၂၀၀ ဖြင့် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံများကို ဂျီအေပီနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက် ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ပြောကြားသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# အမြို့မြို့အနယ်နယ်၌ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ

**နမ့်ခမ်း**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ Namkham Mountain Bike Group (NMBG) စက်ဘီးစီးအဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ်အဖြစ် လူထုစုပေါင်း စက်ဘီး စီးနင်းပွဲကို ဇွန် ၃ ရက်က နမ့်ခမ်းမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို အငယ်ဆုံးအသက်ခြောက်နှစ်အရွယ်ကလေးနှင့် အသက် ၈၀ အရွယ် လူကြီးအထိပါဝင်လျက် လူကြီး၊ လူရွယ်၊ လူငယ် အမျိုးသား၊ အမျိုးသမီးများ ပါဝင်သော စက်ဘီးစီးနင်းသူ ၂၀၀ ကျော်က စုရပ်ဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့မှနေ၍ နံနက် ၆ နာရီမှ စတင်တာထွက်ကာ လမ်းကြောင်းအရှည် ခြောက်ကီလိုမီတာခန့်ကိုပတ်ပြီး မြို့နယ်အားကစားကွင်းအတွင်း ပန်းဝင်ခဲ့ကြသည်။

**ညဏ်မင်း (နမ့်ခမ်း)**

**လားရှိုး**

ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် ဒုတိယအကြိမ်ကို လားရှိုးမြို့၌ ဇွန် ၃ ရက်က ကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့ထွန်း၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးအာကာလင်းတို့ ပါဝင်စီးနင်းသည်။

လားရှိုးမြို့နယ် စည်ပင်သာယာရုံးရှေ့စုရပ်မှ စတင်၍ တက္ကသိုလ်လမ်း၊ ဘူတာလမ်း၊ လေယာဉ်ကွင်းလမ်းမကြီးအတိုင်း စီနင်းကြပြီး ပြည်ထောင်စုဘောလုံးကွင်း၌ ပန်းဝင်ရပ်သတ်မှတ်လျက် စီးနင်းကြရာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးစက်ဘီးချစ်သူများအဖွဲ့ တွဲဖက်ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်ကာ လူမှုကူညီရေးအသင်းများ၊ လားရှိုးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ပါဝင်ကူညီပေးခဲ့ကြပြီး စုစုပေါင်း ၁၀၀ ခန့် ပါဝင်စီးနင်းခဲ့ကြသည်။

**ဟန်ဌေး(လားရှိုး)**



လားရှိုးမြို့၌ ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းကြစဉ်။

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးရှေ့တွင် ဇွန် ၃ ရက်က ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် (ဒုတိယအကြိမ်) လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပသည်။

ယင်းပွဲတော်တွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင် မောင်ရင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး ပဲခူးမြို့ပေါ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ပဲခူးမြို့ရှိ သူနာပြု/သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများက ရွှေမော်ဓောဘုရားလမ်း၊ အုတ်ကန်လမ်း၊ သနပ်ပင်လမ်း၊ လိပ်ပြာကန်၊ နာရီစင်(၂၈) လမ်းတို့အတိုင်း စက်ဘီးစီးနင်းကြပြီး ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အား/ကာရုံးရှေ့တွင် ပန်းဝင်ကြကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း လူထုစုပေါင်းစက်ဘီးစီးနင်းပွဲများ ကျင်းပပေးခြင်းအားဖြင့် အလားအလာရှိသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများကို ဖော်ထုတ်လေ့ကျင့်ပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏စက်ဘီးစီးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

**ဟိန်းထက် (ပဲခူး)**

**မြိတ်**

ဇွန် ၃ ရက်တွင် ကျရောက်သော ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် ဒုတိယအကြိမ် စက်ဘီးစီးနင်းပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်အပျော်တမ်းစက်ဘီးအသင်း မှ ဦးဆောင်၍ စက်ဘီးစီးဝါသနာရှင်များ စုပေါင်း၍ စက်ဘီးအစီး ၁၀၀ ကျော်ဖြင့် ယနေ့နံနက်က မြိတ်မြို့မအားကစားကွင်းစုရပ်မှ စတင်ကာ စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။

စက်ဘီးစီးနင်းပွဲတော်ကို မြိတ်အပျော်တမ်းစက်ဘီးအသင်းမှ ဦးဆောင်၍ စက်ဘီးစီးဝါသနာရှင်များ၊ အပျော်တမ်းစက်ဘီးစီးနင်းသူများ စုပေါင်း၍ မြို့မအားကစားကွင်းစုရပ်မှ ဗဟိုလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဘုရားကြီးလမ်း၊ တပ်ပြင်လမ်း၊ အောက်ရေပုန်းလမ်း၊ နတ်စင်လမ်း၊ အေးရိပ်ချောင်လမ်း၊ လေယာဉ်ကွင်းလမ်း၊ ရွှေပြည်တန်လမ်း၊ အောင်ဆန်းလမ်း၊ ဦးမြတ်လေးလမ်း၊ ပြည်သာယာလမ်း၊ ပိတောက်ရွှေဝါလမ်းမှတစ်ဆင့် နောက်လယ်အမှတ်(၁)ဗောတံတားမှ ကမ်းနားလမ်းတစ်လျှောက် သဲကွင်းလမ်းဆုံးအထိ စုပေါင်းစီးနင်း ပန်းဝင်ခဲ့ကြသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ ပရဟိတလူမှုကူညီရေးအသင်းသားများ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း ဇွန် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းသားများသည် ယမန်နေ့က နမ့်မိန်ချောင်းတံတား၌ ပိတ်ဆို့နေသော အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

မိုးရွာသွန်းမှုကြောင့် ချောင်းရေနှင့် အတူပါလာသော နုန်းများနှင့် အမှိုက်သရိုက်များသည် နိမ့်မိန်ချောင်း တံတားအောက်ပိတ်ဆို့နေသဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်း၏ နာယက ဦးစိုင်းဘွန်းစီ၊ အသင်း၏ဥက္ကဋ္ဌ ဦးအောင်ဇော်ထွန်းနှင့် အသင်းသားများသည် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာန၏ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။



နိမ့်မိန်ချောင်းတွင်း ပါရှိလာသော အမှိုက်သရိုက်များ ဆယ်ယူပေးနေကြစဉ်။

မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်းသည် ဆင်းရဲနွမ်းပါးသူများနှင့် အရေးပေါ်အခြေအနေများကို အသင်းပိုင်ကားဖြင့် အခမဲ့ကူညီပေးခြင်း၊ သွေးလှူဒါန်းပေးခြင်း၊ လုပ်အားဒါနပြုခြင်းအပြင် အခြားပြည်သူ့အကျိုးပြုလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပြီး အကူအညီလိုအပ်သူများ မည်သူမဆို ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




## 5R - နှင့် ပတ်ဝန်းကျင်

**Reduce**
(လျှော့ချပါ)

**Reuse**
(ပြန်လည်အသုံးပြုပါ)

**Recycle**
(အသစ်ပြန်လည်ထုတ်ပါ)

**Reject**
(ငြင်းပယ်ပါ)

**Return**
(မသုံးဘဲပြန်လည်ပေးပို့ပါ)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် ဇွန် ၃**

မွန်ပြည်နယ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်က မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။




ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မော်လမြိုင်မြို့၌ ကျင်းပစဉ်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်းက ဆေးလိပ်သောက်သုံးသူအများစုသည် ကလေးလူငယ်ဘဝတွင် စတင်စမ်းသပ် သောက်သုံးရင်းမှ စွဲလမ်းသွားကြခြင်းဖြစ်ကြောင်း၊ စွဲလမ်းသွားလျှင် ဖြတ်ရန်တော်တော်လေးခက်ခဲသည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ ဆေးလိပ်သောက်သူများ၏ ၇၅ ရာခိုင်နှုန်းခန့်သည် အသက်သေဆုံးသည်အထိ ဆေးလိပ်ဖြတ်နိုင်ခြင်း မရှိကြကြောင်း၊ တစ်ဖက်မှာလည်း ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှုမှ အစပြုသွားနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကလည်း ကျောင်းသားလူငယ်များအတွက်ကြီးမားသည့်ပြဿနာတစ်ရပ်ဖြစ်နေကြောင်း၊ ထို့ကြောင့် ငယ်စဉ်ဘဝကတည်းက အစမပြုမိစေရန်နှင့် ကျန်းမာရေးနဲ့လျော်ညီသည့် နေထိုင်မှုပုံစံ၊ အမူအကျင့်ကောင်းများကို ကျောင်းသင်ခန်းစာမှတစ်ဆင့် ထိထိရောက်ရောက် ပညာပေးသွားနိုင်ရန် အရေးကြီးသလို ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကျောင်းတွင်း၊ ကျောင်းပြင်ပ နှစ်ရပ်စလုံးတွင် ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မကူးစက်)ဒေါက်တာ သင်းသင်းကြူက ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ရှင်းလင်းပြောကြားပြီး ဆေးလိပ်သောက်သုံးခြင်း၏ အန္တရာယ်ပညာပေး ဗီဒီယိုကို ပြသခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းအဆင့်တိုးမြှင့်ဖောက်လုပ်နေမှု ၂၀ ရာခိုင်နှုန်းပြီးစီး

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးဝမြို့နယ်နှင့် မုံရွာမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းမကြီးကို အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိရာ ယခုအခါတွင် ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးမြင့်၏ ပြောကြားချက်အရ သိရသည်။

မုံရွာ-ယာကြီး-ကလေးဝ လမ်းပိုင်းသည် အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်ထားသော သုံးနိုင်ငံဖြတ်လမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် ရူပီးငွေ ၁၁၇၇၀ သန်းဖြင့် အဆင့်မြှင့်တင်ဖောက်လုပ်မည့် လမ်းအရှည် ၇၅ မိုင်ရှိပြီး ယခင်က အတက်အဆင်းမတ်စောက်ခြင်း၊ မိုးရာသီတွင် လမ်းပျက်စီးခြင်းတို့ကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ခက်ခဲသည့် လမ်းတစ်ခုဖြစ်ကြောင်း သိရသည်။



ကားလမ်းအဆင့်တိုးမြှင့်ဖောက်လုပ်လျက်ရှိသော မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းတစ်နေရာ။

ယခုလက်ရှိတွင် လမ်းအူကြောင်းတစ်လျှောက်ရှင်းလင်းခြင်း၊ မြေသားလုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ယင်းလုပ်ငန်းများပြီးစီးပါက ဒုတိယအခြေခံအလွှာခင်းခြင်း၊ အခြေခံအလွှာခင်းခြင်း၊ ကတ္တရာကွန်ကရစ် ပထမအလွှာခင်းခြင်းနှင့် ကတ္တရာ ကွန်ကရစ် ဒုတိယအလွှာခင်းခြင်းလုပ်ငန်းများကို စီမံကိန်းကာလအတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လမ်းစီမံကိန်းလုပ်ငန်းများ အားလုံးကို ၂၀၂၁ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဟောပြော

**နတ်မောက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းသိကောင်းစရာဟောပြောပွဲကို ယနေ့နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာခင်က လူမှောင်ခိုပို့ဆောင်ခြင်း အကြောင်းသိ ကောင်းစရာများနှင့် ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်နိုင်သည့် နိုင်ငံများအကြောင်းကို ရှင်းလင်းပြောကြား၍ ကွန်ပျူတာသင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူများကလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊
(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊
(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးမြို့၌ ကမ္ဘာ့ခြေခွင်ကလေးများနေ့ အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၃**

ကမ္ဘာ့ခြေခွင်ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါအထူးကုဆေးရုံကြီးရှိ ခြေခွင်ကလေးဌာန၌ ယနေ့နံနက်က ကျင်းပသည်။


အခမ်းအနားတွင် လက်ရှိဆောင်ရွက်နေသော ခြေခွင်ရောဂါကုသရေး နည်းလမ်းကို စတင်တွေ့ရှိခဲ့သူ Dr. Ignacio Ponseti (၁၉၁၄-၂၀၀၉) အား ဂုဏ်ပြုသောအားဖြင့် "သူ့ရဲ့မွေးနေ့ဖြစ်တဲ့ ဇွန် ၃ ရက်မှာ ကျင်းပတာပါ။ ဒီနေ့ ခြေခွင်ကလေးဌာနမှာ လာရောက်ကုသတဲ့ ကလေးငယ်တွေ စုပေါင်းပြီး ကိတ်ခွဲတာတွေ၊ မုန့်ကျွေးတာတွေ၊ လက်ဆောင်ပေးတာတွေ အမှတ်တရဓာတ်ပုံရိုက်ကူးတာတွေ ပြုလုပ်ပါတယ်" ဟု မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါ အထူးကုဆေးရုံကြီး ရှိ ခြေခွင်ကလေးဌာနမှ အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ဒေါ်လီလွင်က ပြောကြား သည်။

"ဒီရောဂါက မွေးရာပါဆိုတော့ ငယ်တုန်းမှာ ကုသရင် ပျောက်ကင်းအောင်ကုသတာ ပိုမိုလွယ်ကူပါတယ်။ လက်ရှိအချိန်အထိမွေးရာပါ ခြေထောက်ခွင်ရောဂါ ဖြစ်ပွားစေသော တိကျတဲ့အကြောင်းရင်းမသိသေးပါဘူး။ အကယ်၍ မိမိကလေးငယ် ခြေခွင်ရောဂါဖြစ်နေရင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါ အထူးကုဆေးရုံကြီးရှိ ခြေခွင်ကလေးဌာနမှာ အခမဲ့လာရောက်ကုသနိုင်တယ်။ ကုသမှုအတွက် လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းတွေကိုလည်း အခမဲ့ ဆောင်ရွက်ပေးတယ်။ အရေးကြီးတာက မိမိရဲ့ ကလေးငယ်ခြေခွင် ရောဂါဖြစ်နေတယ်ဆိုရင် အမြန်ဆုံးလာရောက်ကုသဖို့ပါ။ အပတ်စဉ် တနင်္လာနေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးနေပါတယ်" ဟု အဆိုပါ ဆေးရုံ မှ အထူးကုဆရာဝန်ကြီး ဒေါက်တာ လင်းအောင်က ပြောကြားသည်။

မန္တလေးမြို့၌ မွေးရာပါခြေခွင်ကလေးများကုသရေးဌာနကို ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ချိန်မှ ယခုအချိန်အထိ ခြောက်နှစ်တာကာလအတွင်း မွေးရာပါ ခြေခွင် ကလေးငယ် ၄၃၂ ဦးကို ပျောက်ကင်းအောင် ကုသပေးနိုင်ကာ လက်ရှိတွင် ကုသဆဲကလေးငယ် ၁၆၀ ခန့်ရှိကြောင်း၊ အသစ်လာရောက်ကုသနေသည့် ကလေးငယ်များလည်း ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဗုဒ္ဓဂယာအောင်မြေမဟာသို့ (၁၂) ရက်ခရီး စာအုပ်ထွက်ရှိ



ကလောင်ရှင် မြင့်စိုး(နတလ) မှ နေ့စဉ်ထုတ် ကြေးမုံသတင်းစာများတွင် ရေးသားထားသော ဆောင်းပါး ၁၀ ပုဒ်ကို တစုတစည်းတည်း စုစည်းပြီး စာအုပ် အဖြစ်ဖြင့် စာဖတ်သူများထံ ထုတ်ဝေဖြန့်ချိပေးလိုက်ခြင်းဖြစ်သည်။

စာအုပ်ထဲတွင် ဗုဒ္ဓဂယာအောင်မြေမဟာရှိ သံဝေဇနိယ(၄) ဌာနနှင့် အဝိဇဟိတ(၄) ဌာနတို့အပြင် စာရေးသူတို့ဘုရားဖူးအဖွဲ့ ခရီးစဉ်မှတ်တမ်းများကို ဝေဝေဆာဆာ ဖော်ပြထားသဖြင့် အတော်အတန်ပြည့်စုံသော မှတ်တမ်းတစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ပြီး အမှတ်တရသိမ်းထားလိုသူများနှင့် မှတ်တမ်းစုဆောင်းလိုသူများအတွက် သိမ်းထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို စာရေးသူ၏ ဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်မင်း(ခ) မစန္ဒာအားရည်စူးကာ သားဖြစ်သူ ဒေါက်တာကောင်းဆက်စိုး မိသားစုတို့က ဓမ္မဒါနအဖြစ် ထုတ်ဝေလှူဒါန်းခြင်းဖြစ်သည်။

**မြန်မာ့အလင်း**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ကျင်းပ

**နောင်ချို ဇွန် ၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက်က နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆောင်ပုဒ်များဖြစ်သည့် အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီးငြိမ်းသတ်စို့၊ နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ် ခေါင်းစဉ်များဖြင့် အထက်ဆင့် ကွန်ပျူတာပန်းချီ ခြောက်ဦး၊ ထက်၊ လယ်၊ မူ ပန်းချီ ၁၉ ဦး၊ ထက်၊ လယ်၊ မူ ကာတွန်း ရှစ်ဦး၊ ထက်၊ လယ်၊ မူ ပိုစတာ ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်ဆန်းဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မီမီကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးတို့က ကြည့်ရှုအားပေးကာ ကြီးကြပ်ရေးမှူး ဆရာ ဆရာမများက ပြိုင်ပွဲစည်းကမ်းနှင့်အညီ ကြီးကြပ်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကမ္ဘာ့စက်ဘီးစီးနင်းပွဲနေ့ လူထုစုပေါင်းစက်ဘီးစီးပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့က ကြီးမှူးပြီး ကမ္ဘာ့စက်ဘီးစီးနင်းပွဲအထိမ်းအမှတ်အဖြစ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ယနေ့နံနက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ မြလေးစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ပြည်သူ ၇၀၀ ကျော် ပါဝင်ဆင်နွှဲ**

အဆိုပါ စက်ဘီးစီးပွဲသို့ ပြည်သူ ၇၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြပြီး စုရပ်နေရာမှ စတင်၍ ကျုံးတောင်ဘက် ၂၆ လမ်းအတိုင်း လမ်း ၈၀၊ ၁၂ လမ်း ၆၆ လမ်း အတိုင်း ၂၆ လမ်းသို့ ထိုမှကျုံးတောင်ဘက်လမ်းအတိုင်း ကျုံးတစ်ပတ်စီးနင်း၍ တာလွှတ်စုရပ်နေရာသို့ စုပေါင်းစက်ဘီးစီးနင်းကာ ပျော်ရွှင်စွာ ဆင်နွှဲပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်တာဝန်ရှိသူများ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဖွင့်လှစ်ပေးစဉ်။

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ဝင်ရောက်စိုက်ပျိုးနေထိုင်မှုများနှင့် ပတ်သက်၍ဆွေးနွေး

**ပဲခူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ပဲခူးမြို့နယ် ဝါးမရမ်းကျေးရွာအုပ်စု ရွှေကျောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့နံနက်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ဝင်ရောက်စိုက်ပျိုးနေထိုင်သူများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာ ပေ ၁၀၀ ပတ်လမ်းအတွင်း ပါဝင်သွားသည့် သီးနှံများနှင့် နှစ်ရှည်ပင်များအတွက် သင့်လျော်သည့် နစ်နာကြေးပေးလျော်ခြင်းကို ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ပြဿနာသည် နေရာအနှံ့တွင် ဖြစ်ပွားလျက်ရှိပြီး ဖြစ်ပေါ်နေသည့် ပြဿနာများကို အစိုးရ၊ ဌာနဆိုင်ရာ၊ ပြည်သူပူးပေါင်းဆွေးနွေးအဖြေရှာပြီး မျက်နှာချင်းဆိုင် လာရောက်ဖြေရှင်းပေးရခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် လူသားဝါဒကို အခြေခံပြီး ပါဝင်ပတ်သက်သူများအားလုံး ညှိနှိုင်းပေါင်းစပ် အဖြေရှာသည့် စနစ်ပင်ဖြစ်ကြောင်း၊ ယခုလိုလာရောက်ခြင်းနှင့်ပတ်သက်၍ ပြည်သူများအတွက် မိမိတို့အစိုးရမှ ဆောင်ရွက်ပေးရမည့် (သို့မဟုတ်) ညှိနှိုင်းပေးရမည့် အချက်အလက်များကို သိရှိနိုင်ပြီး ပြည်သူများမှလည်း မည်ကဲ့သို့ပူးပေါင်းညှိနှိုင်း အဖြေရှာရမည်ကို သိရှိနိုင်စေရန် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားပြီး၊ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက တိုင်းပြည်ဝင်ငွေ တိုးတက်လာမည့်အပြင် ယင်းလေဆိပ် ကို အမှီပြုပြီး ဒေသခံပြည်သူများ အစားအသောက်၊ ခရီးသွားဝန်ဆောင်မှု စသည့်အလုပ်အကိုင် အခွင့် အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်းကို လည်းကောင်း ပြောကြားသည်။

ဒေသခံပြည်သူများက လေဆိပ်ဧရိယာ အတွင်း ပါဝင်သွားသည့် လယ်ယာမြေသိမ်းဆည်းခံရမှု၊ လေဆိပ်စီမံကိန်းအတွင်း စာရင်းကောက်ယူရာတွင် မှားယွင်းလွဲချော်မှုရှိခဲ့ပါက အမှန်တကယ်နစ်နာသူများအတွက် ပြန်လည်စိစစ်ပေးရန်၊ လေဆိပ်စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် ဥယျာဉ်ခြံမြေ ငါးကေ သိမ်းဆည်းခံရမှု၊ ကျေးရွာမှ ညောင်အင်းသို့သွားသည့် လမ်းပေါ်ရှိ ဇလပ်ထော်ဆည် လက်တံဖြတ်တံတား ပြုပြင်ပေးရန်၊ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေအတွင်း လေဆိပ်ပတ်လမ်း ပေ ၁၀၀ အတွက် ခြံစည်းရိုးကာရံနေသည့်ကိစ္စ၊ လေဆိပ်စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် မြေအတွက် လျော်ကြေး/နစ်နာကြေး ရရှိနိုင်ရေး၊ လေဆိပ်စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် ဥယျာဉ်ခြံလယ်မြေအတွက် လျော်ကြေး/နစ်နာကြေး ရရှိနိုင်ရေး၊ လေဆိပ်ခြံစည်းရိုးကာရံရာတွင် နွားတဲကုန်းကျေးရွာနှင့် ဘောင်းတော်ချကျေးရွာသို့ ဆက်သွယ်သွားလာမှု ခက်ခဲနေသည့်ကိစ္စ၊ လေဆိပ်စီမံကိန်းဧရိယာအတွင်း စာရင်းကောက်ယူရာ၌ အဆင့် A,B,C သတ်မှတ်ရာတွင် တန်းတူညီမျှ သတ်မှတ်နိုင်ရေးကိစ္စ၊ လေဆိပ်ပတ်လမ်းပေ ၁၀၀ အတွင်း လျော်ကြေးပေးရာတွင် စိုက်ပျိုးထားသည့် အပင်စာရင်းမှားယွင်းနေမှု၊ လေဆိပ်ပတ်လမ်းပေ ၁၀၀ အတွင်း လျော်ကြေးမရသေးသည့် တောင်သူ ခြောက်ဦးကိစ္စ၊ လေယာဉ်ကွင်း ဝင်/ထွက်လမ်းပိတ်ပါက ဝါးမရမ်းကျေးရွာအုပ်စုနှင့် ရော်ဘာအထူးဇုန်မှ ခြံရှင်များ သွားလာရေး လမ်းမည်သို့စီမံဆောင်ရွက်ထားမှု၊ မြေယာပိုင်ဆိုင်မှု အထောက်အထားများ ရရှိလိုကြောင်းကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများက ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ စခန်းပိတ်သိမ်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**မြစ်ကြီးနား ဇွန် ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၉ ခုနှစ် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲကို မေ ၂၇ ရက်မှစတင်ပြီး မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း စခန်းဖွင့်လှစ်၍ကျင်းပရာ ဇွန် ၁ ရက်က စခန်းပိတ်သိမ်းပွဲကို မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ရှေ့၌ ကျင်းပသည်။

စခန်းပိတ်သိမ်းပွဲတွင် ထူးချွန်ကြက်ခြေနီလူငယ်မောင်/မယ်များက စစ်ကြောင်းပုံဖြင့် ချီတက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်နယ်ကြက်ခြေနီအသင်းတာဝန်ရှိသူများနှင့် အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဂုဏ်ပြုညစာစားပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက နှုတ်ခွန်း ဆက်အမှာစကားပြောကြားရာ ထူးချွန်ကြက်ခြေနီတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ထူးချွန်ကြက်ခြေနီများတွေ့ဆုံပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ခေါင်းဆောင်များဖြစ်သော ထူးချွန်ကြက်ခြေနီ ၁၁၁ဦးနှင့် တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများမှ ၂၅ ဦးတို့ကို ထူးချွန်ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ပြီး ပြည်နယ်အတွင်း လေ့လာရေးခရီးစဉ်အဖြစ် အင်းတော်ကြီးရွှေမဥ္ဇူဘုရား၊ မြစ်ဆုံတို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**ကော့သောင်း ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် ဇွန် ၂ ရက်က ကော့သောင်းမြို့သို့ရောက်ရှိပြီး မြို့တွင်းဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုလုံးတုံတုံးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တံတားကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်းပြည့်မီရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သီရိမြိုင်ရပ်ကွက် လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံ တာဝန်ယူတည်ဆောက်ပြီးစီးသည့် ဆလုံရိုးရာယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကော့သောင်းကမ်းနီးငါးဒိုင် (FOB) စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ဆိပ်ခံတံတားသစ် တည်ဆောက်မည့်အခြေအနေနှင့် တည်ဆောက် မည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ငွေတောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဒီးမော့ဆို ဇွန် ၃**

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ မကျန်ရှိစေရေးအတွက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ဇွန် ၁ ရက်က ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ငွေတောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရတာဝန်ယူသော သုံးနှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ မြို့သုံးမြို့ကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အလေးပေးဆောင်ရွက်လျက်ရှိကာ ကျေးရွာချင်းဆက်လမ်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ရသည့်အတွက် ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ယင်း အခြေအနေများကို ပြည်သူများ သိရှိနားလည်ပေးစေလိုကြောင်း ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို လျှပ်စစ်ပစ္စည်းများ သယ်ယူစရိတ်အတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

တက်ရောက်လာကြသော ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပါဒေါ်ဒူကျေးရွာတွင် မီတာရရှိသော်လည်း လျှပ်စစ်မီးမရရှိသေးသဖြင့် ဆယ်တင်ပစ္စည်းနှင့် သွယ်တန်းပေးရန် လိုအပ်သော သယ်ယူစရိတ်ငွေကျပ် တစ်သိန်းကို ကျေးရွာအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

# ရှမ်းတို့ဌာနေ ခနုမြေနှင့် ရွာငံမြို့၏ သဘာဝအလှများ

**မောင်မောင်ကျော့(ပလက်ဝ)**



ရိုးရာဝတ်စုံများဖြင့် ယဉ်ကျေးလှပသော ခနုတိုင်းရင်းသူလေးများ

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၃၃ မျိုး နေထိုင်ကြရာ ထိုအထဲတွင် ခနုတိုင်းရင်းသားများလည်း ပါဝင်ပေသည်။ ၁၉၅၅ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်တွင် ခနုတိုင်းရင်းသား ခုနစ်သောင်းကျော် ရှိသည်ဟု ဆိုသော်လည်း ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် ကောက်ယူရရှိသည့် စာရင်းအရ ခနုတိုင်းရင်းသား တစ်သိန်းခွဲခန့် ရှိသည်။ ယခုအခါ နှစ်သိန်းနီးပါး ရှိနေလေပြီ။

ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့သည် ခနုတိုင်းရင်းသားအများစု နေထိုင်ရာဒေသဖြစ်သည်။ ဤနှစ်မြို့တွင် နေထိုင်သည့် ခနုတိုင်းရင်းသားအင်အားသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ လူဦးရေအင်အား ပြည့်မီမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ နယ်မြေပေါင်းစည်းနိုင်မှု အခြေခံကောင်းများ ပြည့်စုံမှုရှိသဖြင့် ယခုအခါ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ် နှစ်ခုပေါင်းစည်း၍ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်ထားသည့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဖွဲ့စည်း၍ ခနုမြေတစ်ခွင် ဖွံ့ဖြိုးစည်ပင်လာဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

**ခနုလူမျိုး**

ခနုတို့၏ ပါးစပ်ရာဇဝင်တွင် အလောင်းမင်းတရားကြီးသည် ယိုးဒယားသို့စစ်ချီ၍သွားရောက်တိုက်ခိုက်ခဲ့ရာ နေပြည်တော်သို့ အပြန်တွင် ခရီးပန်းသဖြင့် ယခု ခနုတို့နေထိုင်ရာအရပ်တွင် တပ်စခန်းချ၍ အနားယူခဲ့သည်။ အလောင်းမင်းတရား၏ စစ်တပ်တွင် ဒူးလေးတပ်၊ လေးသည်တော်တပ်များ ပါလာခဲ့ရာ ဒူးလေးတပ်၊ လေးသည်တော်တပ်တို့ကို လုံခြုံရေးအတွက် တပ်ချနေထိုင်စေခဲ့သည်။ ဒူးလေး၊ လေးမြားတို့ စွဲကိုင်သောသူတို့ကို ခနုဂ္ဂဟဟု ခေါ်ဆိုရာမှ ခနုလူမျိုး ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

အချို့ကမူ ခနုတို့၏မူလရင်းမြစ်ကို တနင်္သာရီမှ လာရောက်သူများဟု ယူဆကြသည်။ တနင် မှ တနု၊ တနု မှ ခနုဟု ခေါ်ဆိုခြင်းဖြစ်သည်ဟုလည်း ဆို၏။ အချို့က သုခနုမင်းသားအမည်ကို အစွဲပြု၍ ခနုဟုခေါ်ဆိုကြောင်း မွန်မြတ်သော လူမျိုးဟု အဓိပ္ပာယ်မည်ကြောင်းလည်း ပြောကြသည်။

ခနုလူမျိုးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယ၊ ပွေးလှ၊ ရေဦး၊ ရွာငံ၊ ဘော်ဆိုင်း၊ ရပ်စောက်၊ ကျောက်ထပ်၊ ကလော၊ အောင်ပန်း ဒေသများ၌ အများဆုံးနေထိုင်ကြပြီး ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်တို့နှင့် ဆက်စပ်နေသော တောင်ကြောဒေသများ၌ အသင့်အတင့် နေထိုင်ကြသည်။

**ဆင်းသက်ပေါက်ဖွား ခနုတိုင်းရင်းသား**

ခနုတိုင်းရင်းသားတို့သည် တိဗက်မြန်မာ မျိုးနွယ်စုကြီးမှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်၏။ သူတို့၏ ဇာတိ၊ ဇာစ်မြစ်နှင့်စပ်လျဉ်း၍ ဝိဝါဒကွဲပြားနေမှုရှိသည်။ သုတေသီ အက်ဖ်အိတ်ချ်ဂျိုင်းက ခနုတို့ကား မြေပြန့်လွင်ပြင် ဟံသာဝတီ တောင်ဘက်အရပ်မှ ရှမ်းကုန်းပြင်မြင့်သို့ တက်သွားကြသူများဖြစ်သည် ဆို၏။ ဆာ၊ ဂျေ၊ အေ၊ စကော့ ကမူ ခနုတို့သည် ရှမ်းမြန်မာနွယ်များဖြစ်ပြီး မြန်မာပြည်မှ ရှမ်းပြည်ဘက်သို့ ကုန်ရောင်းကုန်ဝယ်သွားလာရင်း ရေကြည်ရာ မြက်နုရာ အခြေချနေထိုင်သူများဖြစ်သည်ဟု ရေးမှတ်ထားခဲ့သည်။

သုတေသီ ဒေါက်တာ Cushing က ခနုသည် ရှမ်းမြန်မာ သွေးနှောဟု ယူဆ၏။ ဟံသာဝတီနယ်မှ တိမ်းရှောင်လာပြီး သာမိုင်းခမ်းနယ်တွင် အခြေချနေထိုင်သူများမှ ဆင်းသက်လာသူများဟုလည်း ယူဆ၏။ သာမိုင်းခမ်းနယ်ကို ဟံသာဝတီမှ မိသားစု ၁၀၀ တိမ်းရှောင်၍ လာရောက်နေထိုင်ကြောင်း၊ ယင်းတို့မှာ ဟံသာဝတီမှ ထွန်းရှိ ဆိုသည့် မိသားစုအပါအဝင် မိသားစု ၁၀၀ ဖြင့် စတင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အလောင်းစည်သူမင်းနှင့် တွေ့ဆုံပြီး ကုသိုလ်ကောင်းမှုပြုကြကြောင်း သမိုင်းကြောင်း၌ ဖော်ပြသည်ဟု ပါရှိသည်။

မစ္စတာ ဂျီ၊ အီး၊ ဘရောင်း ဆိုသူကလည်း ရှမ်းနှင့် ဗမာတို့ ကူးသန်းရောင်းဝယ်သော ဈေးစခန်းများတွင် ရှမ်းနှင့်ဗမာ တွေ့ဆုံကြ၍ ပေါင်းသင်းကြ ဆက်ဆံကြရာမှ ရှမ်းဗမာအနွယ် ခနုလူမျိုး ဖြစ်လာရသည်ဟု ယူဆကြောင်းလည်း ရေးသားခဲ့သည်။

မိတ္ထီလာခရိုင်ဝန်ဖြစ်ခဲ့သူ ဆာဂွန်မင်ဒီဗီး၏ လေ့လာချက်တွင် အနော်ရထာမင်းစောသည် လှိုင်းတက်မြို့ကို တည်ထောင်ပြီးနောက် ရှမ်းကုန်းပြင်မြင့်သို့ စစ်အင်္ဂါလေးပါးနှင့် ချီတက်ရောက်ရှိလာကြောင်း၊ ရှမ်းဒေသအစပ်တွင် လူမျိုးတစ်မျိုးနှင့် တွေ့ဆုံသဖြင့် ဘာလူမျိုးလဲဟုမေးရာ လအယ် လူမျိုးဟုဖြေကြောင်း၊ ထိုလူမျိုး၏မိခင်မှာ မြန်မာအမျိုးသမီး ဖြစ်သည်ဆိုကြောင်း၊ ထို့ကြောင့် အနော်ရထာမင်းက ခနုလူမျိုးခေါ်ရမည်ဟု အမိန့်တော်ထားခဲ့ကြောင်း ဆို၏။ အနော်ရထာမင်းနှင့် တွေ့ဆုံသောအခါ ထိုလူမျိုးတို့သည် လေးနှင့်မြားကို ကိုယ်နှင့်မကွာ ကိုင်စွဲသူများဖြစ်သဖြင့် လေးနှင့် မြားကို အစွဲပြု၍ ခနုလူမျိုးဟု အမည်သမုတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆို၏။

မြန်မာရာဇဝင် သမိုင်းဆရာတို့ကမူ ခနုတိုင်းရင်းသားများမှာ ရှေးခေတ် လေးစစ်သည် အမျိုးများဖြစ်ကြောင်း၊ ခနုဂ္ဂဟခေါ် ဒူးလေး၊ လင်းလေးများကို ကိုင်စွဲတိုက်ခိုက်ရကြောင်း၊ ထို ခနုဂ္ဂဟ ဟူသော ဝေါဟာရမှပင် ခနုဟု တွင်ခဲ့ကြောင်း၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်က နယ်စပ်ဒေသသို့ စစ်ချီစစ်တက် လိုက်ပါသွားရင်း ရှမ်းပြည်၌ စတင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာဘုရင်များ စေလွှတ်လိုက်သော ရွှေခွန်မှူး၊ ငွေခွန်မှူးများနှင့် ရှမ်းလူမျိုးတို့ သွေးနှောကာ ခနု လူမျိုးများ ပေါ်ပေါက်ခဲ့ရကြောင်း ရေးသားထားကြသည်။

သို့အတွက် ခနုတိုင်းရင်းသားအစ ရှမ်းမြန်မာက ဟု ယူဆရပြီး ရှမ်းခနုလူမျိုးနှင့် မြန်မာခနုလူမျိုးဟူ၍ သီးခြားရှိနေခြင်းဖြစ်ပေသည်။ ပြောပုံဆိုပုံမှာ အချို့က မြန်မာနှင့်တူ၍ အချို့က ရှမ်းနှင့်တူလှပေသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကာ ကိုးကွယ်မှု အယူအဆ ဓလေ့ထုံးတမ်းများမှာလည်း ရှမ်းမြန်မာများနှင့် ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့ရသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)တွင်လည်း ခနုတိုင်းရင်းသားများသည် မြန်မာပြည်မအကြားနှင့် ရှမ်းပြည်နယ်အကြားတွင် အခြေချနေထိုင်ကာ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင် ကျောက်ဆီ တွင်းဒေသများ၌ ခနုလူမျိုးများကို တွေ့ရကြောင်း ရှမ်းပြည်နယ်၊ မိုင်းလုံ၊ ရပ်စောက် (ဗထူးနယ်မြေ)၊ ပွေးလှ၊ ရွာငံ၊ ပင်းတယ၊ ကလော၊ အောင်ပန်း တစ်ဝိုက်တွင် နေထိုင်ကြောင်းဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေ ရှမ်း၊ ပလောင်၊ တောင်ရိုး၊ ခနုတို့မှာ ပြောဟန်ဆိုဟန် လေယူ လေသိမ်းမှအစ မြန်မာတို့နှင့် ဆင်တူသဖြင့် ညီနောင်တူဖွား တိုင်းရင်းသားတို့ပင် ဖြစ်ကြပေသည်။

**ခနုစကား**

ခနုတို့၏ ရိုးရာယဉ်ကျေးမှု၊ လူမှုရေး ထုံးတမ်းစဉ်လာနှင့် ဘာသာစကားတို့သည် မြန်မာနှင့်မခြားပေ။ ခနုနှင့် မြန်မာတို့၏ စကားစာပေများမှာ မူရင်းအတူတူဖြစ်ပြီး နေထိုင်ရာဒေသ ကွဲပြားသွားခြင်း၊ အချိန်ကာလ ကြာညောင်းသွားခြင်းတို့ကြောင့် အသံနေ အသံထားနှင့် အချို့သော စကားအသုံးအနှုန်းများ ကွဲပြားလာခြင်းဖြစ်ပေသည်။

ခနု စကားတွင် ပဲ့ ဟူသောစကားသည် ငယ်သော ဟု အဓိပ္ပာယ်ရသည်။ လူကလေးကို လူပဲ့သငယ် ဟုလည်းကောင်း၊ အိုးငယ်ခွက်ငယ်ကို အိုးပဲ့ ခွက်ပဲ့ဟုလည်းကောင်း ပြောဆိုကြသည်။ ခနုရိုးရာ တေးကဗျာတစ်ပုဒ်တွင် “တောင်ပို့လုလင်၊ ဟင်းချိုပင်၊ တစ်ပင်တစ်ရွက်၊ ခူးလို့ချက်၊ အိုးပဲ့နဲ့တည်၊ ခွက်ပဲ့နဲ့ ခူး၊ လင်မယား စားလောက်ဘူး”ဟု ဖွဲ့ဆိုထားပါသည်။ ငယ်သော အဓိပ္ပာယ်အတွက် အခြားအသုံးအနှုန်း တစ်မျိုးမှာ သငယ် ဟူ၍ ဖြစ်သည်။ လူကလေးကို လူပဲ့ ဟုလည်းကောင်း၊ အိုးပဲ့ ခွက်ပဲ့ကို အိုးသငယ် ခွက်သငယ်ဟုလည်းကောင်း ခေါ်တတ်ကြပြီး ငယ်ရွယ်သော ယောကျ်ားလေး၊ မိန်းကလေးများကို ဖိုးနီငယ်၊ မောင်နီငယ်၊ မိနီငယ် ဟူ၍ ချစ်စနိုး ခေါ်တတ်ကြပေသည်။

ဆွေမျိုးတော်စပ်ပုံတွင်လည်း အဘိုး၊ အဘွား တို့ကို ခေါ်ဆိုရာ၌ တို့ဘိုး၊ တို့ဘွား ဟူ၍လည်းကောင်း၊ ဖအို ၊ မို့အို ဟူ၍ လည်းကောင်း၊ အဘွားကို အပေါင် ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ဤနေရာတွင် ရခိုင်တို့ကလည်း အဘွားကို အဘောင် ဟု ခေါ်ကြလေရာ အသံနေအသံထား အနည်းငယ်သာ ကွာခြားပြီး ပြောဟန်ဆိုဟန် တူညီမှုရှိကြောင်း သိရှိနိုင်သည်။ အဖေ အမေ ကို တို့ဖ ၊ တို့မေ ဟု ခေါ်သကဲ့သို့ အဒေါ်ကို ခေါ်ရာ၌ ပဲ့ဟူသော စကားနှင့်တွဲ၍ ခေါ်တတ်သည်။ အဒေါ်၏ အမည်သည် ဒေါ်ခင်မေဖြစ်ပါက ပဲ့မေ၊ ဒေါ်လှထွေးဖြစ်ပါက ပဲ့ထွေး ဟု ခေါ်ကြသည်။

ခနုတို့သည် မြန်မာစကားကို ပြောဆိုသုံးစွဲသည်ဆိုသော်လည်း အချို့အခေါ်အဝေါ် အသုံးအနှုန်းများမှာ မြန်မာတို့နှင့် မတူညီကြသည်များလည်း ရှိသည်။ စကားပြောဆိုရာတွင်လည်းကောင်း၊ အလုပ်လုပ်ရာတွင်လည်းကောင်း၊ အလေး အနက်မရှိဘဲ ပေါ့ပျက်ပျက် ပြောဆိုလုပ်ကိုင်ခြင်းကို ခနုတို့က ဖော့ဖွဲ့သည်၊ အော့အဲ့သည်ဟု ပြောဆိုကြသည်။ မြန်မာစကားတွင် အသုံးမကျ ၊ ရုပ်ပြာသည် ကို ခနုတို့က ခေါ့နုသည် ဟု ပြောဆိုကြသည်။

ခရီးများသွားရာလမ်းတစ်လျှောက်တွင် အရေးအကြောင်းများ၊ အစင်းအကြောင်းများ ထင်ကျန်သကဲ့သို့ အလုပ်ကိစ္စတစ်ခု ဆောင်ရွက်ရာတွင် ချောချောမောမော၊ ပြေပြေပြစ်ပြစ် မပြီးသွားဘဲ အပြစ်ပြောစရာတစ်ခုအဖြစ် ကျန်ရှိခဲ့ပါက “ခေါ့နုလိုက်တာ၊ လုပ်လိုက်ရင် အရာရာနှင့် အညောင်းညောင်းကြီး”ဟု အပြစ်တင်စကား ပြောတတ်သည်။

ထမင်းစား၍ကောင်းသည်၊ စား၍မြိန်သည်ကို ထမန်းစားချိုသည်၊ ဟင်းကောင်းလျှင် ဟင်းချိုသည်၊ ဟင်းမကောင်းလျှင် ဟင်းပြယ်သည်ဟု သုံးနှုန်းသည်။ ထမန်းစားချိုရဲ့လား၊ ထမန်းချိုချိုစားပါ ဟူ၍လည်း ဧည့်ဝတ်ပြုတတ်သေးသည်။ အရသာပေါ့သည်ကို ပြယ်သည်ဟု ပြောကြသည်။ ထမင်းကို ထမန်း၊ မန်းဟု သုံး၍ ဆာလောင်မွတ်သိပ်သည်ကို မွတ်ဟု သုံးကြရာ ထမင်းဆာသည်ကို မန်းမွတ်သည်ဟု ပြောကြသည်။

**ခနုတေး**

ယနေ့ကဲ့သို့ စာပေတစ်ခေတ် ဆန်းချိန်တွင် ကျေးလက်ရိုးရာ တေးသံသာ (Folk Songs)များ ရှာဖွေမှုအပိုင်း၌ မြေပြန့် တေးသံသာများသာမက တောင်ပေါ်ဒေသ ခနုတိုင်းရင်းသား တေးသံသာ သံချပ်တေးတစ်ပုဒ်ကို တိုင်းရင်းသားချစ်ကြည်ရေးစိတ်ဓာတ်ဖြင့် ရှာဖွေတင်ပြလိုက်ပါ၏။ ဤတေးသံသာ သံချပ်ထဲမှ အပိုဒ်အချို့ကို တေးသံရှင် ဘိုဖြူ သီဆိုထားသဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် ယဉ်ပါးနေပြီးဖြစ်၍ နားလည်သိရှိ ခံစားနိုင်ကြပါလိမ့်မည်။

သံချပ်တေးမှာ -

**-တာတက်ပွဲကို ပျော်ဖို့လာ** (ပျော်ဝူးလော) ၂
**-ဂနိုင်ထဲမှာ ပန်းဆွဲပါ၊ ပန်သူများလို့** (ပန်းရှားလော) ၂
**-ဘုရားကြီးလည်း ရွှေထီးမရှိ၊ ပဇာမရှိ**
**ဇလှူဘုရား** (ပြောလေလော)၂
**-သမီးကြီးလည်း ရည်းစားမရှိ၊ ပဇာမရှိ**
**ဇာလှူသမီး** (ပြောလေလော့) ၂
**-ငယ်ခါက တို့ဖပိုး၊ ကျောပိုးထူအောင်** (တို့ဖပိုး) ၂
**-ကြီးလာခါသူများပိုး၊ လမ်းဘေးသငယ်**
**ရည်းစားထားတယ်။** (သူများပိုး)၂
**-တောင်ဖရံမှာ ဆီဖူးချပ်၊ မြောက်ဖရံမှာ ဆီဖူးချပ်**
**တို့ဖ မျက်နှာ** (ဖြစ်ပစ်စပ်) ၂
**-ထမင်းစားလည်း စပွဲနဲ့ မိန်းမယူလည်း** (နားဆွဲနဲ့) ၂
**-ထမင်းစားပြီး တစ်မျိုးလို**
**အိပ်ရာဝင်လည်း တစ်မျိုးလို** (ဆေးလိပ်တို) ၂
**-တောင်ပို့လုလင် ဟင်းချိုပင်**
**တစ်ပင်တစ်ရွက် ခူးလို့ချက်**
**အိုးပဲ့နဲ့တည်၊ ခွက်ပဲ့နဲ့ခူး**
**တို့လင်မယား** (မစားလောက်ဘူး) ၂
**-တစ်မူးရလို တစ်ပဲလှူ**
**တို့ရှမ်းတောင်သူ** (တူနိုင်ရိုးလား) ၂
**-ပင်စိမ်းသီး အညှာချွေချ၊**
**ငါယူမှာက ခနုမ**
**ပင်စိမ်းသီး နေစာလောင်**
**မိန်းမလက်ဆောင်ပေးရအောင်**
**ပင်စိမ်းသီးပိုးထိုး၊**
**ခနုမကို** (ရအောင်ပိုးဟေ့-ရအောင်ပိုး)

**ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်**

| | | |
|---|---|---|
| ပဇာ၊ ဇာ | = | ဘယ်၊ ဘာ၊ |
| ဇာလှူ | = | ဘယ်သူ |
| လမ်းဘေးသငယ် | = | လမ်းဘေးလူငယ် |
| တောင်ဖရံ | = | တောင်နံရံ |
| မြောက်ဖရံ | = | မြောက်နံရံ |
| ပျော်ဝူးလား | = | ပျော်ဘူးလား |

ဤသို့ ခနုရိုးရာတေးသံသာ သံချပ်၊ သားချော့တေး၊ ကျေးလက်တေးသံသာ၊ တာတက်ပွဲ၊ ဒုံးမီးပွဲ၊ တေးသီချင်းနှင့် ရိုးရာပုံပြင် စသည့် စာပေအနုပညာဆိုင်ရာ လေ့လာစရာများ စွာ ရှိနေသေးသည်။ နောင်အခွင့်အခါသင့်ပါက လေ့လာ တင်ပြပါဦးမည်။

**ခနုမြေရဲ့မြို့ရွာငံ**

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ် နှစ်ခုကို ပေါင်းစည်းဖွဲ့စည်းထားခြင်းဖြစ်သည်။ ခနုတို့သည် ဗုဒ္ဓဘာသာကို အများစု ကိုးကွယ်ကြသည်။ ရွာငံမြို့နယ်သည် ရိုးရှင်းရှားပါးသည့် သဘာဝအလှများနှင့် ပြည့်နှက်နေသလို ပင်းတယမြို့နယ်သည်လည်း ခနုတို့၏ ဘာသာတရား ကိုင်းရှိုင်းမှုနှင့် အလှူအတန်း ရက်ရောမှုကို ဖော်ပြနေသည်။ ခနုတို့မြေ ပင်းတယမြို့ရှိ ဘာသာရေး အဆောက်အအုံကြီးများ၏ ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့ရုံဖြင့် သိနိုင်သည်။ ခနုတို့သည် ဘာသာရေးဆိုင်ရာပွဲတော်များကို ရာသီအလိုက် ကျင်းပကြကြောင်းလည်း တွေ့ရသည်။ ပင်းတယမြို့၏ ပုန်းတလုတ်ရေကန်မှာလည်း သမိုင်းကြောင်း ကြီးကျယ်ခမ်းနားခဲ့မှုကို ဖော်ညွှန်းနေသည်။

ရွာငံမှာမူ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြို့ငယ်လေးတစ်မြို့ဖြစ်သည်။ ကလောမြို့မှ နှစ်နာရီခန့် ကားစီးရသည်။ အောင်ပန်းမှ ဆက်သွားရသည်။ ကားလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းဘေးနှစ်ဖက် ရှုခင်းများမှာလည်း လှသဖြင့် အောင်ပန်းမှ ရွာငံသို့ ရောက်မှန်းမသိ ရောက်သွားပါလိမ့်မည်။

**ရွာငံမြို့နယ်၏ အလှအပများ**

ရွာငံမြို့မှာ မြို့ငယ်တစ်ခုသာဖြစ်သော်လည်း စိတ်ဝင်စားစရာကောင်းသည်။ ရှားမှရှားသည့် သဘာဝအလှအပများ မြောက်မြားစွာရှိသည်။ လူသိများသည့် ရွာငံ၏ သဘာဝအလှအပတစ်ခုမှာ မိန်းမရဲသခင်မတောင် ဖြစ်သည်။ မြေပြန့်ပေါ်မှ ထီးထီးကြီးထွက်နေသည့် ကျောက်တောင်ပေါ်၌ ဘုရားများ တည်ထားပြီး သာသနာ့နယ်မြေ ပြုလုပ်ထားခြင်းဖြစ်သည်။ တောင်ပေါ်မှကြည့်ရသည့် ရှုခင်းတွေက ရှုမောစရာပင်။ သမိုင်းအစဉ်အလာ ရာဇဝင်ကလည်း ရှိသေးတော့ ခရီးသွားဧည့်သည်တွေအတွက် ဆွဲဆောင်နိုင်သည့်နေရာတစ်ခု ဖြစ်လာသည်။ အောင်ပန်းမှလာလျှင် အောင်ပန်း-ရွာငံ လမ်းတစ်ဝက်ကျော်ကျော်လေးမှာ တည်ရှိနေခြင်းကြောင့် တောင်ပေါ်ရှိဘုရားကို ဖူးလိုပါက ရွာငံအထိ သွားစရာမလိုဘဲ ဖူးနိုင်သည်။

မိန်းမရဲသခင်မတောင်၏ အနီးတွင် ၁၂ ရာသီပတ်လုံး အမြဲ ကြည်ပြာနေသည့် ရေပြာအိုင်ရှိသည်။ မိုးဘယ်လောက်ကြီးကြီး၊ နေဘယ်လောက်ပူပူ၊ ဘယ်တော့မှ ရေမနောက်၊ ရေမခန်းပေ။ ရေပြာအိုင်နှင့်ပတ်သက်၍ ဒေသခံတို့၏ စိတ်ဝင်စားဖွယ်ကောင်းသော ယုံကြည်မှု အယူအဆများလည်း ရှိပါသေးသည်။ ရေတံခွန်ကြိုက်သူများအတွက် တောကျယ်ရေတံခွန်နှင့် အလယ်ချောင်းရေတံခွန်တို့ကိုလည်း သွားရောက် လည်ပတ်နိုင်ကြသည်။ ရွာငံမြို့ပတ်ဝန်းကျင်သို့ လည်ပတ်ချင်သူများအတွက် ကိုးနဝင်းတောင်၊ ဂဏန်းတောင်၊ မင်္ဂလာရေကန်နှင့် ငါးရက်ဈေးတို့လည်း ရှိနေပေသည်။

**ရှေ့မြင်နောက်မြင်တောင်တန်း**

Adventure ကြိုက်သူများနှင့် Trekking လျှောက်လိုသူများအနေဖြင့်လည်း ရှေ့မြင်နောက်မြင်တောင်တန်းပေါ်သို့ တက်နိုင်သည်။ ရွာငံမြေ၏ အမြင့်ဆုံး ရှေ့မြင်နောက်မြင်တောင်ထိပ်၌ တောင်ဇလပ်နီများ တောအုပ်ကြီးဖြစ်အောင် ပေါက်နေသည်။ အမြင့်ပေ ၇၇၅၂ ပေမြင့်သည့် ရှေ့မြင်နောက်မြင်တောင်ထိပ်သို့ အသွားအပြန် တောင်တက်လမ်း ၁၈ မိုင် ရှည်သည်။ ကားလမ်း ဆိုင်ကယ်လမ်းတို့ မပေါက်သေးသော တကယ့် တောတွင်းလျှောက်လမ်းလေးဖြစ်ပြီး Adventure အရသာစစ်စစ်ကို ခံစားနိုင်သည်။ ပုံမှန်လမ်း လျှောက်တက်လျှင် အတက် ခြောက်နာရီ အဆင်း လေးနာရီ အချိန်ပေးရသည်။ အချို့က တောင်ထိပ်မှာ စခန်းချပြီး ညအိပ် ကြသည်။ တောင်ဇလပ်တောအုပ်ထဲ တိမ်စိုင်လွှာတွေကြား ညအိပ်နားခဲ့ရသည့် မေ့မရသော ညလေးတစ်ညအဖြစ် ခံစားကြရမည်ဖြစ်သည်။

တောင်တက်ဖို့ မစွမ်းသူတွေအတွက်လည်း ဟိုနားဒီနား Trekking လေးပဲ လျှောက်လို့ရသည်။ ရွာငံမြို့၏ သဘာဝပတ်ဝန်းကျင်တွင်ရှိသည့် Trekking လမ်းကြောင်းများက ကလောမှာရှိသည့် လမ်းကြောင်းများနှင့် မတူပါ။ သူ့အလှနှင့်သူ မတူကွဲပြားစွာ တည်ရှိနေကြခြင်းဖြစ်သည်။ မြို့ရွာငံ၏ သဘာဝအလှအပ တောင်ဇလပ် တောအုပ်တောတန်းထဲမှာ Trekking လျှောက်၍ရသလို Camping Site များ၌ စခန်းချ၍ သဘာဝတရားကြီးကို ခံစား အပန်းဖြေနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် အနေအထားများ မပျက်စီးသေးသော ရွာငံမြို့လေးသည် လှပနေသည့်အပြင် ဓာတ်ပုံရိုက်ဝါသနာရှင်များအတွက်လည်း ဆွဲဆောင်မှု အပြည့်အဝပေးနိုင်သည်။

ခနုတိုင်းရင်းသားတို့၏ နွေးထွေးစွာ ဧည့်ဝတ်ပျူငှာမှုနှင့်အတူ ရွာငံမြို့နယ်၏ အထင်ကရဖြစ်သော မိန်းမရဲသခင်မတောင်၏အလှအပများ၊ တောင်ဇလပ်တောအုပ်နှင့်သဘာဝတရား၏ ရှုမောဖွယ်အလှများကို ခံစားရင်း အပန်းဖြေနိုင်အောင် ခနုမြေ ရွာငံမြို့ဆီသို့ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ကြပါရန် ဖိတ်ခေါ်လိုက်ပါရစေ။ ။

# ဆန်စပါးကဏ္ဍကိုအကျိုးပြုနိုင်မည့် မိုဘိုင်းဝန်ဆောင်မှုကို ဖန်တီးခဲ့သည့် လူငယ်အဖွဲ့ တယ်လီနောလူငယ်ဖိုရမ်တွင် အနိုင်ရရှိ

**ရန်ကုန် ဇွန် ၃**

ယခုနှစ်အတွက် ကျင်းပသည့် ခြောက်ကြိမ်မြောက် တယ်လီနော လူငယ်ဖိုရမ်တွင် တောင်သူများနှင့် ကုန်သည်များအကြား geolocation စနစ်ဖြင့် ချိတ်ဆက်ပေးနိုင်စွမ်းရှိပြီး ဆန်စပါးကဏ္ဍကို အကျိုးပြုနိုင်မည့် မိုဘိုင်းအက်ပလီကေးရှင်းကို ဖန်တီးခဲ့သည့် AgriMatch အဖွဲ့က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

AgriMatch အဖွဲ့သည်စိုက်ပျိုးရေးကဏ္ဍအတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းစဉ်(supply chain) သာတူညီမျှရှိစေရန်နှင့် ကြွေးမြီပြဿနာများ၊ ဆင်းရဲမှုများနှင့် ရင်ဆိုင်နေရသည့် တောင်သူများအတွက် အကူအညီဖြစ်စေမည့် မိုဘိုင်းဝန်ဆောင်မှုကို ဖန်တီးကာ ခြောက်လကြာ စမ်းသပ်ပြင်ဆင်ပြီးသည့်နောက် တယ်လီနောလူငယ်ဖိုရမ်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဤ မိုဘိုင်းအက်ပလီကေးရှင်းသည် အာရှတိုက်ရှိ ဆန်စပါးထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းစဉ်အတွင်း ကွာဟချက်များကို လျှော့ချနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသည့် AgriMatch အဖွဲ့ အနေဖြင့် မြန်မာနိုင်ငံတွင် ရှေ့ပြေးစီမံချက်တစ်ခုကို လုပ်ဆောင်သွားရန်လည်း ရည်မှန်းထားကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံရှိ Network Activities Group(NAG) နှင့်လည်း ဆက်လက်ပူးပေါင်းကာ ပြည်သူများနှင့် ပတ်ဝန်းကျင်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်တစ်ခု ပေါ်ပေါက်လာစေရန် အထောက်အကူဖြစ်စေမည့် Good Agricultural Practices (GAP)စနစ်အတွက်လည်း ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Sharad Mehrotra က "AgriMatch ရဲ့ စီမံကိန်းကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ဆန်စပါးထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းစဉ်ကို အကျိုးပြုရုံသာမက အာရှတစ်ခွင်ကိုပါ သိသိသာသာ ပြောင်းလဲသက်ရောက်မှု ရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားတဲ့ တခြားစီမံကိန်းတွေကလည်း ကောင်းခဲ့ပါတယ်၊ တယ်လီနော လူငယ်ဖိုရမ်မှာ ဆုံးဖြတ်ချက်ခိုင်မာမှုနဲ့ စိတ်အားထက်သန်မှုတို့ကို ပြသနိုင်ခဲ့တဲ့ မြန်မာနိုင်ငံက ကိုယ်စားလှယ်နှစ်ယောက်ဖြစ်တဲ့ ကိုသီဟနဲ့ မနန်းတို့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ဒီနှစ်ဖိုရမ်မှာ အနိုင်မရရှိခဲ့ပေမယ့် ဒီမြန်မာကိုယ်စားလှယ်နှစ်ယောက်က နိုင်ငံရဲ့ ဒစ်ဂျစ်တယ်အနာဂတ်ကို ပုံဖော်ရာမှာ အရေးပါတဲ့ ကဏ္ဍကနေ ပါဝင်သွားနိုင်တယ်လို့ ယုံကြည်ထားပါတယ်" ဟု ပြောကြားသည်။

ယခုနှစ် တယ်လီနောလူငယ်ဖိုရမ်၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဗန်ကောက်မြို့၌ မေ ၂၈ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ လူငယ်နှစ်ဦး အပါအဝင် နိုင်ငံရှစ်နိုင်ငံမှ လူငယ်များ ပါဝင်သော အဖွဲ့လေးဖွဲ့က ၎င်းတို့အဖွဲ့အလိုက် လုပ်ဆောင်ခဲ့သော ဒစ်ဂျစ်တယ်ဝန်ဆောင်မှု လေးမျိုးကို တင်ပြခဲ့သည်။ ဝန်ဆောင်မှုလေးမျိုးမှာ စားနပ်ရိက္ခာထုတ်လုပ်ရာတွင် ရေရှည်တည်တံ့မှု ပိုမိုရရှိလာစေရန်နှင့် ကျန်းမာရေးကဏ္ဍအတွင်း မညီမျှမှုများ လျော့နည်းလာစေရန် ဒစ်ဂျစ်တယ်ဝန်ဆောင်မှု၊ စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ အထင်အမြင်လွဲမှားမှုများကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု လျှော့ချခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒစ်ဂျစ်တယ်နည်းလမ်း အသုံးပြုဆောင်ရွက်ခြင်း ဝန်ဆောင်မှုနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို လူငယ်များထံ ပိုမိုလွယ်ကူစွာ မျှဝေပေးနိုင်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုတို့ ဖြစ်သည်။

ဖိုရမ်သို့ မြန်မာနိုင်ငံကိုယ်စားပြု စေလွှတ်ခံရသည့် လူငယ်နှစ်ဦးဖြစ်သူ သီဟဇော်နှင့်နန်းယဉ်ယဉ်ဝင်းနွယ်တို့မှာ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးမှုမျှဝေခြင်း ပလက်ဖောင်းဆိုင်ရာ ဝန်ဆောင်မှုနှင့် ရေသန့် ရရှိရေး ဝန်ဆောင်မှုတို့ကို တင်ပြသည့် အဖွဲ့များတွင် ပါဝင်ခဲ့ပြီး အဖွဲ့များ၏ ရလဒ်များ ကောင်းမွန်သော်လည်း ဆုရရှိခဲ့ခြင်းမရှိကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံး မင်းလှမြို့နယ်၌ ဖွင့်လှစ်

**မင်းလှ ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံး ဖွင့်ပွဲကို ဇွန် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရုံးဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများအား ဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်း၊ သတင်းအချက် အလက်ပေးခြင်းတို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ပြည်သူများအားကိုးရသော၊ ယုံကြည်ရသောအဖွဲ့ဖြစ်စေလိုကြောင်း အမှာစကားပြောကြားကာ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွဲ့၏ လက်ရှိဆောင်ရွက်ချက်များကို ပြောကြားခဲ့သည်။

မင်းလှမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းအတွင်း ဖွင့်လှစ်ထားပြီး ထိုရုံးသည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့နယ်များအနက် ပထမဦးဆုံး ဖွင့်လှစ်နိုင်ခဲ့သော မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ခေတ်မီလက်နက်များ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်

**ညောင်ဦး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် လက်နက်များ ကိုင်ဆောင်၍ တာဝန်ထမ်းဆောင်ရာတွင် ခေတ်မီလက်နက်များကို စနစ်တကျ ကိုင်တွယ်အသုံးပြု ပစ်ခတ်နိုင်စေရန် ရည်ရွယ်လျက် ခေတ်မီလက်နက်များ စနစ်တကျ ထားသိုထိန်းသိမ်းနည်းနှင့်ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြု ပစ်ခတ်နည်း(ဆင့်ပွား)သင်တန်းကို ဇွန် ၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စိန်ဝင်းက အမှာစကားပြောကြားကာ သင်တန်း နည်းပြဆရာများက တက်ရောက်လာသည့် သင်တန်းသားတပ်ဖွဲ့ဝင်များအား ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းဆိုင်ရာများ၊ လက်နက် ထားသိုထိန်းသိမ်းနည်းနှင့် ကိုင်တွယ် အသုံးပြုပစ်ခတ်နည်းများကို စာတွေ့လက်တွေ့ပို့ချသင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ညောင်ဦးခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကို ဇွန် ၃ ရက်မှ ၁၄ ရက်အထိ သင်တန်းကာလ ရက်သတ္တပတ် နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လေပြင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်




လေပြင်းဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းပုံးများ ပေးအပ်စဉ်။

**စလင်း ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်း မေ ၃၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများ ဖြစ်ခဲ့၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အဆိုပါ နေအိမ်ပျက်စီးသည့် ပြည်သူများထံသို့ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လေပြင်းတိုက်၍ အမိုးလန်ပျက်စီးသည့် ရပ်ကွက် တစ်ခုနှင့် ကျေးရွာ ၂၄ ရွာမှ အိမ် ၁၂၄ လုံးအတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ စီနှင့် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေများကို ထောက်ပံ့ပေးအပ်ကာ ပြိုကျခဲ့သည့် အိမ် ၁၃ အိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ တစ်အိမ်လျှင် ကျပ်တစ်သိန်းစီ၊ ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးစီနှင့် ဆန်ရိက္ခာဖိုးငွေများကို ထောက်ပံ့ခဲ့သည်။ ထို့အပြင် လေပြင်းဒဏ်သင့်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းနှင့် တန်ဆောင်း တစ်ဆောင်အတွက် ထောက်ပံ့ငွေ ကျပ်ငါးသောင်းတို့ကိုလည်း ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေပြတ်လပ်နေသော ပုံတောင်ဒေသ ကျေးရွာများသို့ ရေဂါလန် ၁၀၀၀၀ ကျော် လှူဒါန်း

**ပုလဲ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုံတောင်ဒေသရှိ လယ်ဓမ္မကျေးရွာအုပ်စုမှ ထန်းခင်းကြီးကျေးရွာနှင့် ပေပင်ကျေးရွာ၊ စစ်ရင်ကျေးရွာအုပ်စုမှ ရေချမ်းသာကျေးရွာတို့၌ ရာသီဥတုပူပြင်းမှုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်၍ အခက်အခဲရှိလာကြောင်းဒေသခံပြည်သူများ၏ အကူအညီ တောင်းခံမှုအရ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ ဇွန် ၁ ရက်နှင့် ဇွန် ၂ ရက်က သောက်သုံးရေ ဂါလန် ၁၁၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က "ပုလဲမြို့နဲ့ မိုင် ၂၀ကျော် ကွာဝေးတဲ့ ထန်းခင်းကြီးကျေးရွာနဲ့ ပေပင်ကျေးရွာတို့ဟာ ပုံတောင်ဒေသ တောင်ပေါ်ကျေးရွာတွေဖြစ်ပြီး သောက်သုံးရေပြတ်လပ်နေကြောင်း သိရတဲ့အတွက် ဇွန် ၂ ရက်မှာ မုံရွာမြို့နယ် ကျောက်ကာ(မြောက်)ရွာမှ ရေနံကုန်းလူငယ်အဖွဲ့က ထန်းခင်းကြီး ကျေးရွာကို သောက်သုံးရေဂါလန် ၆၀၀၀ လှူဒါန်းခဲ့ပါတယ်၊ ပေပင်ကျေးရွာကို မုံရွာမြို့အမှတ် (၅) အထပ်သားစက်ရုံမှ စက်ရုံလုပ်သားများက သောက်သုံးရေ ဂါလန် ၁၀၀၀ နဲ့ ချောင်းဦးမြို့မှ ဆရာတော် ဘဒ္ဒန္တဓမ္မပီယက သောက်သုံးရေ ဂါလန် ၈၀၀ ကို လှူဒါန်းပေးခဲ့ပါတယ်၊ ဒါ့အပြင် ဇွန် ၁ ရက်ကလည်း ပုလဲမြို့နဲ့ ၃၅ မိုင်ကျော် ကွာဝေးတဲ့ စစ်ရင်ကျေးရွာအုပ်စု ရေချမ်းသာကျေးရွာကို မုံရွာမြို့နေ ဦးအောင်ဆန်း (စနေရေလှူအသင်း)က သောက်သုံးရေ ဂါလန် ၃၂၀၀ လှူဒါန်းပေးခဲ့သလို မုံရွာမြို့နေ ဦးမင်းနိုင်ဝင်း မိသားစု(ဂုဏ်ထူးဆွေပြည်သာဘော်ဒါ)ကလည်း ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေဖို့ စက်ရေတွင်းတူးဖော်နိုင်ရန် ကျပ် ၂၅သိန်းကို လှူဒါန်းပေးခဲ့ပါတယ်" ဟု ပြောသည်။



ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် သောက်သုံးရေ လုံလောက်မှုမရှိခြင်းနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၊ ဖုန်း-၀၇၁-၃၅၀၀၃၊ ၀၉-၉၆၃၇၀၀၀၁၃နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၇၁-၃၅၀၉၆၊ ၀၉-၇၉၈၇၀၉၈၇၁ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပြင်ဦးလွင်၌ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေး ဌာနတို့ ပူးပေါင်း၍ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၅ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# စားရန်မသင့်သည့်မုန့်များ ရောင်းချမှုမရှိစေရန် စစ်ဆေး

**ရေဖြူ ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကလေးငယ်များစားသုံးရန် မသင့်သည့်မုန့်များ ရောင်းချမှုမရှိစေရေးအတွက် မြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီက ကြီးမှူး၍ ဇွန် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးမှုတွင် ရေဖြူမြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါ်မိုးမိုးလွင်နှင့် ကော်မတီဝင်များ၊ မြို့နယ် လက်ထောက်ပညာရေးမှူး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ကျောင်းမုန့် ဈေးတန်းများ၌ ရောင်းချနေသော မုန့်နှင့်အစားအစာများတွင် စားသုံးသူရေးရာဦးစီးဌာနက စစ်ဆေးတားမြစ်ထားသည့် မုန့်နှင့် အစားအစာများ ရောင်းချမှုမရှိစေရန် လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

**မြို့နယ်ပြန်/ဆက်)**

# ရေရှားပါးသော ဂန္ဓာရီပရဟိတကျောင်းသို့ သောက်သုံးရေများလှူဒါန်း

**ဘူးသီးတောင် ဇွန် ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့မှ ရေရှားပါးနေသော ဂန္ဓာရီပရဟိတကျောင်းသို့ သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစိန်ရွှေသန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့က ဇွန် ၃ ရက်က မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့သည်။

ဂန္ဓာရီပရဟိတကျောင်းသို့ ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရေလှူဒါန်းခြင်းမှာ ယခုအကြိမ်သည် ပထမအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး ရေဂါလန် ၃၄၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဂန္ဓာရီပရဟိတကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၀၈ ဦးရှိရာ ရေရှားပါးလျက်ရှိနေချိန်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၃၄၀၀ လှူဒါန်းပေးသဖြင့် ကျောင်းသား ကျောင်းသူများအတွက် များစွာအဆင်ပြေစေကြောင်း ပရဟိတဂေဟာမှူးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်အစိုးရအဖွဲ့ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ

**ဆမီး ဇွန် ၃**

ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပြေမင်းနှင့် ပြည်သူလူထုတွေ့ဆုံပွဲကို ဆမီးမြို့မြို့အထွေထွေအုပ်ချုပ်ရေးခန်းမဆောင်၌ ဇွန် ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ဆမီးမြို့ရှိ ဌာနဆိုင်ရာများ၏အသံ၊ ပြည်သူလူထု၏အသံကို အဓိကထားနားထောင်ရန် လာခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအနေဖြင့် ပလက်ဝမြို့နယ်အတွင်း မြို့နှစ်မြို့ ထပ်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဇူလိုင်လအတွင်း ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်းပြီး သစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

တက်ရောက်လာသူများကလည်း သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားပေးခဲ့သည်။

၀၀၇



ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံစဉ်။




# ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ပျဉ်းမနား ဇွန် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ရပ်ကွက်အတွင်းရှိ နွမ်းပါးသည့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ၊ ကျောပိုးအိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ရပ်ကွက်အတွင်းရှိ နွမ်းပါးသည့် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေးနှင့် ကျောင်းနေနိုင်ရေးအတွက် ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရွာကောက်ရပ်ကွက် သာယာကုန်း(၂)အတွင်းရှိ ချို့တဲ့နွမ်းပါးသော မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၂၂ ဦးကို ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ၊ ကျောပိုးအိတ်၊ ထောက်ပံ့ငွေများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ပေးအပ်ခဲ့ကြောင်း သိရသည်။



နွမ်းပါးကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးစဉ်။

**မင်းမင်းလတ် (ရုပဗေဒ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလျှပ်စစ်ပြင်သင်တန်းဖွင့်

**တောင်ငူ ဇွန် ၃**

ကျေးလက်ဒေသနေ လူငယ် လူရွယ်များ အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ကျေးလက်ဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလျှပ်စစ်ပြင်သင်တန်းကို ယနေ့နံနက်က တောင်ငူမြို့ ကံရိုးကျေးရွာအနီးရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအေးနိုင်က နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပြနှင့် နှစ်မိုင်၊ ငါးမိုင်မီးလင်းရေးလုပ်ငန်းအပြင် မဟာဓာတ်အားလိုင်းပြင်ပဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယခုကဲ့သို့ သင်တန်းသည် များစွာအထောက်အကူပြုမည်ဖြစ်၍ သင်တန်းသို့ တက်ရောက်ကြသူများက ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။



အခြေခံလျှပ်စစ်ပြင်သင်တန်းကို တောင်ငူမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်စဉ်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်မင်းလတ်က လျှပ်စစ်ဓာတ်အားဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းနှင့် လျှပ်စစ်နှင့် ပတ်သက်သော အန္တရာယ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တောင်ငူခရိုင်၊ ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးဘသိန်းက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းသို့ ပဲခူးခရိုင်မှ သင်တန်းသား ၁၀ ဦး၊ တောင်ငူခရိုင်မှ သင်တန်းသား ၂၃ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၉ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**

# ဘူးသီးတောင်၌ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန်တွင် ငါးဖမ်းခြင်းမပြုရန် စစ်ဆေး

**ဘူးသီးတောင် ဇွန် ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်တွင် ငါးဖမ်းဆီးခြင်း မပြုလုပ်ရန် ဒေသခံရေလုပ်သားများအား အသိပေးနှိုးဆော်ထားပြီး ကြပ်မတ်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မိုးရာသီ၏ မေ၊ ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းများ၌ ဥများပြည့်ဝနေသော ငါးမကြီးများ မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြကြောင်း၊ ထိုငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်နှင့် ငါးသန်များသည်လည်း သေကျေပျက်စီးသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငါးများကို ဖူလုံစွာစားသုံးနိုင်ရန် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်နှင့် ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါးရစ် ငါးသန်ရာသီချိန်များတွင် ရေလုပ်သားများအနေဖြင့် ငါးများကို ဖမ်းဆီးခြင်း မပြုလုပ်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်တားမြစ်ထားကြောင်း၊ ပြည်သူများအနေဖြင့် နုနယ်လှသော ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုလုပ်ဘဲ ဘေးမဲ့ပေးကြရန် မြို့နယ်အတွင်း အသိပေးနှိုးဆော်ထားကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်းက ပြောသည်။ ဘူးသီးတောင်မြို့နယ်အတွင်းရှိ မြစ်ချောင်းအတွင်း၌ ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးဖမ်းဆီးခြင်း မပြုလုပ်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အသိပေးထားပြီး တာဝန်ရှိသူများက လိုက်လံကြပ်မတ် စစ်ဆေးလျက်ရှိသည်။ တားမြစ်ချက်များကို လိုက်နာခြင်းမရှိသူ များအား ရေချိုငါး လုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန် / ဆက်)**

# ဟုမ္မလင်း၌ မြန်မာ့ရိုးရာနောင်ပိုအောင်ဓား အွန်လိုင်းစနစ်ဖြင့် ရောင်းချနေရဟုဆို

**ဟုမ္မလင်း ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာရှိ ရှမ်းနီတိုင်းရင်းသားများ၏ ရိုးရာပန်းပဲလုပ်ငန်းမှ ထွက်ရှိသော မြန်မာ့ရိုးရာဓားများကို အွန်လိုင်းစနစ်ဖြင့် ရောင်းချနေရကြောင်း အဆိုပါကျေးရွာရှိ ပန်းပဲလုပ်ငန်းရှင်များထံမှ သိရသည်။

"ပန်းပဲပညာရပ်ဟာ အွန်လိုင်းခေတ်မှာတော့ တစ်ကျော့ပြန်ရောင်းလို့ ကောင်းလာတယ်လို့ ပြောရမယ်။ အွန်လိုင်း မှာပဲ အရောင်းအဝယ်လုပ်ကြတယ်။ ရည်ရွယ်ချက်တွေက တစ်ယောက်နဲ့ တစ်ယောက် မတူညီကြဘူး။ ပန်းဆယ်မျိုးကို အားလုံးယှဉ်ပြီး ပြောမယ်ဆိုရင်တောင် ပန်းပဲလုပ်ငန်းကို အတန်းမထားကြဘူး။ ပန်းရန်နဲ့ပန်းပဲလုပ်ငန်းကို နိမ့်တဲ့အတန်းထဲမှာ ရှိတယ်လို့ ထင်ကြတယ်။ သုံးတဲ့ကုန်ကြမ်းနဲ့ လက်ရာအလိုက် ဈေးသတ်မှတ်တဲ့နေရာမှာ အနည်းအများကွာခြားမှုရှိတယ်။ သူတို့လိုချင်တဲ့ ဈေးနဲ့ တန်တဲ့ဓားကို လုပ်ပေးလို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်က လက်ရာကို မလျှော့ချင်ဘူး။ လျှော့ပေးလိုက်မယ်ဆိုရင် ရေရှည်မှာ ပန်းပဲလက်ရာတွေ တိမ်ကော ပျောက်ကွယ်နိုင်တဲ့အတွက် မလုပ်တာပါ"ဟု နောင်ပိုအောင်စံပြကျေးရွာရှိ မြန်မာ့ရိုးရာ နောင်ပိုအောင်ဓားလုပ်ငန်းမှ ကိုသန့်ဇင်မောင်က ပြောသည်။

ယခုလက်ရှိတွင် နောင်ပိုအောင်စံပြကျေးရွာ၌ မြန်မာ့ရိုးရာဓားလုပ်ငန်းလုပ်ကိုင်သူ ၂၀ ကျော်ရှိပြီး ဈေးနှုန်းအနေဖြင့် အိမ်သုံးဓားမတစ်ချောင်း ငွေကျပ် ၅၀၀၀ မှ အနုစိတ်လက်ရာဖြင့် လုပ်ကိုင်သော ဓားမြှောင်၊ ဓားရှည်အမျိုးမျိုးကို ငွေကျပ် ၅၀၀၀၀ မှ ၁၈ သိန်းနှုန်းအထိရှိပြီး ယခုအခါတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်ဈေးကွက်တွင် အောင်မြင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**




နောင်ပိုအောင်ထွက်ဈေးကွက်ဝင် ဓားများပြသထားသည်ကို တွေ့ရစဉ်။

# ဒုတိယအကြိမ် သျှမ်းနီအမျိုးသား စာပေညီလာခံ မုံရွာမြို့တွင်ကျင်းပ

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ရှမ်းနီတိုင်းရင်းသားများ၏ ဒုတိယအကြိမ်မြောက် သျှမ်းနီအမျိုးသား စာပေညီလာခံကို မုံရွာမြို့ မြို့တော်ခန်းမ၌ ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

ညီလာခံကျင်းပခြင်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်က "လူမျိုးတစ်မျိုးဖြစ်လာရင် သမိုင်းကြောင်းရှိရမယ်၊ နယ်မြေတစ်ဆက်တစ်စပ်တည်းရှိရမယ်၊ ကိုယ့်ရဲ့စာပေနဲ့ယဉ်ကျေးမှုရှိရမယ်၊ ဓလေ့ထုံးတမ်းအစဉ်အလာရှိရမယ်၊ လူမျိုးတစ်မျိုးအတွက် စာပေဟာသိပ်ကို အရေးကြီးပါတယ်၊စာပေပျောက်ရင် လူမျိုးပါ ပျောက်နိုင်ပါတယ်၊ ဒါကြောင့်စာပေညီလာခံကို ကျင်းပတာဖြစ်တယ်"ဟု ပြောသည်။



သျှမ်းနီအမျိုးသား စာပေညီလာခံ ကျင်းပနေစဉ်။

ညီလာခံတွင် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မာက အခြေခံပညာဦးစီးဌာနမူလတန်းပညာရေးကဏ္ဍတွင် သင်ကြားပေးလျက်ရှိသော တိုင်းရင်းသားစာပေများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာဝင့်မြတ်သီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားစာပေကဏ္ဍများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် စက်သုံးဆီဆိုင်များနှင့် ဆီသယ်ယာဉ်များကို စစ်ဆေး

**ကန်ကြီးထောင့် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များနှင့် ဆီသယ်ယာဉ်များအား မီးဘေးလုံခြုံရေး စစ်ဆေးမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ဇွန် ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။




ဆီသယ်ယာဉ်တစ်စီးကို မီးသတ်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ သွားရောက်ကာ အရေးပေါ် မီးငြိမ်းသတ်ဆေးဘူးများ ထားရှိခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ ဆီသိုလှောင်ကန်များကို စနစ် တကျ ဆောင်ရွက်ထားရှိမှု ရှိ/မရှိနှင့် ဆီဆိုင်များသို့ လောင်စာဆီများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် ဆီသယ်ယာဉ်များတွင် အရေးပေါ် မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိ/မရှိ တို့ကို လိုက်လံစစ်ဆေးခဲ့ပြီး ယာဉ်ပေါ်မှ လောင်စာဆီများချရာတွင် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် သတိပြုလိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို အကြံပြုမှာကြားခဲ့ကြောင်းသိရသည်။

**နန်းထိုက်**

အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည့် ဇွန် ၃ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၀) မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သန်လျင် အထက(၂)ကျောင်းရှေ့၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ပေးနေစဉ်။
သက်ခိုင်(သန်လျင်)



# စက်မှုအသက်မွေးပညာ ရှေ့လျားသင်တန်း အမှတ်စဉ်(၉၉) သင်တန်းဆင်းပွဲကျင်းပ

**ငါ့သရောက် ဇွန် ၃**

စက်မှုဝန်ကြီးဌာနနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ညောင်ဦးခရိုင်လျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်း၍ အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ)က ကြီးကြပ်စီစဉ်ပြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့၌ ဖွင့်လှစ်ခဲ့သည့် စက်မှုနှင့်သက်မွေးပညာ ရှေ့လျားသင်တန်း အမှတ်စဉ်(၉၉)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၃ ရက်က ငါ့သရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် ညောင်ဦးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)မှ အုပ်ချုပ်ရေးဌာနမှူး ဦးဇေယျာမင်းထက်က သင်တန်းသားများအနေဖြင့် မိမိတို့ရပ်ရွာများသို့ ပြန်ရောက်ချိန်တွင် လျှပ်စစ်အကြောင်း သတိပြုရမည့်အချက်များကို ထပ်ဆင့်ဝေမျှပေးကြရန် သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်းက ငါ့သရောက်မြို့တွင် ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၁၅ စု၊ ကျေးရွာ ၃၂ ရွာရှိကာ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရန် ကျေးရွာ ငါးရွာသာ ကျန်ရှိတော့ကြောင်း၊ ထိုအချိန်တွင် ယခုသင်တန်းကို ငါ့သရောက်မြို့၌ ပထမဆုံးအကြိမ် လာရောက်ဖွင့်လှစ်ပေးသည့်အတွက် ငါ့သရောက်မြို့နယ်သူ မြို့နယ်သားများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။ အဆိုပါ စက်မှုနှင့်သက်မွေးပညာ ရှေ့လျားသင်တန်း အမှတ်စဉ်(၉၉)၌ ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ရွာများမှ သင်တန်းသား ၆၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မိုင်းယောင်းမြို့၌ မိုးစပါးစိုက်ပျိုးရေးအတွက် ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းဆောင်ရွက်

**မိုင်းယောင်း ဇွန် ၃**

မိုးစပါးစိုက်ပျိုးရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်မှ တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးအတွက် အဓိကအားထားရသော နမ့်မိန်ချောင်းနှင့် နမ့်ခပ်ချောင်းတို့မှ သွယ်ယူထားသော စိုက်ပျိုးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များရှင်းလင်းခြင်းနှင့် တူးဖော်ခြင်းကို ဇွန် ၃ ရက်က တောင်သူလယ်သမားများ စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေမြောင်းများ စုပေါင်းရှင်းလင်းတူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်ကျော်၊ အင်ဂျင်နီယာ ဦးစိုင်းဟိန်းလွှမ်းမိုးနှင့် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**အားချာ(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် စည်းကမ်းမဲ့မော်တော်ယာဉ်များကို ဖမ်းဆီးစစ်ဆေး

**မင်းဘူး ဇွန် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်သွားလာနိုင်စေရန် ရည်ရွယ်၍ မင်းဘူး-မကွေး ကားလမ်းနှင့် မင်းဘူးမြို့မရဲစခန်းရှေ့၌ စည်းကမ်းမဲ့မော်တော်ယာဉ်များ ဖမ်းဆီးစစ်ဆေးခြင်းကို ဇွန် ၃ ရက်က ဆောင်ရွက်ခဲ့သည်။

အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မင်းဘူး)မှ ဒုရဲမှူး မောင်မောင်သန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက ယာဉ်မောင်းသူများအနေဖြင့် ခါးပတ်မပတ်ဘဲ မောင်းနှင်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် ရှိ/မရှိကိုလည်းကောင်း စစ်ဆေးခဲ့သလို ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ဦးထုပ်မပါခြင်း၊ ဘက်မှန်မပါခြင်း၊ နောက်နံပါတ်ပြားမပါခြင်းတို့ကိုလည်း စစ်ဆေးခဲ့ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ခြင်းမရှိသော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။ မင်းဘူးမြို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် စည်းကမ်းမဲ့မော်တော်ယာဉ်များ ဖမ်းဆီးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မင်းဘူး)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# မိုင်းခတ်မြို့နယ်၌ ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ် ဆွေးနွေးပွဲပြုလုပ်

**မိုင်းခတ် ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာခန်းမ၌ ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် ကြက်ခြေနီရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဇွန် ၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်က ကြက်ခြေနီအကြောင်းသိကောင်းစရာများကို ရှင်းလင်း အမှာစကားပြောကြားပြီး ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ(ကျိုင်းတုံ) အတွင်းရေးမှူး ဦးဝင်းမြတ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ ကြက်ခြေနီအသင်း၏ လုပ်ငန်းတာဝန်များနှင့် ကြက်ခြေနီအသင်းဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုင်းခတ်မြို့နယ်ကြက်ခြေနီကော်မတီဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရာသီဥတုဒဏ်ကြောင့် လိုင်လင်းပီမြို့၌ ကုန်စိမ်းများရောင်းချမှုနည်းပါးလာ

**မတူပီ ဇွန် ၃**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ပူပြင်းသည့် ရာသီဥတုဒဏ်ကြောင့် ကုန်စိမ်းပစ္စည်းများ သယ်ယူပို့ဆောင် ရောင်းချမှု နည်းပါးလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့မှ လိုင်လင်းပီသို့ ကုန်စိမ်းသယ်ဆောင်ရောင်းချနေသည့် ကုန်သည်တစ်ဦးက "ကျွန်တော်တို့ ဂန့်ဂေါကနေ လိုင်လင်းပီကို ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ ချဉ်ပေါင်ရွက်၊ ငရုတ်သီးစိမ်း စတဲ့ကုန်စိမ်းတွေကို ပုံမှန် ကားနဲ့ သယ်ပြီးရောင်းချဖြစ်တယ်၊ အခုက ရာသီဥတုပူလွန်းလို့ အသီးအရွက်တွေက ပုပ်ကုန်ပြီး အရှုံးပေါ်တဲ့အထိဖြစ်လို့ ဆက်မသယ်တော့တာပါ"ဟု ပြောသည်။

လိုင်လင်းပီမြို့ခံ ဈေးသည်တစ်ဦးကလည်း "အစတုန်းက ကုန်စိမ်းတွေလည်း တော်တော်တင်ဖြစ်တယ်၊ အခုတော့ ဂန့်ဂေါကသယ်လာတဲ့ ကုန်စိမ်းတွေက နှစ်ရက်၊ သုံးရက်လောက်ဆို ပုပ်ကုန်တာများတော့ မှာလည်းမမှာတော့ဘူး၊ ဒေသထွက်ကလည်း သိပ်မများတော့ ကုန်စိမ်းကို မတင်ဖြစ်တော့ပါဘူး၊ အာလူး၊ ငါးခြောက်၊ ကြက်ဥ စတဲ့ အခြောက်အခြမ်းတွေလောက်ပဲ တင်ဖြစ်တော့တယ်"ဟု ပြောသည်။

လိုင်လင်းပီမြို့သို့ အခြားမြို့များမှ ကုန်စိမ်း သီးနှံများကို သယ်ဆောင်ရောင်းချရာတွင် ယခုနှစ်တွင် အပူချိန်မြင့်မားခြင်းကြောင့် သီးနှံများ ပုပ်သိုးမှုများသဖြင့် မေလလယ်ခန့်မှစ၍ ယနေ့အထိ ကုန်စိမ်းသယ်ယူရောင်းချမှု နည်းသွားခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၅၅၃၃၊ ၂၅၁၈၁၃၄ ၁၀၊ ၈) ယောက်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

မြေကွက်များဈေးကောင်းပေး ဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မည္သူ 01-2339310
01-2339355
01-578044
01-570721

## ဖခင်အမည်မှန်

ပုတာအိုမြို့၊ အလက(မြို့မ)၊ အဌမတန်းမှ မအိန္ဒနွယ်၏ ဖခင်အမည်မှန် ဦးဟဲလီ ဖြစ်ပါသည်။

## မိဘအမည်မှန်

ပုတာအိုမြို့၊ အထက(လေယာဉ်ကွင်း)၊ ပဥ္စမတန်းမှ မောင်မန်ဂျာတန်ဒီးဒီး၏ မိဘအမည်မှန်မှာ ဦးမန်ဂျာတန်ဒီးရမ်နှင့် ဒေါ်အင်တော့ပ်နွန် ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းခမ်းပေါင်း ၁၃/ကမန(နိုင်)၀၉၉၀၃၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၁၄၆၈၄၂**

## ဖခင်အမည်မှန်

မကွေးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မသဲစုမာ၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၈/မကန(နိုင်)၁၁၉၉၄၂ ဖြစ်ပါကြောင်း။ **ဦးတင်ရွှေ**

